# ဗုဒ္ဓရဇာဒီပနီ



ထုဋ်ခေါင်ဆရာတော်၏ မြေး - ဝိပဿနာမဟာဓမ္မကထိက

ဆရာကြီး ဦး မြတ်သိန်း ထွန်း ။

၉ လ၆ ၄

ဦးမြတ်သိန်းထွန်း

ရေး

# ဗုဒ္ဓရဇဒီပနီ

ဒုတိယ အကြိမ်ရိုက်

☆ ☆

ပညာမဉ္ဇူပိဋကတ်စာအုပ်ဆိုင်
၁၇-ရွှေတိဂုံဘုရားကြီးဈေး။
ရန်ကုန်မြို့။

အဘိုး ၁-ကျပ်—၅၀-ပြား။

ဧယာဂီပုံနှိပ်တိုက်၊ ၂၄၅ လွှစ္စလမ်း၊ ရန်ကုန်မြို့။

မာတိကာ　　　　စာမျက်နှာ။


| | |
|---|---|
| ဗုဒ္ဓရာဇာ နိဒါန်း | ၁ |
| ဗုဒ္ဓရာဇာ ဘုရားပင့် | ၃ |
| ဗုဒ္ဓရာဇာ အဓိပ္ပါယ် | ၉ |
| ဗုဒ္ဓရာဇာ သာသနာပြုခြင်း | ၁၅ |
| ကျမ်းပြုဆရာ၏ အသိဉာဏ် | ၁၉ |
| အနတ္တတရားမရ ဘုရားအစစ်မဖူးရ | ၂၃ |
| ဒုစရိုက် ၁၀-ပါး ဘာလဲ | ၂၄ |
| ငရဲကြီးဒါ ဘယ်လိုကြီးသလဲ | ၃၁ |
| သဉ္ဇီဝငရဲမှာခံရဒါဒီလို | ၃၂ |
| ကာလသုတ် ငရဲ ကျရဒါဒီပုံ | ၃၃ |
| သံဃာတငရဲ၌ အမယ်လေးမအောင်နိုင် | ၃၄ |
| ရောရုဝငရဲမှာ ဒုက္ခဖြစ်ထားကြည့်စမ်း၊ | ၃၅ |
| မဟာရောရုဝ ငရဲကျတော့-ကြောက်စရာ | ၃၆ |
| တာပနငရဲအိုးထဲမှာ-လူ့ပြည်ကပါတဲ့ရိက္ခာ | ၃၈ |
| မဟာတာပနငရဲဒုက္ခ | ၃၉ |
| နိုင်ငံကျော်-အဝီစိ-ဘုရားမကယ်နိုင်တဲ့ဒုက္ခသိ | ၄၁ |
| ပွဲသဘင်-ပျော် ရွှင်သမျှ-အဝီစိနယ်-ပဟာသ | ၄၉ |
| သက္ကာယဒိဋ္ဌိကွာတဲ့ယောဂီ-အပါယ်တံခါးပိတ်ပြီ | ၅၀ |
| အသိမြတ်ထားအမှန်-ဝိပဿနာဉာဏ် | ၅၄ |
| ရုပ်နာမ်သိလျှင်-အမျက်ထွက်-ဒိဋ္ဌိအရကျက် | ၆၀ |

ဗုဒ္ဓရာဇာက-လမ်းညွှန်ဒါကြည့်လိုက် ၆၂
ကိုင်း-အနတ္တပေါင်း ၁၀၀-ချမှတွေ့ပြီ ၇၀
အဝတ်အထည်ကြောင့်-သို့မဟုတ် အခက် ၇၃
ဝိပဿနာဉာဏ်ရ-မရ-ဆန်းစစ်ပြီ ၇၅
ဗုဒ္ဓရာဇာဒီပနီရဲ့ ဂုဏ်ကျေးဇူး ၇၈
တဏှာ-နဲ့ ဒိဋ္ဌိ-ရှုပ်လို့ရှင်းပြီ ၈၀
မြို့ကြက်သရေဆောင်-သီရိမာ-သောဘာပန်အလှဆုံး ၈၁
စိတ္တဇနာ-ရဟန်းရဲ့ရောဂါ ၈၄
သီရိမာကို-ကြိုက်လို့-ရူးတဲ့ရဟန်း-ဆုံးမခမ်း-ဥဒါန်း ၉၀
ဗုဒ္ဓရာဇာက-လမ်းပြဒါလိုက်စမ်းပါယောဂီ ၉၅
ဗုဒ္ဓရာဇာက-ကျမ်းပြုဆရာကို-သတိပေးပြီ ၉၉
ဒင်ကျိုးတဝမ်း-မျိုင်းတဝမ်း ၁၀၀
မတန်တဲ့လက်နဲ့-ရွှေခွက်ကိုနိုက် ၁၀၅
ပညာရှိကိုတွေ့ပလား-မှတ်ကျောက်နဲ့တိုက်ပါလား ၁၁၁
အပိုစကားတွေကြွယ်ဒါ-လူမိုက်မှတ် ၁၁၃
လူမိုက်ကာလဲ-လူမိုက်ဂုဏ်နဲ့ ၁၁၄
အန္ဓလက္ခဏာ-နေရာတိုင်းကာမဂုဏ် ၁၁၅
အရိယာလက္ခဏာ-နေရာတိုင်း ဓမ္မာရုံ ၁၁၇
ဝါဒအတွက်-မငြင်းဘဲ မနေနိုင် ၁၁၉
အတ္တ ၃-မျိုး အခုမှရှင်းတယ် ၁၂၀
တယောက်ထဲ သမထအားထုတ်-အရိယာမဖြစ်ဘူး ၁၂၃
သမထအားထုတ်ရာက ဝိပဿနာဉာဏ်အလိုလို
ပေါ်နိုင် ၁၂၄
ငရဲသွားဘို့ခရီးစရိတ်-ဒီလူ့ဘဝက-ရှာကြရတယ် ၁၂၅
ဗုဒ္ဓရာဇာသံပေါက်-ဗုဒ္ဓရာဇာ တေးထပ် ၁၂၇

# နိဒါန်း

## ဗုဒ္ဓရာဇာ၊ ဓမ္မရာဇာ၊ သံဃရာဇာ။

ပုထုဇဉ်သတ္တဝါ ခပ်သိမ်းတို့သည်၊ မိရိုးဖလာမှ တပါး အဆန်းပေါ်လာသည်ကို မြှော်လင့်ကြ၍၊ မြင်ချင်တွေ့ချင်ကြ၍။ (ဗုဒ္ဓရာဇာ) ဘုရားမင်း၊ တနည်း-ဘုရားကိုကြည်ညိုသော-ရှင်ဘုရင်။ မြတ်စွာဘုရား၏ သာသနာတော်သည် လယ်သမား ကိုင်းကျွန်းယာသမားတို့က၊ အားကိုးတောင့်တသော မိုးယံရေကဲ့သို့တည်း။ မိုးယံသည် မှန်တုံများတုံနဲတုံ ရှိသကဲ့သို့၊ မြတ်စွာဘုရား၏ ထားတော်မူဟောတော်မူခဲ့သော တရားတော်တို့သည် မြင့်တုံ နိမ့်တုံ ရှိ၍၊ ရှေးပေါ်ရာကာလကားမှာ- ငှက်ခါးပျံသကဲ့သို့ သာသနာတော်ကို မှတ်သင့်ရာ၍၊ တရံတခါ သာသနာရောင် ထွန်းလင်းပြောင်၍၊ တရံတခါသာသနာနေခြည်ရောင်ကိုအန္ဓပုထုဇဉ်လူကန်းလူမိုက်တို့ ပေါများသောအခါ၌၊ မိုးယံမှောင်သည် နေရောင်ကို ပိတ်ဖုံးကာကွယ်ဘိ သကဲ့သို့၊ နည်းတူမခြားတိရစ္ဆာန် ငှက်ခါးများသည် ပျံသန်းသော လက္ခဏာမှာ၊ အခြားသော ငှက်သတ္တဝါတို့ ပျံသန်း သွားလာပုံ မဟုတ် နိမ့်နိမ့်ပျံလိုက် - မြင့်မြင့်ပျံလိုက် - တညီထဲပျံသွားသော လက္ခဏာမဟုတ် သကဲ့သို့၊ သာသနာတော်ကို နမူနာထားရှေးစကားရှိခဲ့၏။ (ဗုဒ္ဓရာဇာ) ဘယ်သူလဲ ဘယ်ကာလာမလဲ ဘယ်မင်းလဲ၊ ဒီဗုဒ္ဓရာဇာ၏လက္ခဏာကိုအကြားနှဲ့အထင်နဲ့ ပင်မြှော်လင့်လျက်သာသနာတော်(၂၅၀၀)ပြည့်ဘို့ ၃-နှစ် လိုတော့သည်။

ဗုဒ္ဓရာဇာဘာလဲ ရတနာသုံးပါးကို ကြည်ညို လေးစားသော မင်းကျင့်တရား ၁၀-ပါးတို့နှင့် ပြည့်စုံသော ဘုရားလောင်းမင်း လာလိမ့်မယ်၊ တိုင်းပြည်ကိုအုပ်စိုးလိမ့်မယ်လို့ အထင်နှင့်အမျှော်ရိုက်ကြရခြင်းသည် ပုထုဇဉ်သတ္တဝါတို့၏ အားကိုးရာ အားထားရာ မှီခိုရာ ဖြင့်အား ကြီးမားသော ဘွဲ့ထူး ဂုဏ်ထူး ကြီးပေတည်း။ [အရိယာတို့ အဘို့မှာ] အထူးမျှော်လင့်ဘို့မလိုသော်လည်း ပရိယတ်, ပဋိပတ်, ပဋိဝေဓ ဆိုသော သာသနာတော် သုံးပါးလုံး အားပေး တိုက်တွန်းသော ထင်လုံးရှိထားသော (ဗုဒ္ဓရာဇာဘုရင်) အာဏာရှင်အစစ်ကိုဖြစ်ပေါ်လာစေလို၏။ အရိယာတို့က လိုလားသည်ထက် အန္ဓပုထုဇဉ် လူကုန်းလူမိုက်တို့မှာ- အရှင်ကောင်းသခင်ကောင်းဘုရင်ကောင်းကိုမှ မှီခိုရလျှင်(ဝါ-သာသနာတဝက် - မင်းကောင်းတဆက်) ဆိုသော ဗုဒ္ဓရာဇာကိုမှ မဖူးရ အားမကိုးရလျှင် တရားအမှန်ကိုမသိရသဖြင့်၊ ဘုရားအမှန်နှင့်သံဃာအမှန်တို့ကိုဘယ်တော့ခါမှ မတွေ့ရပါဘဲနဲ့ အချိန်ကုန်လျက် ဘဝတပါးသို့ ပြောင်းရွှေ့ကြရကုန်၏။

ဤကားဗုဒ္ဓရာဇာကို မျှော်လင့်တောင့်တ အဖြောင့် ကျအောင် သိမြင်လိုသူတို့အား အသိစခမ်း မပျက်ရအောင် နိဒါန်းအဖြစ်မှ ရေးလိုက်ရသည်၊ ဆက်ဖတ်။

## ဆရာသည် ၇-ရက်စဉ်ဟောတိုင်း ပထမညဥ့်အမြဲဘုရားပင့်လေ့ဖြစ်သော ဗုဒ္ဓရာဇာ ဘုရားပင့်။

ဗောဓိညောင်တော်၊ ပလ္လင်ပေါ်၌၊ ပွင့်သော်ရောင်လျှမ်း။ သုံးလူ့ပန်းဟု ကြိုင်ခင်းရိုင်ငါ၊ ထိုနေ့ရာမှ၊ အနိမိတ္တ၊ စက်မနှင့်၊ စသရိုင်ငြိမ်၊ နန်းရွှေအိမ်၌၊ မနိုင်ငြက်ဟာ ဉာဏ်တော်မှုဝယ်၊ မွေသင်္ကာ၊ အဓိချိလျော်၊ တလ်ငိဘင်း၊ ကိုယ်တော်လင်းခဲ့၊ ခံတွင်းကြာစု၊ နတ်သာဓုဖြင့်၊ ဓါတုကထာ၊ ဒေသနာကို၊ သေချာထုတ်ပြ၊ ပုဂ္ဂလဟု၊ ဗုဒ္ဓမြွက်ခါ ထိုးထွင်းရှာလျက် ကထာဝတ္ထု၊ ကြည်ညိုမှုဖြင့်၊ ကျွတ်ဆုဆယ်ကျမ်း၊ ယမိုက်ပန်းကို။

အဆန်းတကျယ်၊ ပဌာန်းသွယ်၍၊ ခက်ဘွယ်နက်လှ၊ ဂမ္ဘီရဟု၊ နိပုဏာမှန်၊ ဒုဒ္ဒသံကို။ မဂ္ဂမံမြတ်၊ ကျင့်သုံးသတ်မှ ထွက်လျှပ်တင့်တယ်၊ ရောင်ခြောက်သွယ်တို့၊ လယ်ခါမြဲစပ်၊ ကိုယ်တော်မြတ်၌ ရောင့်ထပ်ဝင်းဝါ၊ ညိုရွှေပြာလျက်၊ နီလာထိန်တောက်၊ စိန်ရွှေကျောက်သို့၊ ထက်အောက်ငဲယာ၊ စုံဆန်ခါဖြင့်၊ မြင့်စွာပြန့်တက်၊ မြိုးမြိုးပျက်မျှ၊ တခဲနက်သာ။

တခဲနက်သာ၊ ခွဲထွက်ဖြာ၍၊ သောကြာကြယ်ဝင်း၊ ဘိုးယမင်းနွယ်၊ ပြူလင်းဘော်ငွေ၊ ကျက်သရေနှင့်၊ တက်နေမြသား၊ ဥဒယဖယားဟု၊ ကြွားကြွားဝင့်ဝင့်၊ မိုးစင်တိမ်လွှင့်သို့၊ ပင်မြင့်ကြဌာန်း၊ ပလ္လင်နန်း၌၊ ပျံ့သန်းတက်လို၊ ဘဝဂ်

ဆိုမှု၊ကြာညို၊ကြာရင့်၊ မိုးရောင်ဆင့်လျက်၊ တိမ်ရင့်တိမ်နိုး၊ တိမ်ရောင်ထိုးလျက်၊တိမ်မိုယ်းဖွဲ့ပုံ။

တိမ်မိုယ်းဖွဲ့ပုံ၊ကိုးတန်ဂုဏ်နှင့်၊ ရောင်ပုံစွင့်စွင့်၊ အောင်နန်းမြင့်ဝယ်၊ အောင်ကြောင်းသွယ်၍၊ အောင်ဘွယ်အောင်ဟိတ်၊ အောင်နိမိတ်နှင့်၊ အောင်ဘိသိက်တက်၊ အောင်ကနက်မို့၊အောင်ချက်ထီးဖြူ၊အောင်ပန်းယူလျက်၊အောင်သူဇိန၊ ဘွဲ့တော်စ၍၊ ဘုရားရောင်ထိန်၊ ဂုဏ်တော်ရှိန်ကို၊ ဦးနှိမ်ဝန်ချ ဘုရားတပည့်တော် မေ့ဘာထိဘာ၏။

သိီသဥကျောင်း၊ကြွသာကြောင်းမို့၊ ညွတ်ပြောင်းပူဇော်မူးမြော်ပါ၏။

သိီသဥကျောင်း၊ ကြွသာကြောင်းမို့၊ ညွတ်ပြောင်းမြတ်နိုး၊ ရှိခိုးပါ၏။

သိီသဥကျောင်း၊ ကြွလာကြောင်းမို့၊ ညွတ်ပြောင်းမာန်လျော့ ရိုသေစွာကန်တော့သိုက်ပါ၏၊ကိုယ်တော်မြတ်ကြီးဘုရား။

.....:ဝ:.....

ရောင်ခြည်တော် ၆-ပါး ၈-လုံးဘွဲ့ ၈-ပိုဒ်။

၁။ နီလ-အညိုရောင်

အောက်မဲညို၊ပွင့်ခိုသင့်ညိုရောင်၊
တိမ်ရောင်တိမ်နိုး၊ မြွေမိုယ်းညိုရောင်၊
ပုလဲကုန်းနှင့်၊ ဂုံလုံးညိုရောင်၊

ထူးလှဦးချ၊ ဖူးကြွညို့ရောင်၊
ဆံတော်ချက်လုံး၊ မျက်ခုံးညို့ရောင်၊
ဥဏ္ဏာလုံဓါတ်၊ မွေးမြတ်ညို့ရောင်၊
နေ့ညဉ့်မပြတ်၊ ထွက်လျှပ်ညို့ရောင်၊
ဘုန်းတော်တင့်၊ တဆင့် ကိုယ်တော်ရောင်။ ။

## ၂။ ပီတ-ရွှေရောင်

နေမင်းထွက်စ၊ တက်ကြွရွှေရောင်။
တိမ်ရောင်တိမ်ပန်း၊ ဆေးဒန်းရွှေရောင်၊
ဇမ္ဗူသိင်္ဂနိပ်၊ လျှံမြတ်ရွှေရောင်၊
ထူးလှဦးချ၊ ဖူးကြွရွှေရောင်၊
ကိုယ်ရေတော်မှ ရွှရွှရွှေရောင်၊
မျက်နှာတော်မှ၊ ကြွကြွရွှေရောင်၊
နေ့ညဉ့်မပြတ်၊ ထွက်လျှပ်ရွှေရောင်၊
ဘုန်းတော်တင့်၊ တဆင့်ကိုယ်တော်ရောင်။ ။

## ၃။ လောဟိတ-အနီရောင်

ပတ္တမြားကျောက်၊ လွှန်းတောက်နီရောင်၊
မီးကျီးမီးရဲ၊ တိမ်ခဲနီရောင်၊
ပန်းနီဆေးဝါး၊ ကြေးပြားနီရောင်၊
ထူးလှဦးချ၊ ဖူးကြွနီရောင်၊
ခြေလက်သည်းဆန်း၊ နှုတ်ခမ်းနီရောင်၊
နှလုံးတော်ကင်၊ သွေးဓါတ်နီရောင်၊

ဗုဒ္ဓရာဇာ ဘုရားပင့်

နေ့ညဉ့်မပြတ်၊ ထွက်လျှပ်နီရောင်၊
ဘုန်းတော်တင့်၊ တဆင့်ကိုယ်တော်ရောင်။

## ၄။ ဩဒါတ-အဖြူရောင်

ဘိုးရွှေလမင်း၊ ကြယ်ဝင်းဖြူရောင်၊
ခရုသင်းနှင့်၊ ကျောက်လင်းဖြူရောင်၊
ဘော်သား ငွေသား၊ ပိန်းသားဖြူရောင်၊
ထူးလှဦးချ၊ ဖူးကြဖြူရောင်၊
သွားစွယ်တော်မြတ်၊ ရိုးဒါတ်ဖြူရောင်၊
ဆံတော်ဓါတ်ဆုံး၊ မျက်လုံးဖြူရောင်၊
နေ့ညဉ့်မပြတ်၊ ထွက်လျှပ်ဖြူရောင်၊
ဘုန်းတော်တင့်၊ တဆင့်ကိုယ်တော်ရောင်။

## ၅။ မဉ္ဇိဋ္ဌ-ညိုမှိုင်းရောင်

နက်ပြာညိုစပ်၊ မိမ်းထပ်မောင်းရောင်၊
ရေနံ့ဘိမ်ဒုံး၊ ရွှေရိုယ်းမောင်းရောင်၊
ကြာပုဏ္ဏရိပ်၊ မြဖိတ်မောင်းရောင်၊
ထူးလှဦးချ၊ ဖူးကြမောင်းရောင်၊
သင်းကျစ်တော်မှ၊ မြန်းကြွမောင်းရောင်၊
ကိုယ်လုံးတော်သန့်၊ ပုံ့နှံ့မောင်းရောင်၊
နေ့ညဉ့်မပြတ်၊ ထွက်လျှပ်မောင်းရောင်၊
ဘုန်းတော်တင့်၊ တဆင့်ကိုယ်တော်ရောင်။

## ၆။ ပဘာဝဿရ-ရောင်စုံ

ညို့ရွှေနီစင်း၊ဖြူလင်းလက်ရောင်၊
စိမ်းဝါဖန်လက်၊ တခဲနက်ရောင်၊
ရောင်ပုံပေါင်းယှက်၊ ပြိုးပျက်မှည့်ရောင်၊
ထူးလှဦးချ၊ ဖူးကြွရွှေရောင်၊
ဆံတော်ဖျားမှ၊ ခြေဖျားဆုံးရောင်၊
ခြေတော်ဖျားမှ၊ ဆံဖျားဆုံးရောင်၊
နေ့ညဥ့်မပြတ်၊ ထွက်လျှပ်စုံရောင်၊
သုန်းတော်တင့်၊ တဆင့်ကိုယ်တော်ရောင်။ ။

......း၀း......

# ဥတ္တမ ရတနာ အစစ်

## ဗုဒ္ဓရာဇာ့ခေတ်သစ်

ဆရာကောင်း ဆရာစစ် သပ္ပုရိသကို ရှာကြပါအုံး။ တရားကောင်း တရားစစ် ဓမ္မ အစစ်ကို ရှာဘို့ အချိန် ရောက်ပြီ၊ ဘုရားမျက်နှာ ဘာသာမျက်နှာ ထောက်ပြီး ရောက်လာခန လူဖြစ်ခိုက်မှာတရားထူးဝိပဿနာအမြန် ရှာကြပါတော့။

နမော တဿ ဘဂဝတော အရဟတော

သမ္မာ သမ္ဗုဒ္ဓဿ။

၁။ ဗုဒ္ဓရာဇာ-ဘုရားကို အမှီပြု၍ အုပ်စိုးတဲ့မင်း။
၂။ ဗုဒ္ဓရာဇာ-ဘုရားကို အလွန်အလေးပြုတဲ့မင်း။
၃။ ဗုဒ္ဓရာဇာ-သစ္စာလေးပါး အမှန်တရားကို သိတဲ့မင်း။
၄။ ဗုဒ္ဓရာဇာ-ပြည်သူတို့အား တရားအစစ်ကို ဟောပြတတ်တဲ့မင်း။
၅။ ဗုဒ္ဓရာဇာ-ဓမ္မစက်နဲ့ အာဏာစက် ၂-ဘက်တွဲသောမင်း။
၆။ ဗုဒ္ဓရာဇာ-သီလသမာဓိပညာသိက္ခာသုံးပါးရှိတဲ့မင်း
၇။ ဗုဒ္ဓရာဇာ-အရိယာသောတာပန်မင်း။

---

၁။ ဓမ္မရာဇာ-အနတ္တတရားအစစ်သိပိုင်တဲ့မင်း။
၂။ ဓမ္မရာဇာ-ဓမ္မသတ် ရာဇသတ် ၂-ဥပဒေညီတဲ့မင်း။
၃။ ဓမ္မရာဇာ-တရားအမှန်ကိုသာ လိုလားသော မင်း။
၄။ ဓမ္မရာဇာ-တပြည်လုံးတို့အား တရားအမှန်ကို ပေးတတ်သောမင်း။
၅။ ဓမ္မရာဇာ—လောက ဓမ္မ ၂-ဌာနချီးမွမ်းခံထိုက်သောမင်း။

၆။ ဓမ္မရာဇာ—ဓမ္မစကြာ သမ္မာဒိဋ္ဌိ ဝိပဿနာ ဉာဏ်ကို ရတဲ့မင်း။

၇။ ဓမ္မရာဇာ-ပိဋကတ် ဥပဒေကို ကိုယ်တိုင် သိတဲ့မင်း။

---

၁။ သံဃရာဇာ-သံဃာ အပေါင်းတို့၏မင်း- ဘုရားကို ကောက်။

၂။ သံဃရာဇာ-သံဃာတို့ကိုအလေးပြုသော ဘုရင်မင်း။

၃။ သံဃရာဇာ- သမုတိသံဃာ တို့၏ မင်းအရိယာ။

၄။ သံဃရာဇာ-သမုတိသံဃာ အရိယာ ၃- ယောက် တို့၏မင်း ရဟန္တာ။

၅။ သံဃရာဇာ- ဒိဋ္ဌိ စသော ကိလေသာကို သတ်ဖြတ် နိုင်သော ဝိဇ္ဇာဉာဏ်မင်း။

၆။ သံဃရာဇာ-ဓိဇာဓာတိ၊ ဝိမုတ္တိရသ၊ ပဋ္ဌိမဘာဝိက အရှင်ဘုရင်။

၇။ သံဃရာဇာ-ရဟန်း သံဃာတို့၏ - အကြီး အမှူး သာသနာ့ပိုင်ဆရာတော်။

---

## ဗုဒ္ဓ ၄-မျိုး။

၁။ သုတဗုဒ္ဓ-ပိဋကတ် စာပေ သင်ဘူး ကြားဘူးသော ဘုရား။

၂။ သာဝကဗုဒ္ဓ-သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ အရိယာဘုရား။

၃။ ပစ္စေကဗုဒ္ဓ-သာသနာပအခါ၌ တကိုယ်ထည်း ဖြစ်
သော ဘုရား။
၄။ သမ္မာသမ္ဗုဒ္ဓ-ကိုယ်တိုင်ကိုယ်ပိုင်တရားမျိုးစုံသိတော်
မူသော ဘုရားကြီး။

---

၁။ သုတဗုဒ္ဓ-သစ္စာလေးပါးကို သင်ကြားဘူးသူ။
၂။ သာဝကဗုဒ္ဓ-သစ္စာလေးပါးအသိဉာဏ်ကိုတပည့်ခံ၍
ပိုင်ပိုင်သိသူ။
၃။ ပစ္စေကဗုဒ္ဓ-သစ္စာလေးပါးကို မိမိတကိုယ်ထည်းသာ
သိသူ။
၄။ သမ္မာသမ္ဗုဒ္ဓ-သစ္စာလေးပါးကို- ကိုယ်တိုင်လဲဘဲ သိ
အများကိုလဲ ဟောနိုင်သူ။
၁။ ဗုဒ္ဓ-ဘုရား။
၂။ ဗုဒ္ဓ-သစ္စာလေးပါးကို သိမြင်သူ။
၃။ ဗုဒ္ဓ-သစ္စာလေးပါးကို ဆရာမရှိဘဲသိမြင်သူ။
၄။ ဗုဒ္ဓ-သစ္စာလေးပါးကို ဆရာ့ထံ၌ တပည့် ခံယူ၍
သိမြင်သူ။
၅။ ဗုဒ္ဓ-တကိုယ်ထည်းသာသစ္စာလေးပါးကို သိမြင်သူ။
၆။ ဗုဒ္ဓ-သစ္စာလေးပါးကို စာသဲ၌ သင်ဘူး ကြားဘူးလို့
သိမြင်သူ။
၇။ ဗုဒ္ဓ—အသိဉာဏ်။
၈။ ဗုဒ္ဓ-ခန္ဓာငါးပါး၌ တည်ရှိ နေသော သဗ္ဗညုတ-
ဉာဏ်တော်ရှင်။

၉။ ဗုဒ္ဓ-ခန္ဓာ၃နှင့်တကွ ညဏ်တော်ပါ ခေါ်ဆိုနိုင်သော ကျေးဇူးရှင်။
၁၀။ ဗုဒ္ဓ-ခပ်သိမ်းသော တရားအပေါင်းတို့တည်ရာ ခန္ဓာကိုယ်နှင့်ဘကွ ဘုရား။
၁၁။ ဥဒ္ဒိဿစေတီ-ဗုဒ္ဓရုပ်ပွားတော် ကိုယ်စား ဘုရား။
၁၂။ ပရိဘောဂစေတီ-ဗုဒ္ဓသက်နိုးစသောအသုံးအဆောင် ဘုရား။
၁၃။ ဓမ္မစေတီ-ဗုဒ္ဓ ပိဋကတ်သုံးပုံဘုရား။
၁၄။ ဓါတုစေတီ-ဗုဒ္ဓ ဆံတော်စသော ဓါတ်တော်ဘုရား။

## သာသနာတဝက်-မင်းကောင်းတဆက်။

သာသနာတော်နှစ်ပေါင်း(၅၀၀၀)ဟူ၍အရိယာခေတ်အနဲဆုံးသတ်မှတ်၍ ကျမ်းဂန်၌ပြထားသည်၊ ယခုသာသနာတော်နှစ် ၂၅၀၀-ပြည့်ဘို့ ၃-နှစ်လိုသေး၏၊ နောင် ၃-နှစ်ကြာလျှင် ၂၅၀၀-ပြည့်သောနှစ်ဖြစ်၏၊ ထိုအခါ သာသနာတော်နှစ်- တဝက်ဖြစ်၏။ ဒီအခါမှာ-ဒီနှစ်မှာ-ဒီနှစ်သမယအခါကာလကျလျှင် မင်းကောင်း မင်းမြတ်ပေါ်ထွက်ရမည်လို့-ရှေးပညာရှိများ= သိုက်စကား သမိုင်း စကား အရ(ဗုဒ္ဓရာဇာ)ခေါ် သာသနာပြုမင်းတဆက် ခေတ်သို့ ရောက်ရမည်ဟု၊အားကိုးရာ အားရှိစရာကိုမြှော်လင့်၍( သာသနာတဝက်-မင်းကောင်းတဆက် ) ဟူ၍ ပြောဆို ရေးသား၍

ရှေးစကားအရ ခေါ် ဆိုသော - ပညတ် စကားကြီးတခု ဖြစ်သည်၊

## ထင်မှုနဲ့ အချိန်ကုန်ကြရမည်ကို သတိပြု။

ထင်သလောက်၊ ပြောသလောက်၊ မျှော်လင့်သလောက် အားကိုးသလောက်၊ ဗုဒ္ဓရာဇာဟာ-သူဘဲ၊ငါဘဲ၊ ဘယ်နေ့ သွားဘဲ။ ဘာလူမျိုးဘဲ၊ ဘယ်အရပ်ကလာမှာဘဲ၊ ရှင်ဘဲ လူဘဲ၊ ရဟန်းဘဲ၊ ရသေ့ဘဲ။ ဇော်ဂျီဝိဇ္ဇာဘဲ၊ ဘိုးသူတော် အဖြူဝတ်ဘဲ၊ သစ်ခေါက်ဆိုးအနီဝတ်ဘဲ၊ အင်္ကျီနီလုံချည်နီ၊ ဦးထုပ်ခေါင်းပေါင်းနီ၊ လက်ကိုင်ဒုတ် အနီဘဲလို့ ပုထုဇဉ် တို့၏စိတ်ထင်ရာ(ထင်တလုံး)အရိယာတို့၏ဉာဏ်အမြင်မှာ ပြုံးလောက်သော(ဗုဒ္ဓရာဇာ)နဲ့ စကြာဝဠာကွာသည်မှတ်၊ ယုဇနာများစွာဝေးပြီလို့မှတ် ဘာလဲဗုဒ္ဓရာဇာဆိုဒါ တရား စစ်တရားအမှန်တို့ကိုဟောပြဆုံးမနိုင်သောလူရှင်အပေါင်း အဖွဲ့ကြီးကို ဗုဒ္ဓရာဇာဟူ၍ - ပုတ်ပြတ် မှတ်လိုက်၊ ငါ= တယောက်ထဲမထင်နဲ့ မဟုတ်ဘူး။

## ဝါဒမျိုးစုံ - ဘာသာမျိုးစုံ - အယူမျိုးစုံ။

မြတ်စွာဘုရား၏၊ ဝါ-တရားတော်ခမ္မစက် သာသနာ၏ ပျံ့နှံ့ရာဒေသ အလုံးစုံသောဌာန ဟူသမျှတို့၌ အယူအဆ သူကအမှန် ကေန် ဟုတ်သာက၊ ငါ့အသိငါ့အယူ၊ ငါ့လူနဲ့ ငါ့ဝါဒ၊ ပုထုဇဉ်လူမိုက် အန္ဓဗာလတို့၏ အယူမိစ္ဆာတို့ကို ချိုးပဲ့ဖျက်ဆီး သုတ်သင်ရှင်းလင်းနိုင်သော၊ အယူမှန် သမ္မာ

ဒိဋ္ဌိဝါဒ၊ တနည်း-မဂ္ဂင်ဝါဒ၊ တနည်း-သီလ-သမာဓိပညာဝါဒ၊ တနည်း-ပိဋကတ်တော် စည်းမျဉ်းတကျ မှုမှန်ဝါဒ။ တနည်း-သောတာပန်စသော အရိယာတို့၏ဝါဒ၊တနည်း-အတ္တဒိဋ္ဌိခေါ် (ငါပိုင်ငါဆိုင်ငါနိုင်) ဆိုသောငါအယူဆိုးနဲ့ မြန်မာလူမျိုး၊ ဘာလူမျိုးမဆို - လူမျိုးကို ပမာနမထားဘဲ (အနတ္တလက္ခဏာ စစ်စစ် အရိယာ ဖြစ်နိုင်သော တရားကောင်းကိုဟောပြနိုင်သော အယူမှန်ကို၊ ရှင်တိုင်းလူတိုင်း မြို့ရွာတိုင်းတို့၌ ပိဋကသာသနာတရားတော်ကိုလေ့လာပွဲများ အားထုတ်ကြသော အဖွဲ့ပေါင်းစုံတို့ကို—

ဗုဒ္ဓရာဇာဟူ၍ မှတ်လိုက်။
ပိဋကတ္တိယုဂ ခေတ်သစ်မှတ်လိုက်။
ရဟန္တာတွေပေါ်များသော ခေတ်မှတ်လိုက်။
အရိယာပုဂ္ဂိုလ်တွေကို ဗုဒ္ဓရာဇာတွေဟူ၍မှတ်။

တရားအစစ် ရသျှင် (ကိုယ့်မင်း ကိုယ့်ချင်း) ဆိုသည့်အတိုင်း၊ကိုယ့်အိမ်မှာ-ကိုယ်မင်း၊ကိုယ့်ရွာမှာ ကိုယ်ဘဲမင်း၊ ကိုယ့်မြို့မှာ-ကိုယ်ဘဲ ဗုဒ္ဓရာဇာမှတ်လိုက်။(ဗိုလ်မလုပ်ချင်နဲ့ တယောက်ထဲမထင်နဲ့)

သာသနာပြုမင်းဆိုဒါတယောက်ထဲမဟုတ်ဘူး ယောဂီ၊ သူများပြောတိုင်းမယုံနဲ့ သေရက်ကိုနီးပြီ၊ သေရမယ် သေနေတယ်၊ သေခဲ့ဒါလဲများလှပြီ။ အလိမ်အညာအဝါအချပ် မခံကြနဲ့တော့ ရှေးကလို ပြောတိုင်း ညာတိုင်း ယုံကြတဲ့

ခေတ်မဟုတ်တော့ဘူး၊ ဘာ့ကြောင့် - သမ္မာဒိဋ္ဌိ ဉာဏ်ကို ရတဲ့ ဗုဒ္ဓရာဇာခေတ်သစ်ဟု မှတ်ကြတိုင်းပြည်တို့-

အနတ္တာဝိဇ္ဇာထက် ဘာင်ဇ္ဇာကမှ ဗိုလ်မဟုတ်ဘူး၊တရား အစစ်အမှန် အနတ္တာဉာဏ်ကိုမှ မသိမရခဲ့လျှင် ဘယ်သူမှ ဗုဒ္ဓရာဇာမဟုတ်မှတ် ပုန်ပြတ်။ ဝိပဿနာ ပညာစခမ်းကို နှမ်းစေ့ခန့်မျှမသိမမြင်ပါဘဲနဲ့၊ သီလတကယ်မလုံခြုံဘဲနဲ့၊ သမာဓိစိတ်ကောင်းတကယ်မရှိဘဲနဲ့၊အရိယာဖြစ်တဲ့ပညာ စစ်စစ်မရှိပါဘဲနဲ့၊ သာသနာပြုမင်း အရှင်းဟုတ် ဗုဒ္ဓ၏ အဓိပ္ပါယ်ရာဇာရဲ့ အရည်အချင်း ၁၂ ချက်ကို အရှင်း မသိ အရှင်းနားမလယ် ပြောင်ရဲဘဲနဲ့ ဗုဒ္ဓရာဇာ ထုင်ချင်ပေမဲ့ မနိုးစပ်ပါဘူးယောဂီ၊ သင်္ဂာလေးပါးကို ပိုင်ပိုင်သိပြီးလျှင် ဝါ-အရိယာဖြစ်သောသူဟာ ဗုဒ္ဓရာဇာမှတ်၊ ဓမ္မရာဇာမှတ်၊ သံဃာရာဇာမှတ်ပါ-ခက်တယ်။

---

## ဗုဒ္ဓရာဇာနှင့်သာသနာပြုမင်း။

ဗုဒ္ဓရာဇာဆိုဒါသာသနာတဝက်ကျော်လျှင်တရားအမှန် ဝါဒအမှန်နဲ့တိုင်းပြည်ကိုအုပ်စိုးနိုင်သောအရိယာ အဖွဲ့ကြီး ကိုခေါ်သည်မှတ်။ သာသနာပြုမင်းဆိုဒါကပုထုဇဉ် အဖြစ် နှင့်ဖြစ်စေ၊အရိယာဉာဏ်ကို ရပြီးမှဖြစ်စေ၊သာသနာတော် ကိုကြည်ညိုသလောက်ထောက်ပံ့နိုင်သည်၊ ပြုစုနိုင်သည်၊ ပရိယတ်ကို အားပေးနိုင်သည်၊ ပဋိပတ်ကို တိုက်တွန်းနိုင် သည်၊ ပုထုဇဉ် သာသနာပြုမင်းကား - သူ့ထင်ရာကိုသာ သူတိုက်တွန်း အားပေးလေ့ ရှိတယ်မှတ်လေ။

သူကြိုက်ထားသူလုပ်ထား ပုထုဇဉ်သာသနာပြုမင်း မှတ်၊ ကိုယ့်လိုပတ် ကိုယ်ဆွဲဒါ ပုထုဇဉ် သာသနာပြုမင်း မှတ်။ ပုထုဇဉ် သာသနာပြုမင်းကား- သာသနာ သုံးပါးကို ထိရောက်အောင် အားပေးခြင်းငှါ မစွမ်းနိုင်မှတ်၊ ကြပ်ကြပ် စဉ်းစားကြ၊

## အရိယာ သာသနာပြုမင်းကိုသာ ဗုဒ္ဓရာဇာဟူ၍မှတ်ကြ။

မြတ်စွာဘုရားသည်၊ နိဗ္ဗာန်ကို မျက်မှောက် ပြုစေဘို့ ဟောပြသော ဆုံးမသော ဩဝါဒဒေသနာတော်တို့ အမှန်ဖြစ်သည်။ ဝိမုတ္တိရသခေါ် အရဟတ္တဖိုလ် တနည်း-ဓာတိ လွတ်သော ဉာဏ်ကို ရသူ၊ ထိုကဲ့သို့ ပဋိမဘာဝိက ခန္ဓာ ချုပ်ဆုံးဘဝတုံးဘို့ကိုရည်ရွယ်၍ ဟောကြားတော်မူသော တရားတော်တို့ပေတည်း။ကြပ်ကြပ်တိုင်ပင် မြတ်စွာဘုရား (၄၅) ဝါ ကာလပတ်လုံး လူနတ်ပြဟ္မာသတ္တဝါ ဗိုလ်ခြေများဝေနေဘို့ကို (တရားရေ—တရားရေ- တရားရေ) အမြိုက်ဆေးဖြင့် တိုက်ကျွေး၍ နိဗ္ဗာန်ကမ်းထက်သို့ တက်စေတော်မူသော နိဗ္ဗာန်ရပြီးသူပေါင်းမှာ ဘုရားရှင် တဆူ တဆူ၌ ကျမ်းဂန် ဥပဒေအရ၊ ၂၄-သင်္ချေနှင့် ကုဋေ ၆၀ ဗိုလ်ခြေတသိန်း အကျွတ်တရား ရမယ်-ရဘို့ရစေခြင်းငှါ သာသနာ (၅၀၀၀)နှစ်အရေအတွက်ခန့်မှန်း၍ ထားတော်မူသည်မှတ်။အကျွတ်တရားကိုရတယ်ဆိုဒါဘယ်သာသနာ ထိရောက်မှ အကျွတ်တရားကိုရဘယ်ခေါ် မှာလဲ (ကိုယ့်ဘို့

သတိပြု) သူများအတွက်ကိုလဲသနား ခြားနား၍တိုင်ပင်ကြ သေရက်နိုးပြီ။

၁။ ပရိယတ္တိသာသနာတရပ်နဲ့အကျွတ်တရားရမလား။
၂။ ပဋိပတ္တိသာသနာတရပ်နဲ့ မဂ်ဖိုလ်မရသေး။
၃။ ပဋိဝေဓ သာသနာ ထိရောက်မှ ကိစ္စပြီးမယ်မှတ်။

တဆဲ့တပါးသောမီး၊တနည်း-လောဘ၊ဒေါသ၊ မောဟ မီး၊ တနည်း-တဏှာမာနဒိဋ္ဌိမီး၊ ဒီမီးတွေကို ငြိမ်းအောင် အုပ်စိုးနိုင်သော မင်းတွေကို ဗုဒ္ဓရာဇာမှတ်၊ သို့မဟုတ်က အနတ္တကို လက်ကိုင်ဆုပ်ပါ၊ အိမ်ပူကျောင်းပူ အတွက် ဝိပဿနာလက်နက် ရေစည် မပက်မဖြန်း နိုင်သော ရှင်ရှင် လူလူကို ဗုဒ္ဓရာဇာ မဆိုနဲ့ မထင်နဲ့ ( မိမိ၏ ရင်တွင်းပူကို ) ငြိမ်းအောင် မသတ်နိုင်ပါဘဲ၊ သူများကို နှုတ်ပါးစပ်က ဟောပြောသမျှ အပူခါတ်တွေ ကူးစက် ပြန့်ပွားရမည် မှတ်လေ၊ ခုတွေး—မိမိက သက္ကာယဒိဋ္ဌိမီး အရှင်း မပယ် မသတ်နိုင်ပါဘဲနဲ့ ရေးထုတ်သမျှ ကျမ်းဂန်တို့၌ကျမ်းဂန် ဥပဒေအရရေးသားတတ်သော်လဲစာအုပ်ကို ကြည့်တတ်သူ တို့မှာ ရင်တွင်းပူငြိမ်းဘို့ သက်သာခွင့်ရဘို့ခက်သည်။

## ဗုဒ္ဓရာဇာဖြစ်လိုက ဗုဒ္ဓရာဇာဒီပနီကို ဘတ်ပါ။

အိမ်ခေါင်က မီးမလိုလျှင် အိမ်တလုံးပြန့်နှံ့၍နေစရာ မရှိ၊ ကောင်းကောင်းနေဘို့ရာမမြင် သိခဲလှ၏၊ တရားဟော

ပဋိလုံက ဒေါသရှိသော် လောဘများ၍ ပစ္စည်းရလိုသော် တိုက်တာချေရုံပေါ်များတို့ ပြိုင်ဆိုင်လိုသော် မောဟများ၍ လောကီ ပကာသန ဂုဏ်ကို လိုခဲ့သော် ဟောတဲ့တရား အတွက်၊ မိမိသည်ပင် ရင်တွင်းပူဆပ်၍ သာလွန်၍ပူရမယ် ဒိဇပူလက်ရှိနဲ့ဘဲ ချွဲဆို၍သေရမယ် ပုဒ်ပြတ်မှတ်။

သောတာပန်စသော အရိယာမှ မဖြစ်ရလျှင် အပါယ် မကျဘူးလို့ စိတ်မချနဲ့ ယောဂီ၊ ဗုဒ္ဓရာဇာမင်း လာတို့ကို မျှော်တော် စောင့်သလား၊ နေရက် နဲ့ သေရက် နေတိုး- ငွေတိုး-သေတိုးသတိထား ဘယ်သူကဘဲဘာကြီး တွေ့နဲ့ဘဲ ချောက်ချောက်၊ မြောက်မြောက် အနတ္တဉာဏ်ကိုထိရောက် ဘို့ ဆရာကောင်းကို၊အမြန်ရှာပါ၊ ယခု မျှော်တော်ဇောနဲ့ မောပြီး ငေးနေရသော ဗုဒ္ဓရာဇာ မင်းကို ဖယ်ထားပါ၊ ဂေါတမ မြတ်စွာဘုရား ရှိစဉ်ကပင် ငါ့ဘုရားကို ကြည်ညို ဦးတင် ဖူးမျှော်မြင် ငါ့ရှင်ဝက္ကလိ အချက်မသိလို့ မိန့်တော် မူချက်ကိုသတိပြုပြီး၊ အနတ္တလက္ခဏာကို သိဘို့ကြိုးစား။

**(အထူးသတိပြုဘက်)**

စာထဲရေးရဒါ ကိုယ်ဘိုင် မျက်နှာချင်း ဆိုင်၍ ပြောရ ဒါလို အားမရ ပါကလား စာဘတ်သူရယ် ဆရာမသောခင် မှာခဲ့မယ် ယောဂီတို့၊ ကိုယ့်ဘို့ ကိုယ်လုကြ ယခုဘဝမှာ သာသနာတွင်းမှာရခဲ့သော လူ့ဘဝ ဘ္ဘာခဲ့သောသဒ္ဓမ္မတို့နှင့် တွေ့ကြုံကြားနာနေရ ဘာဘ်ရပါလျှက် ဝိပဿနာ ဉာဏ်ကို အကယ်အမိုင်ရပါက သဏ္ဍာယဒိဋ္ဌိကွာချိုးမှန်လျှင်(အရိယါ ဉာဏ်ကျပ်ပြည့် အနတ္တကိုသိမြင်ခဲ့သော်) တရား အစစ်ကို

တွေ့မြင်ရလျှင် ဘုရားအစစ်ကိုပင် ဖူးတွေ့ရ မြင်ရ၏မှတ်။ မိမိ၏ခန္ဓာသွေးပုပ် အကြောင်းကို သိပိုင်လျှင် ဂုဏ်တော် ၇၃ ဖြစ်တော် မူသော-မြတ်စွာဘုရား၏ ကျေးဇူး တွေကို မမေ့သည့်အပြင်—

ဈာမိနော ပုတိကာယေန ဒိဋ္ဌေန ကိံ တေ ဝက္ကလိ။

ဥပဒေတော်အရှိ သိပြီးမြင်ပြီးဘုရားအစစ်အထိသဘော ပေါက်ပြီးဖြစ်သဖြင့်၊ ဗုဒ္ဓရာဇာသို ဒါဘာလဲ ဘာဘာလိမ့် စသည်ဖြင့်—အနတ္တဉာဏ်ကို ရပြီးသော အရိယာ တို့က ဝေဘန်ပြီးပြီ ပုန်ပြတ်မှတ်။

အားကိုးရှိမှ အားပြည့်တယ်။ မျှော်လင့်ချက်ရှိလို့ အပင် ပန်းခံနိုင်တယ်။ ဆင့်ကိုပြလို့ ကြံတောင်း- ငှက်ပြောသီး တောင်းရတယ်၊ နိဗ္ဗာန်ကိုအားကိုးပြု၍ ငရဲခမ်းကို ဖွင့်ကြ ရမယ်၊ ရေဇကို သောက်ဖိမ့်ငှါ ရင်တွင်းပူကို သိကြ ရမယ်။ ပဋိဝေဓ သာသနာကို ထိစေဘို့ ပရိယတ် အခြေခံ ရမယ်၊ ဘာဝနာကို ရောက်ဘို့ ဒါနကစ၍ ဟောရမယ်၊ ပညာစခမ်းကိုသိပိုင်ဘို့ သီလကို စောင့်ရှောက်ကြရတယ်၊ အနတ္တကိုပေါက်ရောက်စေဘို့ အနိစ္စက စကြတော့ ယောဂီ တို့၊ ဗုဒ္ဓရာဇာကို မျှော်လင့်၍ ဝိပဿနာ ဉာဏ်က စကြ ပေတော့။

## ဆရာ၏အသိဉာဏ်

ဆရာသည်၊ လေးနှစ်သားအရွယ်ကပင်
သေချင်တယ်-သေချင်တယ်လို့ငြီးတယ် တချက်၊

## ဘုရားတွေ့ချင်တယ်-ဘုရားမြင်ချင်တယ်လို့ ကြိုးတယ်ချက်၊

မိဘများက ပြောလို့ သိရ၏။ ၇-နှစ် သားလောက် ကျတော့ ကိုယ့်အသိဉာဏ် ကိုယ်နှုတ်ပါးစပ်က ထွက်တဲ့ စကား ၂ ချက်ကိုကိုယ်တိုင်သိ၏၊ကျမ်းရေးတိုင်း သေဘေး သိ၏။ မရေးခင်လဲသိ၏၊ ၄-နှစ်သားကထဲက သေဘေးကို မြင်သည့်မှတ်၊ ကျမ်းစာအုပ်တိုင်းမှာဘဲ ( သေဘေး မမြင် နေရေး ရွှင် ) ဆိုသော-သံဝေ လက်ာပါသည်၊ ဘုရား ရှင်ကို တွေ့ချင်မြင်ချင်၏၊ သက်တော်ထင်ရှားဘုရားကိုသာ တွေ့လို့၊သို့မဟုတ်-နဲနဲမျှမကြွေနပ်ဘူး၊ဘုရားကို တွေ့ရလျှင် တရားအစစ်တွေကို ကြားနာရမယ်လို့ ဒီလိုသိတာမဟုတ်၊ ဘုရား တွေ့ချင်တယ်၊ ဘခင်- ဘုရားအရှင် ဘယ်မှာလဲ ဒီလိုချည်း မေးလှေ့လဲရှိ၏၊ တွေးလှေ့လဲရှိ၏၊ ဘုရားထူးခံရ ပါခဲ့ဘုရားမတွေ့ရဒေါ အသဲနာတယ်မှတ်။

၁။ ကောဏ္ဍသံဂုဏ်ဘုရား၊

၂။ ကောဏာဂုဏ်ဘုရား၊

၃။ ကဿပဘုရား၊

၄။ ဂေါတမဘုရား၊

လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့ကို အပါယ် ၄ ပါးသို့ မကျစေဘို့ ပဋိသန္ဓေခေါ် သွေးမိုက်၌ ပြန်၍ မနေရဘို့ကို ဆိုဆုံးမတော်မူသောဂုဏ်ကျေးဇူးတော်အနန္တဖြစ်ကြသော

( ဘုရား)တွေ သဲစုမကပွင့်တော်မူကြသည်ဟူ၍ ကျမ်းဂန်၌ ပြ၏၊ ရတနာ ၃ ပါးတို့တွင် ၁ နံပါတ်ဘာလဲ၊ ဘုရားတွေး လုံးမှာ ဘုရားထူးရတယ်ဆိုဒါ ဘုရားခေါ် လို့ ဘုရားလို့ ထူးကြရ၏၊ ခေါ် တဲ့သူလဲဘုရားအစစ်အားကိုးရာမို့ဘုရား ထူးထိုက်၏၊ ဘုရားဖူးထိုက်၏။ လူ့ပြည် လောက ကြီး၏ ဒုက္ခကို စဉ်းစားတယ်၊ မြို့အုပ်၊ ဝန်ထောက်၊ အရေးပိုင်၊ စက်ရှင် စသော-တရားသူကြီး မင်းတွေကိုလဲ အမှုနဲ့ ပတ် သက်လို့ ရှိသော် ဘုရားထူးရ၏၊ ဘုရား့ ကျွန်တော်မျိုး ပြောရ၏။ မိမိကို ထောင်ချမဲ့ဆဲဆဲ သတ်မဲ့ ဆဲဆဲမှာပင် ဘုရားထူးရ၏။ ဘုရား့ကျွန်တော်မျိုးပြောရပြန်၏။

ဘုရားဆိုတဲ့ နာမပညတ် အသံတွေကို အကဲ ခပ်တယ်၊ တိုင်းပြည်ကို အုပ်ချုပ်တဲ့ ရှင်ဘုရင်၏မိန်းမကို မယားကိုလဲ မိဖုယားခေါ် ပြန်တယ်၊ ရှင်ဘုရင်ကခေါ်ခေါ် မိဖုယားကဘဲ ခေါ် ခေါ် ဘုရားထူးကြရတယ်လို့ကြားဘူး၏၊ ခက်ထားဘဲ၊ မိဖုယား၊ ထိပ်စုဘုရား၊ စုလေးဘုရား၊ အမတော်ဘုရား၊ အစ်ကိုတော်ဘုရား စသည်ဖြင့်၊ ထိုကဲ့သို့ - ဘုရားသံတွေ များကြောင်းကို အသက်ကြီးလာခါမှ သိရ၏၊ငယ်ရွယ်စဉ် ၄ နှစ်သားကစ၍ မေးလာခဲ့သော တွေ့ချင်သော ဘုရားမှာ

> ပဋိသန္ဓေခေါ် ဇာတိခေါ် သွေးမိုက် သားအိမ်တွင်း သို့၊ ပြန်၍ မရောက်အောင် ဟောပြတော် မူတတ် သော သက်တော်ထင်ရှား ဘုရား အစစ်-ကိုသာ ငယ်စဉ်က မေးသည်မှတ်။

ဘုရား အထူးခံရသော်လဲ ဘုရားအစစ် ဟုတ်ခဲလှ၏၊ ရင်ကြပ်တယ်၊ ဘုရားအစစ်အမှန်ကို မသိမမြင်ရဒါ ဘုရားသံတွေ ရှုပ်ထွေးနေရဒါ ဘာပြုလို့လဲ အကြောင်း ရင်းကို ရှာပါ၊အကြောင်းရင်းက-ခေါင်းသွင်းမဲ့ ဟောဒီအလောင်း စာရင်းဝင် ဖြစ်တဲ့ ဆရာ၏ ခန္ဓာမှာနေတယ်၊ စာဘတ်တဲ့ ယောဂီရဲ့ ခန္ဓာမှာ အကြောင်းရင်းကို ရှာလျှင်၊ ဘုရားအစစ် ကိုတကယ် သိမြင်နိုင်သော လမ်းအစစ်မှတ်၊ ခန္ဓာကိုယ် ကြီးဟာ လူမဟုတ်ဘူး ယောဂီ၊ မိမိကိုယ်ကြီးကို လူထင် နေသမျှ ဘုရားအစစ်ကို ဘယ်ခါမှ မတွေ့ဘူးမှတ်၊ သူများ ခေါ်တိုင်း ဘုရားထူးရမယ်မှတ်၊ သူများ ပြောတိုင်း ဘုရား ရယ်လို့ ယုံရမယ်မှတ်၊ သူများက (ဒီလူ ဗုဒ္ဓ ရာဇာ) ဘဲလို့ ပြောတိုင်း ယုံရပြီး ချဲဆို့ သေရမယ် မှတ်လေ၊ ခန္ဓာကိုယ် ကြီးကို လူမဟုတ်မှန်း ပိုင်ပိုင်သိခဲ့သော် (ဗုဒ္ဓရာဇာ) ဘုရင် ကို ဖယ်ပါ၊ ဘုရားသက်တော် ထင်ရှားကိုပင် သိမြင်နိုင် သည်ဟု ဝမ်းသာပါ။

ခန္ဓာကိုယ်ကို- လူထင်ရင်- ဗုဒ္ဓရာဇာကို ဘယ်တော့မှ မတွေ့ဘူး-ဘယ်နှစ် ဘယ်အခါကျကျ ဗုဒ္ဓရာဇာမင်း မခေါ် တော့ဘူး မှတ်လိုက်(ဗုဒ္ဓရာဇာမင်း) လို့ အများက ခေါ်ဆို သမုတ်သံကို ကြားလို့သာ ခေါ်ဆိုရမယ် မြင်ရမယ် မိမိ၏ ဉာဏ်ပိုင်နဲ့ မဝေဘန်တတ်ဘူး မှတ်လိုက် သို့အတွက် ဒါ ကြောင့် ဗုဒ္ဓရာဇာမင်း သာသနာပြုမင်းကို ကိုယ်တိုင် ကိုယ် ပိုင်ဉာဏ်နဲ့-တွေ့လို မြင်လိုကြပါက ဝိပဿနာ ဉာဏ်ကို အမြန်ဆုံးရအောင် ကြိုးစားကြ ယောဂီတို့၊

## ဝိပဿနာ-အနတ္တတရားအစစ်တွေ့မှ
## ဘုရားအစစ်ကိုတွေ့မယ် တရားအစစ်ရှာ ဒိဋ္ဌိ

ဒိဋ္ဌိကိုယ်ကို-ဝါ-ဒိဋ္ဌိအသုံး၌-ထွက်မြောက်ရာ-ဝါ စိတ်ချရာ လမ်းဆုံးကို- မသိမမြင်ကြလို့- တနည်း ဒိဋ္ဌိ အပုပ်တုံးကြီးကိုလူထင်၍-ယောက်ျားထင်၍ မိမ္မဘကယ် ထင်၍။ ဒီလို ထင်မှုဟာ- ဘာ့ကြောင့် ထင်ရသလဲမေး- ပညာရှိ အစစ်ကို မဆည်းကပ်လို့-ပညာရှိထံ၌ ဆည်းကပ် သော်လဲတကယ်တန်း ရက်ရက်စက်စက် တရားကို မလို ချင်လို့၊ တနည်းဆရာ၏ ဝတ္တရားကို မကျေပွန်လို့ ဒိဋ္ဌိ ကိုယ်၌ယောက်ျားမိမ္မထင်လုံးမပျောက်နိုင်မှတ်လေ။

ပညာအသိဉာဏ်ပိုင်ကို ရမှသာ ယောက်ျားထင်သော အနုသယ ကိလေသာ ရေသောက်မြစ်-မိမ္မကေန်ဘဲလို့ယူ ထားတဲ့ အနုသယကိလေသာ ရေသောက်မြစ်ကို ခုတ်ထွင် သုတ်သင်နိုင်မည်၊ သို့မဟုတ်က - ယောက်ျား မိမ္မ အစွဲသန် အယူသန် ဥပါဒါန်ခေါ် သော ဒိဋ္ဌိအနုသယခိုင်မာလျက်နေ သဖြင့် ရွှေစေတီပေါင်း-၁၄၀၀၀-ပေးလှူသော မဟာဒါန ကြီး-ရွှေကျောင်းပေါင်း-၁၄၀၀၀-ပေးလှူသောမဟာဒါန ကြီး-ကမ္ဘာပေါင်း-၅၀၀-၁၀၀၀-မျှ မပျက် မကွက်သော သီလအကျိုး-ကမ္ဘာပေါင်း ၁၄၀၀၀-မျှ အသက် ရှည်ကြ သော အထက်တန်း- ပုထုဇဉ် ဗြဟ္မာမင်းကြီးတို့၏စည်းစိမ် စံစားခွင့်အကျိုးဆက်ကို ထောက်ပံ့ခဲ့သော-ဝါ ဗြဟ္မာဖြစ် စရာ-အရူပ ကမ္မဋ္ဌာန်း သမထတရားမျိုး- ထိုဆိုခဲ့ပြီးသော

ဒါနကုသိုလ်ကြွး- သီလကုသိုလ်ကြွး- သမထ ကုသိုလ်ကြွး တို့ကိုဘယ်လိုပင် ဆည်းပူးကြိုးစားသော်လဲ-မဂ်ဖိုလ်နိဗ္ဗာန် ကို ရနိုင်မည် မဟုတ်ချေ-ဘယ့်အတွက်- ဒိဋ္ဌိ အနုသယ ကိလေသာရှိနေလို့မှတ်။

ဒိဋ္ဌိ-အနုသယ-ကိလေသာ
အယူမှား-ငုတ်နေတဲ့-အပူ

ဒိငုတ်နေတဲ့ အပူမစင်သမျှ ငါသူထင်ကြရခြင်းကြောင့် ဒုစရိုက် ၁၀-ပါးကို ပြုရဲကြ၏။

## ဒုစရိုက် ၁၀-ပါးဘာလဲ

၁ ပါဏာတိပါတ-သူတပါး၏ အသက်ကို သတ်ခြင်း။
၂ အဒိန္နဒါန-သူတပါး၏ ပစ္စည်းကို ခိုးယူခြင်း။
၃ ကာမေသုမိစ္ဆာစာရ-သူတပါးအပိုင်လုပ်သောမိန်း ယောကျ်ားကို မိမိအလိုဖြင့် မှား၍ ကျင့်ခြင်း။

ဒိကာယကံခေါ် ကိုယ်နဲ့ပြုလုပ်မှု၃-ပါးကို-မပြုကောင်း ဘူး မပြုထိုက်ဘူးမပြုရဘူးလို့အစဉ်အဆက် အယူရှိလာခဲ့ ကြသော ဗုဒ္ဓဘာသာ လူမျိုးတို့၏ သက်စောင့် ကိုယ်ကျင့် နိဗ္ဗာန်ရောက်လမ်းစဉ်စစ်မှတ်မရှောင်မကြဉ်ဘဲဒိကာယကံ ၃-ပါးကို ပြုပြီး-ပြုဆဲ-ပြုလတံ့အားကြိတ် ထားကြ ဒါလဲ ဘယ်လူမျိုးတွေလဲ-ဒိမြန်မာလူမျိုးတွေဘဲ မဟုတ်လား။

ဗုဒ္ဓဘာသာ လူမျိုးဆိုလျှင် ကာယကံ ၃-ပါးကို အမြဲ ရှောင်ကြဉ်ကြတယ်လို့ မထင်ကြနဲ့ အခြား- လူမျိုးတွေလဲ

ကာယကံသုံးပါးကိုအမြဲနေ့စဉ်ပြုကြနေကြတယ်လို့ မယူနဲ့ ဘာ့ကြောင့် ကာယကံ ၃-ပါးကို အမြဲတန်း မရှောင်နိုင်ပါ သလဲ- ပြခဲ့သော သက္ကာယဒိဋ္ဌိ ရှေသောက်မြစ် အနုသယ ကိလေသာကို မချတ်ထွင် မသုတ်သင်တတ်လို့မှတ်။

အန္ဓပုထုဇဉ်တို့၏ သီလ၊ လူပျင်းလူလွှဲ၊ တခဏ်းမှတ်၊ သီလအလွန်ဆုံးလုံခြုံတယ်ဆိုလျှင် ဒီတသက်ပေါ့၊ တသက် တာ လုံခြုံဘိုခဲယဉ်းလှ၏၊ဘာ့ကြောင့်-စိတ်ကြိုက်အလိုပြည့် ဍ္ဍဍ္ဍာရုံကို မတွေ့မကြုံ မထိခိုက်ရလို့ ခေတ္တ= အောင့်အီး စောင့်ဆည်းရသော သီလမျိုးမှတ်၊ နိဗ္ဗာန်ရဘို့ အခြေခံကား မှုန်၏။

အရိယာသောတာပန်တို့၏ သီလကား ဘဝန္တရဂတ- ဘာဝိနာသန သီလခေါ်ရသည်မှတ်၊ ဘာသာပြန်မှာ ဒီဘဝမှ နောက်ဘဝသို့ ပြောင်းသွားသော်လဲ ကာယကံ ကြူးလွန်မှု မရှိချေ၊ ဘာ့ကြောင့် သက္ကာယဒိဋ္ဌိ ဝိပဿနာ ပညာ စခမ်း ဖြင့်၊ သိပိုင်ပယ်သတ်ပြီး ဖြစ်လို့ အပါယ်ဇာတ် ငြိမ်းရပြီ ယောဂီ၊ ဤအခမ်းတွင်သီလနဲ့ သာအချိန်ကုန်၍အသက်ခန္ဓာ ကုန်မှာကို စိုးရိမ်သဖြင့် ယနေ့ယာခုဝိပဿနာပညာစခမ်းကို ဝါ-အနတ္တ လက္ခဏာအထိ အားထုတ်စေလိုသော အဓိဂမ သဒ္ဒါဖြင့် (ဇုဒ္ဒရာဇာဒီပနီ) က။ တိုက်တွန်း လိုက်သည်၊ မစဉ်းစားနဲ့=စဉ်းစားမှား။

၁။ မုသာဝါဒ=လိမ်ဝါ၍ပြောခြင်း။

၂။ ပိသုဏာဝါစာ=အချစ် ၂ ယောက်တို့ကိုကွဲအောင် ပြောခြင်း။

၃။ ဖရုသဝါစာ=ယုတ်ညံ့စွာသော စကားကို ပြောဆိုခြင်း။

၄။ သမ္ဖပ္ပလာပ—အလကား အကျိုးမဲ့ စကားတွေကို ပြောဆိုခြင်း။

ဒိဝစီကံခေါ် နှုတ်ပါးစပ်ဖြင့် ပြောဆိုမှု ၄-ပါးကိုမပြော အပ်၊ မပြောထိုက်၊ မပြောဘူးလို့ ဗုဒ္ဓဘာသာ လူမျိုးတို့၏ မကောင်းစကား ၄-မျိုးကို ဒုစရိုက်ခေါ်၏၊ ရှောင်ကြဉ် ကြသော်လဲ၊မလုံနိုင်၊လုံခြုံတို့ခဲယဉ်း၊ လုံခြုံသောသူ ရှိပါ၏၊ ရှားလှ၏၊အလွန်ဆုံးဝစီကံခေါ်နှုတ်ပါးစပ်ကသောင်းကြမ်း ထွက်ဆိုမှု မရှိတို့ရာမှာ အရိယာ သောတာပန်တို့ မှာပင် ထိုလေးပါးတို့တွင် နံပါတ် ၁=မုသာဝါဒ တပါး ကိုသာ အပြတ်ပယ်သတ်ထားပြီးပြီလို့သိပါ။

လူမျိုးတိုင်းကိုဖယ်ပါ၊ ဗုဒ္ဓဝါဒ=ဗုဒ္ဓဘာသာ အခေါ်ခံ ကြသော ပုထုဇဉ်မှန်သမျှတို့သည်၊ ဝစီကံ ၄-ပါးကို ရှောင် ကြဉ်ကြခြင်းကား၊ နိဗ္ဗာန်ရောက် အခြေခံ တ ရား မှန် ၏၊ သက္ကာယဒိဋ္ဌိ အနုသယ ခေသောက်မြစ်ကို ပညာ စခမ်း ဝိပဿနာလမ်းဖြင့် ပယ်သတ် မှသာ၊ တနည်း- အရိယာ သောတာပန်ဖြစ်မှသာ ဒိဝကံစီ ဒုစရိုက် ၄-ပါး တို့ထဲက

၁-နံပါတ် မုသာဝါဒကံကြီးကို အမြစ်ပြတ် ပယ်သတ်နိုင်မည် မှတ်လေ၊ ဒီမုသာဝါဒကံ မလုံခြုံသမျှ အရိယာမဖြစ်၊ အရိယာဖြစ်မှသာ မုသာဝါဒ ဝစီကံ အနုသယအဂုတ်ခါတ်၊ ပုဒ်ပြတ်-ပြတ်စေရန် ဝိပဿနာ အနတ္တဉာဏ်ကို၊ ဆရာကောင်းထံ၌ ခပ်မြန်မြန်မှီဝဲဘို့ရာ (ဗုဒ္ဓရာဇာ) ဒီပနီက နှိုးဆော် လိုက်သည်၊ အရက်သမား ဆရာတွေ ကြည့်ရှောင်၊

၁ အဘိဇ္ဈာ-သူတပါး၏ ပျော်မွေ့သည်ကို ကိုယ်စည်းစိမ်ဖြစ်ဘို့ကြံခြင်း။

၂ ဗျာပါဒ-သူတပါး၏ အသက်သေဘို့ကြံစီခြင်း။

၃ မိစ္ဆာဒိဋ္ဌိ-ရတနာစစ်သုံးပါးမှတပါး အခြားအယူကို၊ စိတ်ထဲမှာ စွဲယူထားခြင်း။

ဒီ-မနောကံခေါ် စိတ်ထဲက ကြူးလွန်ခြင်း ၃-ပါးကို မဖြစ်ရအောင် မဖြစ်စေဘို့ကို ဘယ်လိုပင် ကြိုးစား၍၊ ရှောင်သော်လဲ၊ အန္ဓပုထုဇဉ်တို့မှာ အလွန်ခဲယဉ်း၏၊ အခြားဘာသာခြားတွေကို ဖယ်စမ်းပါ၊ ဒီဗုဒ္ဓဘာသာ အမည်ခံသော၊ လူမျိုးတို့ပင် ဒီမနောဒုစရိုက်ကံ အမြဲတန်း သင့်နေကြ၏၊ တခါတရံ သီလလုံခြုံတယ် ဆိုပေမဲ့ မနောစိတ်က သီလ - စောင့် သုံး ရင်းပင် မ နော ကံ ပြစ် မှား ချက် တွေ များများကြီး ဖြစ်ပေါ် ကြောင်းကို ကိုယ်တိုင်ပင် သိကြ၏၊ ဘာ့ကြောင့်-ပုထုဇဉ်တို့ရဲ့ စိတ်မှာထိုသုံးပါးတို့ဖြစ်ပေါ် မြဲ

ရေးရပါသလဲ၊ သက္ကာယဒိဋ္ဌိ အနုသယ ရေသောက်မြစ် မပြတ်သေးလို့ ဒိမနောကံ ၃-ပါးတို့ဖြစ်ပေါ် ကြကုန်၏၊ သောတာပန်စသော အရိယာတို့မှာ သက္ကာယဒိဋ္ဌိကွာပြီး ပယ်သတ်ပြီး ဖြစ်သောကြောင့်၊ မနောဒုစရိုက် ၃-ပါးတို့ ဖြစ်ပေါ်မှုကား မျိုးပြတ်၊ ရိုးပြတ်၊ မြစ်ခြေ မပြတ်ပေမဲ့ ခေါင်းပါး၏၊ သေးသိမ်လာတော့၏။ ရဟန္တာ၏ ဉာဏ်ကို ရလျှင်၊ မနောကံသုံးပါးလုံး မဖြစ်နိုင်တော့ဟုမှတ်၊ (မိစ္ဆာဒိဋ္ဌိကား) သောတာပန် ဖြစ်သည့်ကာစ၍ တနည်း-အနတ္တ ဉာဏ်ပိုင်ကို ရသည့်မှစ၍ မဖြစ်နိုင်၊ အမှားမရှိတော့ဘူး၊ အယူမှန်သမ္မာဒိဋ္ဌိဉာဏ်ကိုရပြီးပြီမှတ် သို့အတွက်ဗုဒ္ဓရာဇာ ဒိပနီက ယခု-ဝိမုတ္တိယုဂ ခေတ်သစ်၌၊ ဝိပဿနာ ပညာ စခမ်းကိုအမြန်ဆုံးကြိုးစားဘို့ရာ အထူးသတိပေးပါတယ်၊ တွေးနေခဲ့သော်၊ သောဘက် သုဿန်သို့နိုးရပြန်ပြီတဘာ၁။

**ကာယကံဒုစရိုက် ၃-ပါး၊**
**ဝစီကံဒုစရိုက် ၄-ပါး၊**
**တို့ကို သတ်နိုင်သော လက်နက်မှာ သီလမှတ်၊**
**ရေသောက်မြစ်-ဒိဋ္ဌိမပြတ်။**
**မနောကံ ဒုစရိုက် ၃-ပါး-တို့ကို ပယ်သတ်နိုင် သော လက်နက်မှာ သမထခေါ်-သမာဓိ မှတ်၊**
**ရေသောက်မြစ်- ဒိဋ္ဌိမပြတ်။**

ကာယကံပြစ်မှု-ဝစီကံပြစ်မှုတို့ကို သီလ စောင့်ရှောက် ထိန်းသိမ်းခိုက်မှာ ကြူးလွန်ခြင်းမရှိ၊ မှန်၏၊ ဒိကာယကံ

ဝစီကံ ၂-မျိုးတို့ဟာ စိတ်က-ပေါ်လာလို့သာ ပြုကျင့်ကြရ၏၊ သတ်ချင်စိတ်စသော ၃-ပါး၊ လိမ်ချင်စိတ် စသော ၄-ပါးသောမကောင်းစိတ်တို့ ပေါ် လာရခြင်းကြောင့်သာ ကိုယ်ကပြုရခြင်းနှုတ်ပါးစပ်ကထွက်ဆိုရခြင်းဖြစ်သည်မှတ် စိတ်ခေါ်-မနောကံကို သမာဓိ တရားဖြင့်၊ ဝါ-အာဏာပါန စသော-သမထပရိကံတို့ဖြင့် စိတ်အာရုံ တည်ကြည်ခိုက်မှာ ထိန်းသိမ်းနိုင်ပြန်တော့၏၊ ( စိတ်သည် လက်ဖြစ် တထွက် မျက်စိတမှိတ်မှုက်တောင်တခါခပ်၌ ကုဋေတသိန်း ဖြစ်ခြင်း ပျက်ခြင်း ဆသောရင်း ရှိ၏ ) ခက်ထားဘဲ၊ အာရုံ တခုမှာ ၌မမြဲတဲ့ လက္ခဏာရှိထားသောစိတ်ကို ၌နေရာတခု ကိုသာ အာရုံပြုထားစမ်းပါ ဆိုးပမဲ့ ခေဠမှုသာဖြင်မည်ယောဂီ၊ တနည်း-စိတ်ဆိုဒါ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ် တွေခေါ်ပြန်တယ်၊ လောဘ ဒေါသစိတ်တွေ ပေါ်လာမြဲ ဖြစ်တယ်၊ဒီလိုပေါ် လာသော လောဘ ဒေါသ စိတ်တွေ ကြောင့်၊ ကာယကံအမှု၊ ဝစီကံအမှု တို့ကို၊ ပြုကြရ၏၊ ထိုဒုစရိုက် ၁၀-ပါး မကောင်းမှု ကံတွေကြောင့် ငရဲ-တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ အပါယ် လေးပါးသို့-ကျရောက်ရ၏၊ ကျရောက်ခဲ့ရဒါများပြီ၊ {သံသရာယာဉ်ပြီရေ သောက်မြစ်) မပြတ်သမျှအပါယ်လေးပါးတို့နှင့်ဆက်ကြေး မလွတ်ကင်းမှတ်လေ၊ ကြောက်စေ၊ လန့်စေ၊ ယောဂီတို့၊ သံဝေဂဝိပဿနာပညာစခန်းနဲ့ ပယ်သတ်မှ .ဒိဋ္ဌိအနုသယ ပြတ်ကင်းမည်၊ သို့အတွက် ဗုဒ္ဓရာဇာ ဒီပနီက (ဘုရားမင်း ခေတ်သစ်၌)မြို့တိုင်း၊ရွာတိုင်း ပြည်တိုင်း လူတိုင်း၊ ရှင်တိုင်း ခလေးလူကြီးတိုင်း၊ ယောကျ်ား- မိန်းမတိုင်း၊ ဝိပဿနာ

တရားကိုကြိုးစားနေကြပြီအရိယာတွေဖြစ်ကြလို့ အပါယ်မကျမှုစိတ်ချရပြီလို့အထူးသတိပေးတိုက်တွန်းလိုက်သည်။

## တရားထဲမှာဝိပဿနာအမြတ်ဆုံး

၁။ ကာယကံအမှု ၃-ပါးနဲ့ ဝစီကံအမှု ၄-ပါးပေါင်း ဒုစရိုက်မကောင်းပြုမှု ၇-ပါးမဖြစ်အောင် သီလကို သာ စောင့်ပါ၊မစောင့်နိုင် ကေန်ဖြစ်။

၂။ မနောကံအမှု ၃-ပါး၊ ဒုစရိုက်ပြုတို့ မဖြစ်ရလေ အောင်သမထတရားကို ဝါ-သမာဓိ တရားရလျှင် မဖြစ်၊ သမာဓိခေါ် စိတ်ကောင်းစိတ်တည် မရှိလျှင် မနောကံပြစ်မှု ဖြစ်ရမည်။

၃။ ငုတ်နေသော၊ ဝါ-မထင်ရှားသော၊ ဝါ-ထိခိုက် ကြုံကြိုက်မှ ပေါ်လာမဲ့ ကိလေသာကိုစာစကားနဲ့ ပြောလျှင် အနုသယ ကိလေသာ ခေါ်တယ်၊ အဲဒီ အတွင်းစုတ်ပြီး အရှင်း မပြုတ်သေးတဲ့ သက္ကာယ ဒိဋ္ဌိ ရေသောက်မြစ် ပြတ်စေလိုက ဝိပဿနာပညာ စခမ်းကို ရအောင်ကြိုးစားရမည်၊

အဘိုချုပ်မှာ သက္ကာယဒိဋ္ဌိ မပြုတ်သမျှ၊ စိတ်ကောင်း သော် ခေတ္တမှတ်၊ တနည်း-ခနောကံ ဒုစရိုက် စိတ်ထဲမှာ ဖြစ်မှားရမယ်၊ တနည်း- အဘိဇ္ဈာ ဖြစ်ရမယ်၊ ဗျာပါဒ ဖြစ်ပေါ်ရမယ်၊ မိစ္ဆာဒိဋ္ဌိဆိုဒါက ကိန်းသေမှတ်( မိစ္ဆာ ဒိဋ္ဌိ

ဆိုဒါဘာလဲ)ဘုရား-တရား သံဃာတို့၏၊ရတနာသုံးပါးကို မယုံကြည်မှု၊မကိုးကွယ်မှု၊ အယူမှားကို ဖယ်ပါ၊ မိမိကိုယ် လူထင်မှားခြင်း၊ငါ့လင်- ငါ့မယား၊ ငါ့အိမ်- ငါ့ကျောင်း ထင်မှားခြင်းတို့ကား ကြောန်ဖြစ်နေ၏။ {အဘိဓမ္မာ တရား အရ သိလိုက} ဓိဋ္ဌိစေတသိက်သည့် ၎တ်လိုက် ပေါ်လိုက် မှတ်လေ၊ အမြစ်မပြတ်၊ မပြတ်လျှင် မနော ဒုစရိုက် မနော ကံကို ဖိနှိပ်လို့မရခြင်းကြောင့်၊ ကိုယ်ကဖြစ်စေ၊ နှုတ်ပါးစပ် ကဖြစ်စေ။ ကာယကံအပြစ်၊ ဝစီကံ အပြစ်တွေ ဖြစ်ကြရ ကုန်၏။ ဒီလို-ဒုစရိုက် ကံတွေ နေ့စဉ် နာရီစဉ် မကင်းကြ သဖြင့် အပါယ် လေးပါးသို့ ရောက် စေရန် အပါယ် လက်ဆောင်များကိုတင်ဆက်နေရာမည်သည်။အန္တပုထုဇဉ် တို့၏၊ ခရီးလမ်းစဉ်ကြီးကို အမြွက်မျှ ရေးပြီး၍ အန္တတို့၏ သွားရာ လမ်းမကြီး (၇) လမ်းကို လက်ညှိုးညွှန်၍ ဆရာ ကြီးက ပြလိုက်ကပြီ။ စာရွက်လှန်လျှင် မရတ်ပြဲစေနဲ့။

## ငရဲခမ်းကိုရေးမယ်

ဥပဒေအရ သတ္တဝါခပ်သိမ်းတို့၏၊ မကောင်းမှု ကံကို ပြုကြသည့်အတွက်၊ ထိုမကောင်းမှု ကံကြောင့် နောင်ဖြစ် ကြမဲ့ မကောင်း ကျိုးကို ဤသို့- မှတ်ကြ ရာ၏။ ဤကဲ့သို့ သိကြသော အိမ်သား အိမ်နီးချင်းတို့ကို မပြောမီ မိမိကိုယ် တိုင်က ပထမဦးစွာ သိပါ၊ နောက်မှ သားသမီးနှင့် မြေး မြစ် တို့ကို ဆုံးမပါ၊ စာကိုကျယ် ကျယ် သူများ ကြားအောင် ဖတ်ပါ။ နိရယ-ငရဲ

## သဉ္စိုဝ်းငရဲ၌ ကျခံနေရသော ဒုက္ခ။

### ဤမြေကြီး၏ အောက်၊

အနက်စေ၀ိယူဇနာ ၁၀၀-အနံ့ယူဇနာပေါင်း ၁၀၀၀၀ ကျယ်ပြန့်သော နယ်နိမိတ်- ကြီးစွာသော မြေ တွင်း ကြီး ဖြစ်တယ်၊ မီးတောက်မီးလျှံတို့ကားအမြဲမပြတ် ရှိသည့်ပြင် မရေတွက်နိုင်သောငရဲသားငရဲသူတို့အပြည့်ရှိ၏။ ငရဲထိန်း ငရဲအုပ်တို့သည်၊ထန်းလုံးခန့်ပမာဏရှိသော လှန်တန်တို့ဖြင့် ထိုးသတ် ရိုက်ပုတ်ကြကုန်၏၊ ငရဲသား တို့ကား ဦးခေါင်း ပြတ်သူ၊ လက်ခြေ ပြတ်သူ၊ ကိုယ်အပိုင်းပိုင်း ပြတ်သူတို့ ဖြစ်ကြကုန်၏။ တနည်း- လည်ပင်း ပြတ်သူ၊ ဦးခေါင်းကို အစိပ်စိပ် ထုခွဲခံရသူ၊ လက်ခြေတို့ကို အစိပ်စိပ် အမွှာမွှာ ဖြစ်အောင်၊ ကိုယ်ကာယကို အစိပ်စိပ်အမွှာမွှာ ဖြစ်အောင် ပြုခြင်းကိုခံစားကြရကုန်၏၊ မီးလျှံမြေပြင်၌ ငရဲသား တို့၏၊ အရိုး-အသား-အသွေးတို့သည်၊ ကုန်ခမ်းစေပြီးမှ ချက်ခြင်း တဖန် အမြန်ပြန်၍အသက်ရှင်ကြပြန်ကုန်၏။ ဘာသာပြန်မှာ အခုသေ၊အခုရှင်။ ငရဲသားတို့၏ သန္ဓေကား ဥပပတ်ခေါ် သည်၊ဥပပတ္တိဘာလဲ-ခန္ဓာကို ဆင်ထင်ရှားရှား ဘွားကနဲ အဖြစ်မြန်ခြင်းကိုမှတ်ပါ၊ ကိုယ်ပြုခဲ့သမျှ အကုသိုလ် ကံ၏ အကျိုးပေး မကုန်မခြင်း ခံနေရသည်မှတ်၊ နှစ်ပေါင်း=ရာ ထောင်-သောင်း-သိန်းမက၊ အနန္တ အသင်္ချေ ထိုငရဲ၌ ကျခံ နေရပေမဲ့၊သေလိုက်ရှင်လိုက်ဒုက္ခကြီးကိုခံစား၍ နေရသည် ဘယ်တော့မှလွတ်ရက်ရမယ်လို့ ဘုရားမဟော။

## ထိုသဥ္ဇီဝငရဲကြီး၏ထုံးစံသက်တမ်းမှာ

ငရဲသားတို့၏ အခေါ်မှာ နှစ်ပေါင်း ၅၀၀-မှတ်လေ၊ အဘန်ဘန်ပြန်၍အသက်ရှင်တတ်လို့သဥ္ဇီဝခေါ်တယ်၊ ကြောက်ပါ၊ ဟောပြောပါ၊ ဝိပဿနာ တရားကို အရအားထုတ်စမ်းပါ။

---

## ကာလသုတ်ငရဲ၌ ကျခံနေရသောဒုက္ခ။

သဥ္ဇီဝငရဲကြီးအောက်၌ အနက်အစောက် (၁၁၀) အနံ-ယူဇနာပေါင်း ၁၀၀၀၀— ကျယ်ပြန့်သော မြေဥမင် လိုဏ်ကြီး၌ာနဖြစ်တယ်၊ အသင်္ချေ-အနန္တ များလှသော ငရဲသူငရဲသားတို့ကို အလွန်ပြင်းထန် ငရဲမီးလျှံ မြေပြင်၌ သံဆူးတို့ဖြင့် မလှုပ်နိုင်အောင် သံလွှစင်၌တင်လျက်ရိုက်နှိပ် ထား၍၊ မီးလွှစင်၌ ပက်လက်အိပ်စေသည်၊ မီးလျှံရဲသော အိမ်မိုးခြမ်းမျှ ရှိသော လွှကြီးတို့ဖြင့် သစ်တုံးကို အထက် အောက် လွှနှံ့ဆွဲစိပ် သကဲ့သို့ ငရဲသား ခန္ဓာကိုယ်ကို ပျဉ်ပြား - ပျဉ်ချပ်တို့ကို လွှစိပ် ဘိသကဲ့သို့ အထပ်ထပ် အလွှာလွှာ ဥကြောင်းမှ ခြေဖျား တိုင်အောင် ခွဲစိပ်ခြင်းကို ခံကြရကုန်၏၊ မကြည့်ရဲမမြင်ဝံ့သောသွေးရေတို့သည် မြစ် သမုဒ္ဒရာ ရေဆင်းသကဲ့သို့ သက်ဆင်းရာမှ ခန်းချောက် ကုန်၏၊ ထိုကဲ့သို့မအော်နိုင် မဟစ်နိုင်အောင်ကြီးစွာသော ခန္ဓာဒုက္ခကို ခံရကုန်၏၊ ပုဆိန်သွား ဓါးသွား စသည်ဖြင့် ထုရိုက်ပေါက်ခွဲသစ်တုံးကိုသတ်ပင်းသကဲ့သို့၊ မိုဃ်းပြိုခဲ့သမျှ

အနန္တကံတွေမကုန်မခြင်းခံကြရကုန်၏၊ ကျမ်းပြု ဆရာလဲ ခံခဲ့ရပြီ၊ စာဘတ်တဲ့ယောဂီတွေလဲ သက္ကာဒိဋ္ဌိမကွာသမျှ နောင်ကိုကျခံရလိမ့်မယ်လို့အရကမျှော်လင့်၍ သောတာပန် ဖြစ်အောင် ကြပ်ကြပ် အလေး ပြုစမ်းပါ၊ ဘာ့ကြောင့်- ကာလသုတ်ငရဲခေါ် ရသလဲ၊ သစ်တုံးများလို မျဉ်းကြိုးဖြင့် အမှတ်ပြု၍ခွဲစိပ်သလိုတမျဉ်းကြိုးကိုအဒိပြု၍ခေါ် ဆိုသည်၊ ကာလ-သုတ္တ-တချဉ်းကြိုး၊ ဝါ-ကြိုးမဲ။

---

## သံဃာတငရဲ၌ကျခံနေရသောဒုက္ခ။

အကျယ်အဝန်း အနံ့အလျားမှာပြကဲ့သော ငရဲတိုက်ကဲ့သို့ မှတ်၊ ကာဠသုတ်ငရဲကြီးရဲ့ အောက်မြေပြင်ဥမင်လိုဏ်ကြီး အတွင်း၌ အလျှံပြောင်ပြောင် တောက်လောင်၍နေသော မီးတောက်တို့ဖြင့် ပြည့်သော ဌာနကြီးလိုမှတ်၊ ထိုဌာန၌ ဒုက္ခခံနေရပုံမှာ အရှေ့-အနောက်-တောင်-မြောက်၄ ဌာန၌ မီးတောင်ကြီးလေးလုံးတို့ရှိတယ် ငရဲသားတို့၏ ကိုယ်ခန္ဓာ ကား၊ ထန်းပင် အုန်းပင်ခန့် အရပ်ရှိ၍၊ အောက်မြေပြင်၌ ခါးတပိုင်းမြုတ်စေလျှက်နေကြပုံမှာ ထန်းတောအုန်းတော ကြီးများကဲ့သို့ ငရဲသားတွေ မတ်တတ် ရပ်လျှက် အထက် အပိုင်းကိုသာ ပေါ် ပြလျှက် နေရ၏၊ တလဲစီ - တလှဲ့စီ ထိုမီးတောင်ကြီးတို့သည်၊ ငရဲသားတို့ကို ဗိန္ဓပ် ကြိတ်နယ် ကြကုန်၏ သေတယ် - ပြန်ရှင်တယ်မှတ်၊ ဒုက္ခ-တလစပ် အလွန်ကြောက်မက်ဘွယ် ကောင်းလှသော အသံကြီးဖြင့်-

ကျယ်ဝွာ မည်ပဲိးလျှက်မိုးတောင်ကြီးတို့၏ တလဲစိတလဲ့စိ ဖိန္နပ်ကြဲ့တ်နယ်ခြင်းကြောင့် အရိုးအသားတို့သည်၊ ကျေမွ လျှက်-သေရပေမဲ့ ပြန်ရှင်ပြန်တယ်၊ တဘက်က လာလို့ တဘက်ပြေး၊ ပြေးတဲ့ဘက်ကလာ၊ မလာတဲ့ဘက်သို့ ထပြေး ပြေးတဲ့ဘက်ကလာ၊ အချို့ကလဲ မြေထဲ၌ ခါးတပိုင်းမြုတ် နေလို့ မပြေးနိုင် ဒိနေရာမှာဘဲ သုသာန်၊ ဒိနေရာမှာဘဲ ထပ်ပြီးမွေးတယ်မှတ် ဥပပတ်၊ လူမိုက်သို၊ ၉-လ၊ ၁၀-လ အောင်းနေရတယ်မမှတ်နဲ့ လက်သယ် မရှာရဘူး ယောဂီ၊ ချမွေးချသေ-ဥပပတ္တိသန္ဓေ၊ စာဘတ်လျှင်ကျယ်ကျယ်ဘတ်၊ စာမတတ်-လမ်းမှာဘတ်၊ ကြောက်တတ်လျှင် လင်ကိုမငဲ့နဲ့၊ မယားကိုနှုတ်မဆက်နဲ့၊ ထွက်ပေါက်ကိုရှာပါ၊ ဆရာရေး သမျှ ဝိပဿနာကျမ်းတွေကို အခုံပူဇော်ပါ၊ ကြည့်စမ်းပါ၊ အများကိုလဲတိုက်တွန်းပါ။

မှန့်မှန့်ညက်ညက် ကြိတ်ဝါးတက်သို့ သံဃာတင်ရဲ ခေါ် တယ်မှတ်။

---

## ရောရူဝငရဲ၌ကျခံနေရသောဒုက္ခ။

ဆားငံရေပူ၌ အခိုးတလူလူ ခံစားနေရသော ငရဲသား တို့၏ကိုယ်သည် သုံးဂါဝုတ်မျှ၊ လေးဂါဝုတ်မျှရှိ၏၊ အနဲဆုံး ၂-မိုင်ခန့်၊ ၃-မိုင်ခန့်မှတ်၊ အနဲဆုံး တမိုင်ခန့်၊ တဖါလုံခန့်၊ နောင်နှစ်ပေါင်း ၁၀၀-လောက် ကျလျှင် ဂါဝုတ်ခေါ် အုံး မလား မိုင်ဖါလုံခေါ်ကြသေးသလား၊ ဘာခေါ်သေးသလဲလို့

တွေးနေရင်း သေဘာက်နိုးပြီ၊ ဒွါရကိုးပေါက်ရှိ ငရဲသား
တို့ကို အပေါက်တိုင်းတို့၌ဆားငံရေတို့ကို သွန်းလောင်း၍၊
အနာမျိုးစွဲ ပေါက်ကြ၍၊ မီးပြင်းထိုးသော သံအိုးကင်း၌
တင်လျက် အပေါ် က ရှားမီးကျီး အစုအခဲတို့ဖြင့် ဖိနှိပ်၍
ထားသည်၊ (အထက်မီး-အောက်မီးဖြင့်) ခံနေရ၏၊ ဆူညံ
အောင် ငရဲသားအနန္တတို့၏ ဟောဟာစ်သံကိုတယောက်နဲ့
တယောက်သာ ကြားရ၏ မျက်ရည်စီးယို ငိုလျက် ခံရလို့
ရောရုဝ-ငရဲမှတ်လိုက်၊ ဘာ့ကြောင့်ခံရတယ်လို့ ရေးမယ်၊
ဖြေးဖြေးဘတ်၊ ငရဲ ကြီးတယ် သုံးကြပေမဲ့ ဘာ့ကြောင့်-
ဘာပြစ်ကြောင့် ဘယ်ငရဲမှာ ခံရတယ်လို့ ဆိုဒါ မသိ-အန္ဓ၊
သိ-ကလျာဏမှတ်၊ ခံခဲ့ရပြီ၊ တရားအစစ်ကိုမရလျှင် ခံကြရ
အုံးမည်၊ လုပ်အုံး ဒုစရိုက် ပါဏာတိပါတာ ဝေရမဏီ
ဆိုဒါ ဒီလူမျိုးသတ်ထာလဲ ဒီလူမျိုးဘဲ၊ တွေးစမ်း ဖောန်
စမ်း၊ ငါးပါးသီလကို ပေးသူ ယူသူ ဒီလူမျိုးတွေပါဘဲ၊
ငါးပါးသီလ ပျက်ထာလဲ ဒီလူမျိုးတွေလို့ ပုန်ပြတ်မှတ်၊
အနဋ္ဌ ဉာဏ်ကို မပိုင်လျှင်ရောရုဝခရိုင်နယ်ကာဘယ်တော့မှ
မလွတ်ဘူး၊ မီးတို့တဲ့ အန္ဓတွေရဲ့။

---

### မဟာရောရုဝ၌ ကျခံရသောဒုက္ခ။

ငရဲသားတို့၏၊ ၉-ဒွါရအပေါက်တို့ကမီးတောက်မီးလျှံ
တွေ မပြတ်ထွက်၍ခံနေရ၏၊ ကြီးစွာသော ငိုရခြင်းကြောင့်
အသံကျယ်ကျယ်အော်ဟာစ်လို့ ငိုခံရသဖြင့်၊ မဟာရောရုဝ
ငရဲ ခေါ် တယ်မှတ်၊ ရောရုဝငရဲကို ရု မ ရော ရု ဝ ခေါ်-

ဘာ့ကြောင့်-ဒွါရ ၉-ပေါက်က၊ အခိုးထွက်လို့ ( မဟာ= ရောဂ ငရဲကို ဇာလရောဂဝခေါ်၊ ဘာ့ကြောင့် မီးလျှံတွေ ထွက်လို့ ဒီ ၂-ချက်သာ ထူးသည့် ယောဂီ။

နေပူမှန်းမသိလျှင်၊ ထိုးခမောက်မရှာဘူး၊ ငတ်မွတ်လို့ မစားရလို့ သေမှာကြောင့် နေ့စဉ်ကူလီဝန်ထမ်းဖြင့် ပိုက်ဆံ ရှာကြရမယ်၊ အပြစ်ကြီးအပြစ်ငယ်တို့ကို မကြောက်ပါက ကောင်းကျိုး ချမ်းသာကို မရှာဘူး မှတ်လေ၊ ငရဲကြီး ကျယ်မှန်းကို အရှင်းမသိပါက၊ ဘယ်နည်းနဲ့မှ နိဗ္ဗာန်ဆိုတဲ့ အသံကို လိုက်၍ အရဖမ်းကြရမှာမဟုတ်၊ ( ရေဒီယိုအသံ ကိုသာ ဖမ်းယူကြမည်။ )

ယခုဘဝဌာ၊ လူမင်း လူသူဌေး၊ ပုထုဇဉ် ဆိုသမျှ လူရှင်မရွေး ဤမဟာရောဂဝငရဲကြီး၌ ကျွေးတွေ တင်နေကြသည်မှတ်၊ အနတ္တ အခြေမရ၊ ဆပ်သမျှ မကြေကြ၊ အတ္တကလေကဝန့်၊ မသေရဘူး၊ အထင် ကြီးမနေကြနဲ့ ယောဂီတို့၊ မိမိတို့၏ မွေးရာ ဌာန ဇာတိကား၊ အပါယ်လေးပါးတို့သာတည်း။

| | |
|---|---|
| စတ္တာရောအပါယာ<br>လေးပါးသောအပါယ်ကို | သကဂေဟာသဒိသာ<br>မိမိနေအိမ်နဲ့ အတူတူမှတ်၊ |

ဝိပဿနာဉာဏ်ကို သဲလွန်စမျှ မရပါက ဆန်ကုန်မြေ လေးမှတ်၊ ငချဲသားမှတ်၊ အလကား — ယောက်ျားကြီး၊ အသုံးမကျတဲ့ မိန်းမကြီးမှတ်၊ အန္ဓဗာလ = ဥမ္မတ္တကတို့

တဲ့ဘက်တို့ကို ရှောင်ရမဲ့ ခေတ်၊ အရိယာအဖွဲ့အသင်းတွေ တည်ဆောက်ရမဲ့ခေတ်။

## တာပန္နငရဲ၌ ကျခံနေရသော ဒုက္ခ

ငရဲသားတို့၏ကိုယ်ခန္ဓာတို့ကိုမီးလျှံရဲသော သံတာကျင်တို့ဖြင့်၊ ထိုးစိုက်လျက် မီးဟုန်းဟုန်းတောက်လောင်သော သံမြေပြင်၌ မသေမရှင် ခံနေကြရကုန်၏၊ ပူပမ်း ဆင်းရဲစွာ ခံရခြင်းကြောင့်၊ တာပန္န-ငရဲ ခေါ်သည် မှတ်၊ ပြုခဲ့သမျှ မကောင်း ပါပကံအဘုန်တို့၏၊ အကျိုး ဆက်တွေ ရှိသမျှ ဒုက္ခခံကြရကုန်၏၊ ငါဟာသူဌေးဘဲ၊ ငါဟာ မင်းဘဲ၊ ငါကျမ်းပြုဆရာဘဲ၊ ငါဟာ-ဓမ္မကထိကဘဲ။ ငါဟာ-လူဘဲ၊ ငါတော့ဘုရားရှင်၏ သာသနာတော်ထမ်းရှင်ရဟန်းဘဲလို့ မိမိရဲ့ဂုဏ် မိမိယုံကြည်ပြီး စိတ်ချ၍မနေကြနဲ့၊ ဒါနကုသိုလ်ပြုဘူးဒါမှန်၏ သီလကုသိုလ်ကို စောင့်ဆည်းဘူးတာ ရှိပြီထားပါ၊သမထဘာဝနာကို အားထုတ်ဘူးဒါဘဲ၊ ဝိပဿနာဘာဝနာကိုလဲကြိုးစားဘူးပြီလို့ ငါတော့ငရဲသို့ မကျရေခံတော့ဘူးလို့ တထစ်ကျစိတ်မချကြနဲ့ ယောဂီတို့၊ သက္ကာယဒိဋ္ဌိရေသောက်မြစ် ပြတ်မှ၊ အပါယ် လားမှုကို၊ စိတ်ချကြ၊ သောတာပန်ဖြစ်ပြီးမှ ကာမဂုဏ်တို့နဲ့ ပျော်မွေ့၍ချမ်းသာစွာနေကြတော့။

ဝိသာခါ—အနာထပိဏ်တို့ကဲ့သို့
မယ်ဥတ္တရာနဲ့—မောင်နန္ဒတို့ကဲ့သို့

......:ဝ:......

## မဟာတာပန ငရဲ၌ ကျခံနေရသော ဒုက္ခ။

ထိုငရဲကြီးမြေပြင်အရပ်၌ အလွန်ကြီးကျယ် မြင့်မောက်သော အလျှံတပြောင်ပြောင် မီးလောင်၍နေတဲ့ သံတောင်ကြီးတခုရှိတယ်၊ ငရဲအုပ်၊ ငရဲချုပ်၊ ငရဲပိုင်တို့က၊ ငရဲသားအပေါင်းတို့ကို၊ နွားကျောင်းသားများက၊ နွား တို့ ကို စားကျက်နယ်သို့၊ ကြိမ်လုံးဖြင့် မောင်းနှင်၍ထုတ်တိသကဲ့သို့ ငရဲသားတို့ကို၊ ငရဲပိုင်တို့က ထန်းလုံးခန့်ရှိသော သံကြိမ်လုံးတို့ဖြင့်ရိုက်နှက်၍ တောင်ကြီးပေါ်သို့ တက်စေခိုင်းကြ၍၊ အလွန်ကြောက်ရွံ့သဖြင့်၊ မခံမရပ်နိုင်သောဒဏ်ချက်တို့ဖြင့် ပုတ်ခတ်ရိုက်နှက်သည့်အတွက်၊ တောင်ထိပ်သို့ အရောက် တက်ကြကုန်၍၊ တောင်ကြီး၏ဘေး ၂-ဘက်က တိုက်ခတ်ပြင်းထန်သောလေမုန်တိုင်းကြီးဖြင့်၊ တောင်ထိပ်ရှိငရဲသားတို့ကို တိုက်ခတ်လျက်၊ မြေပြင်သို့ရောက်အောင်၊ ပစ်လွှင့်ကြကုန်၏၊ ငရဲထိန်းတို့က တောင် အောက် ခြေ သံမီးပူ မြေပြင်အရပ်က ထန်းလုံးခန့်ရှိသော လှံတန်တို့ အဖျားကို အပေါ်သို့မြှောက်လျက်စိုက်ထောင်ထားလေ၏၊ကြီးကျယ်သော ပူပန်မှုရှိလို့ မဟာတာပနငရဲမှတ်၊ ငရဲသားအပေါင်းတို့၏ကံကြမ္မာ တောင်ပေါ်မှအောက်သို့ကျလာပုံ၊ ကိုယ်စီကိုယ်ငှ စိုက်ထောင်လျက် ရှိသော လှံသွားတို့၏ အဖျားသို့ ထိုးစိုက်လျက်ကျလာကုန်၏၊ အချို့မှာဝမ်းဗိုက်ကိုစိုက်၍၊ တချို့မှာ ဥက္ကောင်းကို၊ မျက်စိကို၊ ကျောကို၊ အချို့က ပက်လက်၊အချို့ကမှောက်ရက်၊ အချို့ကဥက္ကောင်းစောက်

ထိုး၊ ခြေထောက်မိုးမျှော်ထိုးစိုက်လျက်၊ (ဉပမာ) ကံခွန်တိုင် ထိပ်ဖျားဒွ် စွပ်ထားသော ဌက်ရုပ် ဟသ်ာကဲ့သို့ မမြင်ဝံ့ မကြည့်ဝံ့၊ တလွန့်လွန့် တလှုပ်လှုပ်နေကြကုန်၏၊ ထိုးစိုက် လျက် ရှိနေ သော ငရဲ သား တို့ကို အောက်မြေ အပြင်သို့ ရောက် အောင် သံတကျင် တို့ ကို ထိုး မြှောက် ပြန်၏၊ အောက်မြေသို့ရောက်ခြင်း အမြန် တဖန် ပြန်၍ သံတောင် ကြီးပေါ် သို့တက်စေခိုင်းပြန်သည်၊ထိုကဲ့သို့မပြတ်တလစ်ဝ် ကြီးကျယ်စွာ ပူပန်လို့ ခံနေရ လို့ (မဟာတာပန-ငရဲ) ခေါ်တယ်မှတ်၊ငါ-ငါပိုင်၊ငါပိုင်လင်၊ငါပိုင်မယား၊ငါ့မြို့ပိုင် ငါနယ်ပိုင်၊ ငါတိုက်ပိုင်၊ ငါပြေပိုင်၊ ငါမြေပိုင်၊ ငါအိမ်ပိုင်၊ ငါကျောင်းပိုင်-လုပ်သမျှ ကောန်ဒုက္ခဖြစ်ရမဲ့-မဟာတာပန ငရဲသို့ မကျရောက်ကြစေရန်၊ (တဏှာရယ် - မာနရယ်- ဒိဋ္ဌိရယ်) သုံးလွန်းတင် ကြိုးတချောင်း၊ မိမိရဲ့ ရင်ထဲမှာ အောင်းနေပြီး၊ အပြင်ဗဟိဒ္ဓမှာရှိနေသော ကာမဂုဏ်တို့ကို မကွဲအောင်၊မပျက်အောင်၊ မပြေးနိုင် အောင်(ငါတလုံးနဲ့) မသာမဆုံးအောင် ငါပိုင်အယူနဲ့ တဏှာအပိုင်ထူ၍ခိုင်စွာ ချည်ထားသော အနုပုထုဇဉ် တို့ကို ဤ- ဗုဒ္ဓရာဇာဒီပနီ က သတိ ပေးပါရစေ၊ သုံးလွန်းတင် စိတ် ကြိုးတချောင်း၌၊ ဒိဋ္ဌိဆိုသော ကြိုးလွန်းတလွန်းပြတ်အောင် ဖြတ်ကြတော့ တလွန်းပြတ်လျှင် ကျန်တဲ့ ၂ လွန်း ကောန်မခိုင်တော့ဘူး၊ အလွန်းပြေရမယ်-ပုဒ်ပြတ်မှတ်။

……:၀:……

## အဝီစိငရဲ၌ ကျခံနေရသော မဟာဒုက္ခ။

ဘာ့ကြောင့်-အဝိစိငရဲခေါ်သလဲ၊ ပြေးစရာ အကြား အပေါက် နဲနဲကလေး မရှိလို့၊ တနည်း-ဒုက္ခ-ဝေဒနာကို ခံနေရတာ သက်သာခွင့်အရှင်းမရှိ၊ ရပ်နားခွင့်-ပင့်သက်ရှူ ရှိုက်ခွင့်ကလေးမျှမရှိလို့ အဝိစိငရဲခေါ်သည်မှတ်။

အကျယ်အဝန်းမှာ ပြကဲ့သောငရဲကြီးတို့ကဲ့သို့ ဒီအဝိစိ ငရဲကြီးကို တံတိုင်းကြီးကာလျက် နေတယ်မှတ်၊ တံတိုင်း ကြီးကာကွယ်ပုံမှာ ငရဲကြီး၌ာန၏ အရှေ့ဘက်က အမြင့် တယူဇနာ၊ အနောက်ဘက်က အမြင့်တယူဇနာ၊ တောင် ဘက်ကအမြင့်တယူဇနာ၊မြောက်ဘက်ကအမြင့်တယူဇနာ ကာရံလျက်ရှိ၏၊ အလျားအနံ ယူဇနာတရာ၊ အထုယူဇနာ ကိုးယူဇနာ ရှိသော သံပြားကြီး ၂-ချတို့သည်၊ အထက် အောက် ပိတ်ဆို့လျက် ရှိကုန်၏၊ လေးမျက်နှာ တံခါးပိတ် လျက်ရှိ၏၊အောက်သံမြေပြင်မှရင်း၊ အထက်သံအမိုးမှရင်း၊ သံ ဘံ တိုင်း ၄-ချတို့မှ ရင်း။ မီး တောက် မီး လျှံ တို့သည် အပြင်သို့ အရှေ့အနောက် တောင်မြောက် ယူဇနာတရာစီ ပြန့်နှံ့ကုန်၏၊ အရှေ့ အနောက် တောင် မြောက် ၄-ဌာန တို့၌၊ ယူဇနာပေါင်း ၃၀၀-တောင် အတွင်း၌ မီးတောက် မီးလျှံ လွတ်ကင်းသော ဌာန မြူကမျှ မရှိမှတ်၊ ဥပမာ သံသေတ္တာကြီး အတွင်း၌၊ မုံညှင်းစေ့ တွေကို အပြည့် ဖိသိပ်ထားဘိသကဲ့သို့၊ နောက်ထပ် လူ့ဘုံ နတ်ဘုံ တို့က ကျလာသော နေစရာ မရှိ သ ကဲ့ သို့ အ လွန် ပြည့် ကြပ်

နေ့သဖြင့်၊ (အဝိစိ) ခေါ် ဧစိ-အကြား အပေါက်၊ (အ)မရှိ။ အဝိစိအကြားအပေါက်မရှိ၊ ထိုအဝိစိငရဲကြီးကို ကျရောက်ရမှာကို ဘယ်လိုပင် ကြောက်ကြသော်လဲ မကျ မရောက်သော သတ္တဝါဟူ၍မရှိ၊ သောတာပန် အရိယာ ဖြစ်မှသာ ကျရောက်စရာအကြောင်း ဆက်သွယ်မှုမရှိခြေ၊ ဒါ့ကြောင့် ဆရာမသေခင်မှာခဲ့မယ်၊ တကယ်မာနလျှော့ပြီး ဆရာ့ထံသို့ လာချင်လာ မလာလိုက ဆရာကောင်းအစစ်ကို ရှာပါ။ ပညာရှိအသုံးမပြုတဲ့ဆရာတွေကိုရှောင်ပါ။

## အကြောင်းကြောင့်-အကျိုး ။

ခိုးမှု၊ ဘာခိုးသလဲ၊ ရှိသမျှခိုးတယ်၊ စားဘို့မှသာချန်ထားတယ်၊ ဒမြတိုက်တယ်၊ ဘယ်ပုံ တိုက်သလဲ၊ အဝတ်တထည်ကိုယ်တခုနဲ့ထားခဲ့တယ်၊ ဒီလိုပြုတဲ့ကံတွေကြောင့် သဉ္ဇိုဝ်းငရဲမှာခံရတယ်။ တနည်း-သေအောင်မသတ်ဘူး၊ လက်ဖြတ် နားရွက်ဖြတ်၊ ခြေဖြတ်၊ ကြက်ငှက် စသော သတ္တဝါတို့ကို လှောင်အိမ်နဲ့မွေးထားခြင်း၊ ကြိုးနဲ့ ချည်တုတ်၍ ထားခြင်း၊ ထွက်၍မပြေးနိုင် မလှုံနိုင်အောင် အမွေးအတောင် စသည်တို့ကိုနှုပ်ထားခြင်း၊ အစွယ်အတက် တို့ကို နှုပ်ခြင်း၊ ချိုး၍ထားခြင်း၊ ဦးချိုတို့ကို ဖြတ်တောက်၍ ထားခြင်း စသော မသေရုံတမယ် ပြုလုပ်သော အကုသိုလ် ကံတို့ ကြောင့် သဉ္ဇိုဝ်း ငရဲမှာ ကျရောက်ရတယ်လို့ ယုံ၊ လူတွေ တိုင်းပြောဟော မိမိကလဲရှောင်ကြဉ်ပါ ယောဂီ။

## သဉ္ဇိုဝ်းငရဲကျခြင်း ကမ္မပထ။

ကာဋ္ဌသုတ်ငရဲကျလာပုံမှာ ကာမေသု မိစ္ဆာစာရပေါ် သူများ၏ မပေးသားခိုးခြင်း၊ သူများ၏လင်ကို ခိုးယူခြင်း အပြစ်ကံ တို့ ကြောင့် ကျ ရောက်သူ များ သည့်မှတ်၊ အခြား အကုသိုလ်ကံကြောင့် ဒီငရဲသို့ ကျရဒေါါနဲ့၏၊

## ကာလသုတ်ငရဲကျခြင်းကမ္မပထ။

သံဃာတ ငရဲသားတို့က ဘာကို လုပ်ခဲ့ ကြပါသလဲ၊ လူ့ပြေမှာ လူဖြစ်တုံးကမှ သံဃာတ ငရဲသို့လာဘို့ စရိတ်ကြေးငွေရှာလို့ဖြစ်တယ်မှတ်၊ ခွေး၊ကြက်၊ ငှက် ကျွဲနွားတို့ က အကုသိုလ်မျိုးစုံမပြုတတ်၊ဒုစရိုက်၁၀-ပါးပြည့်အောင် မလုပ်တတ် တိရစ္ဆာန်ဟူသမျှ ငါးပါးသီလကို အကုန်လုံး မကြူးလွန်မှတ်ပါ။

## တိုင်ပင် ဆွေးနွေး ပညာရှိတွေတိုင်း မေး။

လူဟာ-ကာမဂုဏ် လိုက်စားတဲ့ နေရာမှာ တိရစ္ဆာန်တို့ထက် ပိုမို၍ သိတတ်တယ်၊ ဉာဏ်သွားတယ်။ မျိုးစုံခံစားတယ်။ မပြတ်ခံစားတယ်။ ဒုစရိုက် ၁၀ပါးစုံအောင် ပြုကျင့်တယ် မှတ်လိုက်၊ သံဃာတ ငရဲသို့ လူအဖြစ်က လူ့ဘဝမှာ လူ့ဘုံဘုံဘာကပင် သွားရောက်နိုင်တဲ့ လက်မှတ်ကိုယူထားကြရ၏၊ စာပြန်ဘတ်၊ ဘာကို ပြုခဲ့ကြပါသလဲ၊ ကြက်ငှက်စသော တိရစ္ဆာန် တို့ကို ကျော့ကွင်းထောင်၍ဖမ်းခြင်း၊ တွင်းချိုင့် ပြုလုပ်၍ ထောင်ဖမ်းခြင်း၊ ခြင်းကြား၊ ပျဉ်ပြားတို့ဖြင့် ကပ်မိလျှက် ထောင်ထားခြင်း၊

လူသတ္တဝါ အချင်းချင်း မိမိတို့ထံသို့ မဝင်လာနိုင်အောင် တွင်းတူး၍ဆူး-ဝါးချွန်၊ ဗြောင်လှံတန်တို့နှင့် စိုက်ထောင်လျှက်၊ ဖုံးဖိ၍ မမြင်အောင် ပြုလုပ်ထားခြင်း၊ သေလောက်သော အဆိပ်ဆေးတို့နှင့် ရောစပ်၍ အစာ ကျွေးမွေးခြင်း ပြုလုပ်မှု ကံကြီးတို့ကြောင့်မှတ်၊ အခြား ကံတို့ကြောင့်လဲ ထိုငရဲမှာ ကျခြင်းရှိသည်၊ အနည်းငယ်မှတ်။

## သံဃာတငရဲကျခြင်းကမ္မပထ။

ရောရုဝငရဲသို့ ကျရောက်လာပုံ၊ ကြူးလွန်မှု ဘာလဲ၊ မှသာဝ ါဒခေါ် လိမ်ညာ၍ စားသောက်ခြင်း၊ လှဲ့ပတ်ဖြားယောင်း၍၊ မလိမ့်တပတ်နဲ့ မိတ်ဆင်းရဲစေခြင်း၊ သူတပါးတို့၏ အသက်ကိုသတ်၍ ထမင်းစားသောက်ရန် အသက်မွေးခြင်း (မုဆိုးနဲ့ တငါ)ဒါလဲဒီလူမျိုးပါဘဲ။သူတပါးတို့ကို ရိုက်နှက် ပုတ်ခတ်ခြင်း၊ ဆဲဆိုခြင်း ကံတို့ကြောင့် အကျများသည်၊ အခြားကံကြောင့်နဲ့၏၊ လူ့ရဲ့ကာမဂုဏ် အာရုံ (ဒီဘဝကိုယ်ခံ)(ဟိုဘဝ၌ဟိုကိုယ်နဲ့ ခံရမှာဘဲလို့)ရှေးကပြောသံ ကြားဘူးတယ်၊ ဒီစကားကို မယုံကြနဲ့၊ အလွန်မိုက်သော လူဗာလတို့၏ အယူအပြောဟူ၍ မှတ်လေ၊ (အကျိုးတရား ဖြစ်ပေါ် လျှင်— အကြောင်းကံကို ပြုခဲ့လို့ မှတ်လေ။)

## ရောရုဝငရဲကျခြင်းကမ္မပထ။

မဟာ - ရောရုဝ ငရဲကြီးသို့ ရောက်လာသော ပြစ်မှု ဘာတွေလဲ၊ ဘုရားကိုဆဲရေးခြင်း၊ တရားတော် အမှန်ကို

ပုတ်ခပ်ပြောဆိုခြင်း၊ ဖျက်ဆီးခြင်း၊ သံဃာတို့၏ ဂုဏ်ပုဒ်ကို ပယ်ဖျက်၍ ပြောဆိုခြင်း၊ စေတီ ပုထိုးတို့ကို ဖြိုဖျက်ခြင်း၊ ကျောင်း ဇရပ်၊ သိမ်၊ လှိုင်၊ ဂူစသော (ဓမ္မသင်္ခါရ) အဆောက်အဦးတို့ကို ဖျက်ဆီးခြင်း၊ မီးနှံ့ရှို့ခြင်း၊ အရိယာ သူတော်ကောင်းတို့ကို မရိုသေခြင်း၊ သူများ၏ အလှူဒါန တို့ကို ပိတ်ပင် တားဆီးခြင်း အပြစ်က တို့ကြောင့် ကျခံ ရသည်မှတ်ကြယောဂီတို့၊ သူတပါးတို့၏ ပစ္စည်း၊ အိုးအိမ် စည်းစိမ်တို့ကို ဖျက်ဆီးခြင်း၊သူတပါးတို့၏ အသက်တို့ကို မသေ သေအောင် ကြံစီ၍ သတ်ဖြတ်ခြင်း၊ ထိုက်ကြီး တို့ကြောင့် ခံရသည်မှတ် အခြားကံတို့ကြောင့် ခံကြရသည့် မှာ နဲ့၏။

## မဟာဇရာရူပ ငရဲကြီး၌ ကျခြင်းကမ္မပထ

တာပန တာပန္န-အတူတူ၊ထိုငရဲမှာ ဘယ်အပြစ်ကြောင့် ဘယ်လို ကြုံးလွန် ချက်ကြောင့် ဒီတာပနသို့ ရောက်ရပါ သလဲ၊ သူများတွေ စိတ်ညစ် ရအောင် စောင်းမြောင်း၍ ဆဲဆိုခြင်း၊ အပြစ် အတင်း ပြောခြင်း၊ အရက် သေစာ သောက်စား၍ ရမ်းကား ခြင်း၊ သူ တော် ကောင်း တွေ စိတ်မချမ်းသာအောင် အမျိုးမျိုး ညှင်းပမ်း ပြောဆိုခြင်း၊ သူတပါးတို့၏ ပစ္စည်း-ဥစ္စာကို ခိုးယူ၍ အသက် မွေးခြင်း အပြစ်တို့ကြောင့်မှတ်လေ။

(အလေးသတိပြုပါ) ဗုဒ္ဓဘာသာ လူမျိုးမှတပါးထိုက်ကို ပြုလျှင် ထိုက်ခဲ့သို့သော အကျိုးကို ခံကြရမယ်လို့ ဆိုဒါ

မယုံကြည်ကြ၊ ဗုဒ္ဓဘာသာ လူမျိုးတွေထဲက ဝိပဿနာ တရားကို ရပြီရတယ်လို့ အထင်ကြီးသောသူ၊ အရိယာ သောတာပန်ဖြစ်ပြီ၊ အနုတ္တရဉာဏ်ကို ရပြီလို့ အထင်ကြီး လျက် (အတိဝါဝ-ခေါ်) အယူလွန်ပြီးတော့ ဒိကံကိုပြုလျှင် ဒိကံ၏အကျိုးကို ခံစံကြရမယ် ဆိုဒါကိုလဲ ဒိဟန်ဆောင် ဝိပဿနာယောဂီတွေအနေချောင်၊ အစားချောင် ဝိပဿနာ ယောဂီတွေကလဲ မယုံကြည်ကြဘူး၊ ထိုကဲ့သို့ ကျမ်းဂန် ဥပဒေအရ၊ လမ်းမှန်တကျ ကမ္မဿကတ သမ္မာဒိဋ္ဌိဉာဏ် ကိုမရပါဘဲ ဝိပဿနာ သမ္မာဒိဋ္ဌိကို ဘယ်ခါမှ မရမှတ်လေ။

ငါ့ခမ်းကို ဟောပြရာ၌ ( ကမ္မဿကာဝရကောနတ္ထိ ) ဆိုသော ဆုံးဖြတ်ချက်နဲ့ လုံးဝခံသက်ဆိုင်မှတ်။

## တာပနငရဲကျခြင်း ကမ္မပထ။

---

မဟာတာပန-မဟာတာပနအခေါ်လဲ့ သဘောတူမှတ် ဘာပြစ်လဲ ကျွေအံကစားခြင်း၊ ကြက်ပွဲ- နွားပွဲ- မြင်းပွဲ- ဆိတ်ပွဲ၊လက်ဝှေ့ပွဲ၊လှေပွဲစသည်တို့ကို လောင်းစား၍ အသက် မွေးခြင်း၊ လူသတ်၍ ပစ္စည်း ယူခြင်း၊ သံဃာတို့၏ အသုံး အခံဆောင်တွေကို မီးနဲ့ရှို့ခြင်း၊ ဖျက်ဆီး၍ ပြစ်ခြင်း၊ ကြက် ငှက် ဝက်၊ လူ-စသော သတ္တဝါတို့ကို တဖြေးဖြေး မျှင်း၍ သတ်ဖြတ်ခြင်း၊ အရှင်လပ်လပ်မီးထဲသို့ပြစ်ချခြင်း၊မြစ်ထဲသို့ မြှုပ်၍သတ်ခြင်း၊ သေနတ် ဗုန်း၊ ဓိန်၊ အမြောက် တို့ဖြင့် ပြစ်ခဲ၍ သတ်ခြင်း၊ ရပ်ရွာ မြို့နယ်တို့ကို မီးနဲ့ ရှို့ခြင်း၊ အခြားသူများကို နှိုင်တိုင်းနှိပ်စက်ခြင်း။

ဒီနေရာ အထူးသာတိပြုစမ်း၊ ဘုရား အလောင်း များသည်၊ သူတပါးကို နိုင်လျှင်၊ မနှိပ်စက်ဘူး၊ မညှဉ်းပမ်းဘူး၊ စိတ်မဆင်းရဲစေဘူး၊ ကြောက်လန့်ယုံသာ ဉာဏ်ဖြင့် စီရင်လျက်နေ၏၊ နိုင်လျှင်တော်ပြီမှတ်၊ အန္ဓဗာလတို့ဘာ နိုင်တိုင်းနှိပ်စက်လေ့ရှိ၏။

ဒီကဲ့သို့ နိုင်တိုင်းပြုလုပ်ခဲ့လို့ မဟာတာပန ငရဲကြီးသို့ကျရောက် ကြရသည်၊ (ကမ္မသာကတ သမ္မာဒိဋ္ဌိ) ကို ပယ်လျှင် အဘိဓါဝမှတ်။ ကမ္မ-ပစ္စည်းကို။ ပဌာန်းဒေသနာတော်မှာ ဘုရားဟောတော်မူသည်၊ တိကမာတိကာ ပါဠိတော်၌ကုသလာဓမ္မာ-အကုသလာဓမ္မာ-အဗျာကတာဓမ္မာ ဟူ၍ ဟောတော်မူသည်။ အယူလွဲကြသော ဝိပဿနာ ဆရာတွေ ဝိပဿနာယောဂီတွေ ဟောပြောတိုင်းရေးတိုင်း မယုံကြလေနဲ့။

**မဟာတာပနငရဲကျခြင်းကမ္မပထ။**

---

နိုင်ငံတော်—မဟာအဝီစိ ငရဲ၌ ဘယ် အပြစ်ကြီးတွေ ဘယ်လို ဥပဒေပုဒ်မကြီးတွေကို လူ့ဘဝ၊ လူ့စည်းစိမ်၊ လူ့ကာမဂုဏ်ကို စံစားတုံးက အရင်းအနှီး ပြုခဲ့ပါသလဲ၊ အဝီစိသွားတို့ စရိတ်ကလဲ လူ့ဘုံက ၅ါခဲ့ ရတယ်မှတ်၊ နတ်ပြေ ၆-ထပ်က စုဆောင်းခဲ့ရတယ်မှတ်၊ (ဖြဟ္မာ—ကိုတော့) ဖယ်ပါတော့၊ ရေးလျှင် ရှုပ်နေမယ် ယောဂီ၊ အိမ်သား ကြားအောင် စာကိုဘတ်ပါ၊ ဆေးလိပ်ချဘတ်၊ မေသျှင့် နားနေ၊ စဉ်းစားဘတ်၊ သံဝေဂ ဖြစ်အောင်ဘတ်၊

ဝိပဿနာတရားကိုလိုက်စားဖြစ်အောင် ဘတ်ပါ ယောဂီ၊ အဓိကိုပြန်၍ဆဲတယ်၊ ရိုက်တယ်၊ သတ်တယ်၊ အဘကို ပြန်ပြီးပြောခြင်း၊အော်ငေါက်ခြင်း၊ ထုရိုက်ခြင်း ဆဲဆိုခြင်း သတ်ခြင်း၊ ရဟန္တာညာတ်ရသူကို ဆဲခြင်း၊ အတင်းပြော ခြင်း၊ ပုတ်ခပ်ခြင်း၊ ရိုက်ခြင်း၊ သေအောင် သတ်ခြင်း၊ (ဘုရားသက်တော်ထင်ရှားကို) သေအောင် သတ်တယ်၊ မသေဘူး၊အနည်းငယ်နှမ်းစေ့ခန့်အခပ်ဖျားခန့်သွေးစ ထွက် သွားတယ်၊၊နာကျင်သွားတယ်။ သံဃာတော်များ အစည်း အဖွဲ့ကို ကွဲပြားအောင်တမျိုးသွဲ့ပတ်ခြင်း၊အပြစ်အမျိုးမျိုး တို့ဖြင့် ရန်တိုက်ပေးခြင်း၊ ဂိုဏ်းကို ခွဲစေခြင်း၊ ဒိဋ္ဌိကြီး တွေကြောင့် ကျရတယ်မှတ်။

အလူးမှတ်တို့ရာမှာ၊ ကြောက်တို့ရာမှာ၊ ပွဲသဘင်ဇာတ် သမားတို့နဲ့ ပွဲကြည့်သူများတို့၏ ကျခံရာ ငရဲကို ပဟာသ ငရဲဟူ၍ ခေါ် ဆိုကြသည်၊ ဒိပဟာသငရဲဟာ ဘယ်မှာလဲ အဝိစိငရဲကြီး၏၊ နယ်နိမိတ် ယူဇနာ ၁၀၀၀၀-အတွင်း တဘက် မျက် နှာတွင် တပြင်တကွက် တဌာန မှတ်လေ၊ အဝိစိငရဲသက်မှာ တကမ္ဘာခံရသည်၊ ပွဲသဘင်အပြစ်ရှိ သူတို့လဲ တကမ္ဘာလုံး ခံရမည်ကိုကြောက်ကြစေ၊(သိတို့- ခက်တယ်) မသိလျှင် မကြောက် မကြောက်လျှင်ပြုရဲကြ၏၊ တွေးစမ်း၊ တိုင်ပင်ကြစမ်း၊ (မိဘများလူကြီးများ) မိမိတို့ အိမ်သားများဟာ သူများ၏အသက်ကို သတ်လျှင် ဆုံးမ၏၊ ခိုးလျှင်ဆုံးမကြ၏၊သူတပါးတို့၏ မယားကို လွန်ကြူးသော် ရှက်ရ၏၊ စိတ်ညစ်၏၊ (သူတပါးကို လိန်ညာ၍ ပြောမှု

ကိုတော့ ဖယ်ပါ၊ အင္ဂလိတ်တို့၏ လက်သုံး လက်ကိုင်ဒုတ်) သေရည် သေရက်တို့ သောက်လျှင် ဆုံးမကြ၏၊ အစိုးရတို့ကလဲ အပြစ်ပေးတတ်၏။

**ပွဲသဘင်ကိုတော့ အားလုံးသဘောဟူကြ၏။**
**အပြစ်အကြီးဆုံးဟူ၍ ဟောခဲ့ ရေးခဲ့ ဆုံးမခဲ့၏။**

အင်္ဂလိပ်ရဲကိုပင်-ပဟာသ ရဲမှတ်ပါ၊ဒုစရိုက် ၁၀-ပါးတို့တွင် သမ္ဖပ္ပလာပ ခေါ်-အကျိုးမဲ့ စကားပြောဆိုခြင်း၊ တနည်း-တဏှာကာမအားပေးပြီး ပွဲသဘင် ဇာတ်ရုပ်သေး အငြိမ့်၊ဘိုင်စကုတ်စသည်တို့ဖြင့် အသက်မွေးခြင်း အပြစ်၊ တနည်း-ကာမဂုဏ် လိုက်စားတို့ရာ ကာမ အာယု ဝဍ္ဍန အားတိုး ဆေးကြီး၊ အားတိုးစရာ ပွဲတော်ကြီး ဖြစ်လို့၊ တနည်း- ထိုပွဲသဘင် အာရုံ ငါးပါးကို တညလုံး ခံစား၍ မငြိုးဘူး၊ မငြီးဘူး၊ မတော်ချင်ဘူး၊ မတန်ချင်ဘူး၊ မပြန်ချင်ဘူးမှတ်၊တနည်း ပိုက်ဆံကြေးငွေ စောစောက ကြိုတင်၍ပေးပြီး ကာမတဏှာကို ဝယ်ယူကြ၏။ ဘယ်ခါမှ တင်းမတိမ်နိုင်သော (အဓွ ကာမကြောင့်) ယောဂီ တို့ရေ၊ (ရဲပဟာသ) ၌၊ ကျရမယ်စိတ်ချ အဝီစိပါဘဲ၊ဒါ-လူ့ဘဝ ကုရတဲ့ အမွေမှတ်။

**မဟာအဝီစိငရဲကျခြင်း ကမ္မပထ**

ဤကဲ့သို့၊ ငရဲကြီးရှစ်ထပ်မှ ကျွတ်လွှတ်ခွင့် ရပြန်လျှင် ဗြိတ္တာဘဝသို့တက်၊ ဗြိတ္တာဘဝ၌ ကမ္ဘာများစွာ ကြာလို့

လွတ်ပြန်သော်အသူရကာယ်ဘဝသို့ရောက်။ အသူရကာယ်ဘဝမှ ကံအပြစ်ကုန်ပြန်သော် တိရစ္ဆာန် အမျိုးမျိုးတို့သို့ရောက်ရ ပြန်ပြီ ယောဂီ၊ လူ့ဘုံလူ့ဘဝသို့ ရဘို့ ဖြစ်ဘို့ကြပ်ပြီ၊ ကျောက်ဖျာရေထဲ-ပေါ် လာခဲမှတ်ပါ။

**ဒီဘဝ-ဟိုဘဝ- ထိုဘဝ ပြီးပြန်တော့ ဟို-**
**နောက်တဘဝ၊ထောက်မသူမကြို ဆင်းရဲစုံခန္ဓါ**
**သံသရာမွေးကြက်ငှက်အသူရကာယ်ကပြိတ္တာကို**
**ဆက်၊တကျော့စုံကာမဂုဏ်ရဟတ်စက်မှ၊ နိုရယေ**
**ကျောက်ဖျာ ရေထဲ ပေါ်လာခဲတဲ့၊ ဂျိုးကပ်**
**အောင်ခွဲ-ရှစ်ထပ်သောအပါယ်ငရဲ၌။ ပတန္တိ၊**
**သတ္တဝါအနန္တာ မိုးရွာသလို နေ့စဉ် ကျကုန်၏။**

ဆိုသော-ရတနာစစ် ဥဒါန်း အတိုင်း မှတ်ကြ ရာ၏၊ ထိုကဲ့သို့ ခန္ဓါဒုက္ခ၊ သံသရာဒုက္ခ မျိုးစုံတို့မှ ကင်းလွတ်ချင်ပါက၊ ဝိပဿနာဉာဏ်ကို အနုက္ကမလက္ခဏာအထိ၊ ပေါက်ပေါက် ရောက် ရောက် အားထုတ် ကြစေ ကုန်သတည်း။ ဆရာ၏ ဓေတ္တာရေ။

ဤတွင် သက္ကာယဒိဋ္ဌိရေသောက်ဖြစ်ကြောင့်ဖြစ်ရသော ငရဲခန်းကိုအဖြွက်မျှ ရေးပြလိုက်သည်။

**ပညာစခန်းကိုရေးပြီ၊**
**အပါယ်တံခါးပိတ်ဘို့ဉာဏ်အဆီ။**

ပညတ်နဲ့-ပရမတ် ၂-မျိုးခွဲ၍သိပါ။ ၁-အချက်၊ ပညတ်

ဆိုဒါလောကကြီး၌ ခေါ်ဆိုမှု သုံးနှုန်းမှု အမည် ဟူသမျှတွေကို ပညတ်လို့သိပါယောင်။

ရန်ကုန်မြို့၊ မန္တလေးမြို့၊ မော်လမြိုင်မြို့၊ ပဲခူးမြို့၊ ပုသိမ်မြို့၊ ကျောဆည်မြို့၊ မုံရွာမြို့၊ ရေနံချောင်းမြို့၊ စလင်းမြို့၊ ဆင်ဖြူကျွန်းမြို့။ သရက်မြို့၊ အလံမြို့၊ ညောင်လေးပင်မြို့၊ ထားဝယ်မြို့၊ ဘိတ်မြို့၊ မြောင်းမြမြို့၊ ဟင်္သာတမြို့၊ သာယာဝတီမြို့၊ ပြည်မြို့၊ မေမြို့၊ ဗန်းမော်မြို့၊ တောင်ငူမြို့၊ မိတ္ထီလာမြို့၊ ပခုက္ကူမြို့၊ သံတွဲမြို့၊

ဒီလိုခေါ် ကြတယ်၊ ခေါ်ဆိုသည့်အတိုင်း လက်တွေ့ ထိစမ်း၊ မျက်တွေ့ ကြည့်စမ်းပါ၊ (ထိလျှင် မြေကြီးထိမယ်မှတ်၊ မြို့ကိုမထိဘူး) ကြည့်လျှင် မြေကြီးကိုသာ မြင်မယ်၊ မြို့ကြီးကို မမြင်ပါဘူး၊ ဘယ်လိုမြို့-မရှိဘူး၊ မြေကြီးဘဲရှိတယ်လို့ရေးဘို့မလို မိမိနားလယ်တဲ့ ဘာသာပြန်စကားနဲ့သာ အမှန်ကိုသိလျှင် သမ္မာဒိဋ္ဌိ မှတ်လိုက်၊ (မှန်ဒါယူပါ၊ မြို့သားလား၊ မြေကြီးသားလား) မိမိကိုယ် ပြန်မေးမြေကြီးကို ခြေဖြင့် နင်းထားသလား၊ မြို့ကြီးကို နင်းထားသလား၊ နင်းချထားတဲ့ပဋ္ဌည်းက အဖြေပေးမယ်မှတ်လိုက်ပါ၊ မြေကြီးကို မြို့ကြီးလို့ထင်လျှင် မြင်လျှင်၊ မျက်ကန်း အန္ဓမှတ်၊ ဒီလိုမြေကြီးကိုမြို့ကြီးလို့မြင်နေတဲ့မျက်စိကိုအန္ဓမျက်ကန်းလို့မှတ်၊ မှန်ဒါမမြင်လို့မှတ် မှန်ဒါကိုမြင်လျှင် မာနရော့ပြီ ဒိဋ္ဌိပေါ့တယ်၊ တဏှာနဲ့ပြီလို့ ဝမ်းမြောက်စမ်းပါ၊ မြင်ဒါ မြေကြီး၊ ထိဒါ-မြေကြီး၊ ပုဒ်ပြတ်မှတ်။

စာစကား–ပါဠိဘာသာနဲ့ ပြောမယ်၊ မြင်ဒါဝဏ္ဏမှတ်၊ ရူပါရုံမှတ်၊ အဆင်းမှတ်လိုက်၊ ထိဒါ–ဖောဋ္ဌဗ္ဗရုပ်မှတ်၊ ထိဒါ–ပထဝီမှတ်၊ လောကခေါ် ဆိုမှုနာမည်တွေကို နာမ ပညတ်မှတ်၊ မရှိဘူး၊ နာမပညတ်ပေမဲ့ တဏှာမာနဒိဋ္ဌိ–ဖြစ်နိုင်တဲ့အမည်တွေကို လောကပညတ်မှတ်ပါ၊ မြေကြီး ခေါ်ဒါ၊ မြို့ခေါ်ဒါပညတ်မရှိဘူး၊ မြို့ကြီးထင်မှားဒါစာလျှင် မြေကြီးလို့ သိဒါက ငါ မြို့သားဆိုတဲ့ အစွဲဒိဋ္ဌိ၊ နှစ်သက်မှု တဏှာ၊ ကြွားမော်မှုမာနနဲ့ရမယ်မှတ်လေ။

(ခန္ဓာကိုယ်မှာတရားရှာပါ) ကျမ်းပြု ဆရာရဲ့ နာမည် ဦးမြတ် သိန်း ထွန်း - ခေါ်ဆိုမှုကို နာမပညတ်မှတ်၊ အမိ ဝမ်းဗိုက် သားအိမ်သွေးအိမ်၌၊ ဖြစ်စ– ရေကြည် အစက် ခလေးမှာ ဦးမြတ်သိန်းထွန်း နာမည်ကိုထား ယောကျ်ား ခေါ်စရာ၊ လူခေါ်စရာတွေကို ဖယ်လိုက်ပါ၊ ဥကွောင်း ခေါ် စရာ၊ ရင်သား-ဘင်သားခေါ် စရာ၊ လက်ခြေအင်္ဂါအစုံ တို့၏၊ နာမည်တွေ အရှင်းမရှိ၊ ဒီအခါက - ဘာရှိသလဲ၊ သွေးစက်ကလေး ရေကြည်စက်ကလေး၊ ဆံခြည်ဆယ်စိပ် ကို တစိပ်မျှ-တချောင်းကိုဆယ်မျှင်လှုပ်၊ တမျှင်မျှနဲ့ နှမ်းဆီ ကြည်ကြည်၌ဆွတ်ပြီး တို့ပါထိပါ၊ ခါပါ၊ နောက်ဆုံးကျတဲ့ အစက်ခလေးကို (ကလလ) ပါဠိစကား၊ ဘာသာပြန် ရေကြည်-ပါဠိစကားမှာ၊ ဓါတ်သဘော အနတ္တသဘော ဟူ၍ မသိ မယုံ မယူနိုင်သေးသော်လဲ၊ လူအရှင်းမဟုတ်၊ ပရမတ်ရုပ်အစစ်မှတ်၊ နာမ်ကို ကြည့်လို့–ထိလို့မရ၊ ခုလဲ မရဘူး၊

မွေးလာပြီ - နာမည်မပါဘူး၊ ယောက်ျားလို့- မိန်းမလို့ ဘယ်အသားကိုမျှ ကမ္ဘည်း တပ်လျှက် ဆိုင်းဘုတ်ဆွဲရေးလျှက်ဆေးနီဆေးနက်ဖြင့် အမှတ် ပြု၍ ရေးထားလျှက် မပါဘူး၊ ယောက်ျား အမည် ခေါ်မှု၊ မိန်းမအမည်ခေါ်မှု၊ ဒီအတုံးမှာ မပါဘူး၊ ခလေးရယ်လို့လဲ စာရေးပြီး မ ပါ လာ ဘူး မှတ် ( မွေးစ- ဘာလဲ= ပရမတ်တုံး )တနည်း- ရုပ်တုံး၊ တနည်းခါတ်တုံးမှတ်၊အမည်ဟူသမျှ နာမ ပညာတ် မရှိဘူး ယောဂီ။

ဆံပင်ခေါ်ဆိုမှု၊ ခြေဖျားခေါ်ဆိုမှု၊ ခေါင်း ခေါ်ဆိုမှု၊ ဒူးပေါင်ခေါ်ဆိုမှု၊ မျက်စိခေါ်ဆိုမှု၊ ကျောသား ရင်သား ဝမ်းဗိုက်၊မေးစေ့၊ နားရွက်၊ နှာခေါင်း၊ ပါးစပ် စသော နာမည်တွေ၊ မိမိ၏ ခန္ဓါမှာမရှိဘူး၊ ခေါ်ဆိုတဲ့ အတိုင်း၊ ခွဲယူ၍ အထင်မှားသမျှ သက္ကာယ ဒိဋ္ဌိမှတ်၊ နာမည်တွေကို ကြည့်လို့မရ ထိလို့မရဘူးလို့သိပိုင်လျှင်သက္ကာယဒိဋ္ဌိမရှိ ဘူးတထစ်မှတ်ဘားပါရှိဒါဘာလဲ၊လက်နဲ့ မိမိကိုယ်ကိုကိုင် ပါထိဒါ အသားမှတ်၊ တွေ့ဒါ အသားမှတ်၊ ကိုင်ထားဒါ အသားမှတ်လိုက်။

အသားကိုမ်ယားထင်၊ အသားကိုလင်ထင်၊ အသားကို သားထင် သမီးထင်၊အသားကိုအပျိုထင် အသားကိုအအိုထင် အသားကို တခုလပ်ထင်၊ အသားကို မုဆိုးမထင်- မိစ္ဆာ ဒိဋ္ဌိမှတ်။

## ဝိပဿနာဥာဏ်ကိုရေးတယ်၊ လေးလေး တွေးတွေးဘတ်။

အသားကို ပါးထင်၊ အသားကို နဖူးထင်၊ အသားကို လည်ပင်းထင်၊အသားကိုရင်းသါးထင်၊¦အသါးကိုတင်သား ထင်လျှင်၊ အသားစုကိုငါထင်လျှင်အတ္တဒိဋ္ဌိမှတ်၊အသားကို ငါမိုင်ယူလျှင်၊အတ္တဒိဋ္ဌိမှတ် အသားကို အသားဘဲ ယူလျှင် ငါမပိုင်ယူလျှင် အနတ္တမှတ်၊ အဋ္ဌဘာဝက လွတ်ပြီ မှတ်၊ ကလျာဏဘာဝသို့ချက်ခြင်းရောက်ပြီမှတ်၊ အပါယ်သို့ မကျ တော့ မှတ်သေ၊ ပါဠိဘာသာ စကားနဲ့ ပြောလျှင် ပရမတ်မှတ်၊ ဒိစာဘတ်တဲ့ ယောဂီရဲ့ ခန္ဓာ တတုံးလုံးကို ပရမတ်တုံးကြီးလို့မှတ်၊ ကိုင်ထားဒါ ထိထားဒါ ပရမတ် မှတ်၊နာမည်တွေကိုမထိမိဘူးမှတ်၊ (မရှိပညတ်-ရှိပရမတ်) ရှိတဲ့ ပရမတ်တုံးကြီးသည်ပျက်ရမယ်၊ပျက်နေတယ်လို့သိ၊ အနိစ္စ-ဘာအနိစ္စလဲ၊ ရုပ်အနိစ္စမှတ်။

တကိုယ်လုံး အတုံးကြီးကို၊ ရုပ်တုံးကြီးမှတ်၊ ပရမတ် တုံးကြီးလို့လဲခေါ်တယ်သိရမယ်၊ရုပ်ပရမတ် အသုဘတုံး အပုတ်ဘုံး ဓါတ်စရာတုံးကြီးမှတ်၊ ဘာ့ကြောင့် ရုပ်ခေါ်ပါ သလဲ၊ ဖောက်ပြန်လို့ ပျက်ဆီးနေလို့ ချွတ်ယွင်း နေလို့၊ ရုပ်မှတ် ပုတ်ပြတ်၊ ဆံပင်ခေါ်ဆိုမှု ပညတ်မရှိဘူး၊ လက်နဲ့ ထိထား ရုပ်ပရမတ် ထရားမှတ်၊ ခြေသည်း လက်သည်း ခေါ်ဆိုမှုတွေ ပညတ်အရှင်းမရှိဘူး။ အသားအရိုး။ အတွင်း အပြင်ရှိသမျှတွေကို၊ ရုပ်သဘောမှတ်လိုက်။

ရူပံ-အနိစ္စံ-ဘောက်ပြန်တယ်-ပျက်တယ်။

ရူပံ-ဒုက္ခံ- ဘောက်ပြန်တယ်၊ ဘေးအစ ဖြစ်တယ်။

ရူပံ-အနတ္တံ-ဘောက်ပြန်တယ်၊ အနှစ်သာရမရှိဘူး။

တရားရှာလျှင် တခြားမှာမထင်နှင့်၊ခန္ဓာကိုယ်မှာ ရှာပါ၊ လူထင်လျှင် မတရား၊ ရုပ်သဘောလို့သိလျှင် တရားမှတ်၊ ယောက်ျားလို့ထင်နေပါက၊ အယူမှားပြီ၊ ဒိဋ္ဌိဖြစ်ပြီမှတ်၊ မိန်းမလို့ ထင်လုံးရှိပါက သက္ကာယဒိဋ္ဌိမှတ်၊ ငရဲကျပြီလို့ မှတ်၊ ရုပ်ပျက်စုမှန်းသိလျှင်၊ရုပ်ဒုက္ခဆင်းရဲအစစ်မှန်းသိလျှင် ရုပ်သဘောသည်သာ မှန်တယ်၊ ငါသူ အတ္တမဟုတ်၊ အနတ္တ သဘောအစစ် ပါကလားလို့ အသိပိုင်လျှင်၊ သက္ကာဒိဋ္ဌိ မရှိလက်ခမောင်းခပ်တော့ လူဖြစ်ကျိုးနပ်ပြီမှတ်။

ရုပ်ကိုရေးပြီးလို့ နာမ်ကိုရေးမယ်၊အာရုံကိုသိဒါနာမ်၊ အာရုံကို ညွတ်တာ နာမ်၊ အာရုံကို ကြံစီတတ်တာ နာမ်၊ (လူပြိန်းသိဘို့ရာမှာ) ရင်ထဲက ခန္ဓာကိုယ်ထဲက သိတတ် ခံစားတတ်တဲ့ စိတ်ကို နာမ်မှတ်၊ ဒီနာမ်ဘယ်မှာနေသလဲ၊ ကိုယ်ခံရုပ်နဲ့ အပြင်ရုပ်နဲ့ထိခိုက်တဲ့ အခါမှာ ပေါ်တယ်၊ အဲဒါ-သူ့နေရာဘဲ၊ မသိမပေါ်ဘူးလား၊ ရုပ်ချင်းကလဲ အမြဲတန်း ထိခိုက်နေလို့ အမြဲပေါ်နေတယ်၊ (ပေါ်တယ်-ပျော်တယ်) ဘွင်နာမ်ဆိုဒါဘာလဲ၊ (ဟာဒယဝတ္ထု) ခေါ် နှလုံးသားသွေးအိုင်၌၊ လှိုင်းစီးလျှက် ပေါ်လိုက် ချုပ်လိုက် နေဒါကို ဘွင် နာမ် လို့ ကျမ်း ဂန် အ ရ ဖြေပါ တယ်၊

(သဘာဝဓမ္မဖြစ်လို့) လူပြိန်းသိအောင် ဖြေဘို့ခက်တယ်၊ ဝိပဿနာဉာဏ်ဖြင့် သိထိုက် သိအပ်သော နာမ်ကို သိဘို့ လိုရင်းမှတ်ပါ။

> ဥပမာ။ ။လက်ဝါး ၂–ခုတီးလိုက်စဉ်း၊ အသံထွက်ရမည်၊ ဒီအသံဟာ လက်ဝါး ၂-ထဲကို ခွဲရှာ၊ တွေ့ရဲ့လား၊ ရှိရဲ့လား၊ မတွေ့ဘူး၊ မရှိဘူး၊ ထိခိုက်ဆဲမှာသာ ဖြစ်ပေါ်လာသောအသံဖြစ်တယ်၊ထိုနည်းအတိုင်းပါဘဲ၊ မျက်စိရုပ် အကြည်နဲ့ အဆင်းရုပ်ထိခိုက်လို့ မြင်စိတ် ပေါ်ရတယ်မှတ်၊ မြင်စိတ်နာမ်နဲ့ အသံနဲ့ ဥပမာတူတယ်၊(အသံကို)နာမ်လို့မယူနဲ့၊နာမ်ကိုမေးလို့၊သဘာဝမို့၊ အဖြေခက်လို့ ဥပမာနဲ့ဖြေသည်။

နာမ်စိတ်သည်၊ဖြစ်မှုပျက်မှုအလွန်လျင်မြန်၏၊ ကောင်းကင်က လျှပ်စစ်ပျက်သကဲ့သို့၊ လက်ဖြစ်တတွက်မှာ ကုဋေတသိန်းမျှ၊ နာမ်၏ ဖြစ်ပျက်မှုကို သိကြရမည်၊ ဒါပရိယာတ်အလို၊ (ဝိပဿနာ ယောဂီတို့ သိရမဲ့ တာဝန်မှာ) မျက်စိတမှိတ်၌ ကုဋေတသိန်း ချုပ်ပျောက် ထာကို မလိုက်နဲ့၊ ချစ်စိတ်ပေါ် ခိုက်- မုန်းစိတ်မပေါ်၊ မုန်းစိတ် ပေါ်ချိုးမှာ၊ ချစ်စိတ်မပေါ်ဘူး၊ချစ်စိတ်တမိနစ်ကြာပေမဲ့၊တစိတ်တနာမ်ဘဲထား၊တနာရီကြာပေမဲ့ တစိတ်တနာမ်ဘဲထား၊ကိုယ်ပိုင်ဉာဏ်မှာ အနိစ္စ ပျက်ကို သဘောပိုင်ဘို့ လိုရင်း မှတ်၊ (စာလိုသိဘို့တတ်ဘို့) အရှေမလိုက်နဲ့ ယောဂီ။

နာမံ အနိစ္စံ=ညွတ်တယ် ပျက်တယ်။
နာမံ ဒုက္ခံ=သိတယ် ပျက်တယ်။
နာမံ အနတ္တံ=ကြံတယ် ပျက်တယ်။

ခံစားတယ်၊ ပျက်တယ်၊(ခံစားတယ်ယူရင်) ဝေဒနာဒိဋ္ဌိ ငရဲကျပြီလို့ဝမ်းနည်းစမ်း၊ခံစားဒေါငါမဟုတ်၊ ပျက်သွားပြီ ပျောက်သွားပြီလို့ နာမံ အနိစ္စံကို သဘောကျလျှင် ငရဲက လွတ်တယ်၊ ပုဒ်ပြတ်မှတ်၊ (ညွတ်ထောင်) ကြိုက်ထောင်။ သိတောင်-ကြံစီဒေါငါဘဲလို့ နာမ်စိတ်သဘာဝကိုငါဆိုတဲ့ ဆိုင်းဘုတ်ကိုမဆွဲပါနဲ့(ဒိနာမ်) သဘာဝတရား သတ်သတ် ထားပါ (တဏှာသမိုင်းအထုပ်နဲ့) ယောဂီ ငါဆိုတဲ့ ဆိုင်း ဘုတ်ကို (ဖြုတ်ချအခါခါ) ဖြုတ်ကြပါလို့ ဗုဒ္ဓရာဇာက- အမိန့်ချလိုက်ပြီ။

နာမ်ဟာ-ယောက်ျားမိန်းမ-မဟုတ်။

**မိမိတို့သိရမဲ့-ဝိပဿနာအရာမှာ**

ခြေလှမ်းပေါင်း တရာမှာ နာမ်ပေါင်း တရာ အနိစ္စမှတ် စကားပြောတဲ့ အလုံးပေါင်း တရာမှာ=နာမ်ပေါင်းတရာ အနိစ္စမှတ်၊ စာရေးလို့-စာလုံးပေါင်း တရာ ပြီးလျှင် နာမ် နာမ်ပေါင်း တရာ အနိစ္စမှတ်၊ နာမ်ကို ပြောလျှင်- ရုပ်ပါ တပွါထည်း ပါကြောင်းကို ယောဂီသိပါ-ခြေလှမ်းပေါင်း တရာ၌ရုပ်နာမ်ပေါင်းတရာ အနိစ္စမှတ် (တခါလှုပ် တရုပ် ပျက်၊ တနမ်ပျက် တခါစားလျှင် တရုပ်ပျက် တနာမ်ပျက်

အနိဋ္ဌအချက်ကို-ထင်အောင် မြင်အောင်သဘောကျအောင် တွေးပါယောဂီ။

ဖုဋ္ဌရာဇာဒီပနီနဲ့, မကြေးနှပ် ပါက ဆရာ ရေးသော (လိပ်ပတ်လည်)ကျမ်းကိုအိပ်ဆောင် လုပ်ထားပါ ယောဂီ-သွားလေရာ အမြဲဆောင် ရန်မျိုးစုံအောင်မည်မှတ်။

ကျမ်းစာရေးဒါမဟုတ် နာမ်နဲ့ရုပ်ပျက် အနိဋ္ဌအချက်၊
စာဘတ်ဒါအရှင်းမဟုတ် နာမ်နဲ့ရုပ်ပျက်အနိဋ္ဌအချက်
ဆေးလိပ်သောက်ဒါ မဟုတ် နာမ်နဲ့ရုပ်ပျက် အနိဋ္ဌအချက်။
ပေါင်တိန်ကိုကိုင်ဒါမဟုတ်နာမ်နဲ့ရုပ်ပျက်အနိဋ္ဌအချက်
စာသင်စာချမဟုတ် နာမ်နဲ့ ရုပ်ပျက်အနိဋ္ဌအချက်။
ထမင်းချက်တယ်မဟုတ် နာမ်နဲ့ရုပ်ပျက်အနိဋ္ဌအချက်
အနိဋ္ဌကို ပေါ်လွင်အောင်တွက် ဘေးဒုက္ခအချက်။
အနိဋ္ဌကို ထင်မြင် သဘောကျအောင် တွက် အနတ္တ ရောက်တဲ့အချက်။

ပညတ်နဲ့ တွဲ၍တွေးလျှင် ခြေလှမ်းပေါင်းတရာ၌ မသာပေါင်းတရာ သေသေနေတယ်မှတ်၊ စာလုံးပေါင်း ရေးလို့ တသိန်းပြီးလျှင် မသာပေါင်းဘသိန်း သေသေ သွားပြီးလို့ သိပါ တွေးပါ ကိုင်ပင်ပါ မာနလျှော့ပါ ( မာနဟာ ဘာကျိုးမှ မရှိဘူး ယောဂီ။

နေရာတိုင်းရုပ်နာမ်ပျက်တယ်လို့ယူနိုင်ရင် အရိယာသောတာပန်အစစ်ပုဒ်ပြတ်မှတ်လိုက်။

မိန်းမထင်သူက မိန်းမမဟုတ်မှန်းကို ယောကျ်ားထင်သူက ယောကျ်ား မဟုတ်ဘူး ဆိုဒါကို ပိုင်ပိုင် သိခဲ့လျှင် တရား ရပြီ မှတ်လျှက် မိန်းမအယူ မယူကြနဲ့ ယူလျှင် ယောကျ်ားရောဂါ ဖြစ်တတ်တယ်မှတ် ယောကျ်ား အယူ မယူကြနဲ့ ယူလျှင်မိန်းမရောဂါ ဖြစ်တတ်တယ်မှတ်။

တနည်း။ ။မိန်းမက မိန်းမအယူကို စွဲမြဲ ယူထားလို့ မိန်းမရောဂါမပျောက်ထာမှတ်။ယောကျ်ားက ယောကျ်ား အယူကို အသဲစွဲအောင် အယူသန်လို့ ယောကျ်ား ရောဂါ တွေ ဘယ်တော့မှမပျောက်မှတ်။

မိန်းရောဂါပျောက်လိုက ရုပ်နာမ်ပေါ်အောင်တွေး၊

ယောကျ်ားရောဂါပျောက်လိုက ရုပ်နာမ်ပေါ်အောင်တွေး။

ရှေးသုံး ရှေး စကား အရ မိန်းမ မဟုတ် ယောကျ်ား မဟုတ်၊ ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါမဟုတ်၊ အသက် ဇီဝ မဟုတ်၊ လူနတ်ဗြဟ္မာ ဘယ်သတ္တဝါမှမဟုတ် ဒါဖြင့်ဘာလဲ နာမ်ရုပ် (ဗုဒ္ဓရာဇာခေတ်၌ သောတာပန်စာရင်းဝင်အောင် ကြိုးစားကြ ယောဂီတို့)

ရုပ်တရား နာမ်တရားလို့ သိပါ
ယောကျ်ားတရား မိန်းမတရားလို့မသိပါနဲ့
ရုပ်လို့ သိလျှင်တရားယောကျ်ားလို့သိလျှင်မတရား
နာမ်လို့သိလျှင်တရားယောကျ်ားလို့သိလျှင်မတရား
ရုပ်လို့ ယူလျှင်တရား မိန်းမလို့ ယူလျှင်မတရား

နာမ်လို့ ယူလျှင်တရားမိန်းမလို့ယူလျှင် မတရား
ရုပ်နာမ်ပျက်တယ်လို့သိတရား ခလေးကို နို့တိုက်တယ် သိမတရား
ရုပ်နာမ်ပျက်တယ်သူ အရိယာကျမ်းစာရေးတယ်ယူ အန္ဓ
ရုပ်နာမ်ပျက်တယ်သဘောကျအရိယါကျမ်းစာဘတ်တယ်ယူ အန္ဓ
ရုပ်နာမ်ဒုက္ခလို့ယူ ဘုရားရပြီတရားဟောကောင်းတယ်ထင် အန္ဓ
ရုပ်နာမ်ဒုက္ခဘဲလို့သိအရိယါတရားနာလို့ကောင်းတယ်ယူ အန္ဓ

---

ဝိပဿနာဉာဏ်မှတပါးငရဲသို့ မကျအောင် မိတ်မချရ
ဝိပဿနာဉာဏ်မှတပါး အရိယာ သောတာပန် မဖြစ်နိုင်
ဝိပဿနာဉာဏ်မရပါဘဲ ဗုဒ္ဓရာဇာအရှင်းမဟုတ်
ဝိပဿနာဉာဏ်ကိုမရပါဘဲ လူဖြစ်ကျိုးမနပ်
ဝိပဿနာဉာဏ်မရပါဘဲ ကုသိုလ်အကုသိုလ်ကံမပြတ်
ဝိပဿနာဉာဏ်မရဘဲပရမတ္ထတရားကိုမတွေ့
ဝိပဿနာဉာဏ်မရပါဘဲဘုရားစစ်ကိုမတွေ့
ဝိပဿနာဉာဏ်ကိုမရပါဘဲပရမတ္ထသံဃာကိုမသိနိုင်
ဝိပဿနာဉာဏ်ကိုမသိပါဘဲ ပုဂ္ဂိုလ်မြတ်မဖြစ်
ဝိပဿနာဉာဏ်မရပါဘဲ အပူဘယ်ခါမှမငြိမ်း

......း၀း......

## အရကျက်ပါ

ယောစ ဝဿသတံဇီဝေ-အပဿံ ဥဒယဗ္ဗယံ
ဧကာဟံဇီဝိတံသေယျော-ပဿတော ဥဒယဗ္ဗယံ

ယော၊ အကြင်သူသည်။ ဥဒယဗ္ဗယံ၊ ရုပ်နာမ် ၂-ခု ဖြစ်မှုပျက်ပြန် အသွားပြန်ကို။ အပဿံ-အပဿန္တော၊ မရှု မမြင်ပါဘဲလျက်။ ဝဿသတံ၊ လူ့ဘုံရောက်ဖြစ် အနှစ်တရာကာလပတ်လုံး။ ဇီဝေ့ဇီဝေယျ၊ မင်းကြီး သူဌေးကြီး ဖြစ်၍ နေညားအံ့။ နသေယျော၊ သာသနာတွင်း၌ အလင်းရောင်ကို မရ အဝိဇ္ဇာအမှောင်အတိကျ လူအန္ဓဇာတ်ရှိ့ ဘယ်အခါမျှ မမြတ်တော့ချေ။ ဥဒဗ္ဗယံ၊ ဖြစ်ပျက်ရုပ်နာမ် တရားမှန်ကို။ ပဿတော၊ ဝိပဿနာဉာဏ်ပညာဖြင့် သိမြင်ပေါက်ရောက်သောသူအား။ ဧကာဟံ၊ တနေ့တရက်မျှ။ ဇီဝိတံ၊ အသက်ရှင်ရခြင်းသည်။ သေယျော၊ ယောကျ်ားမိန်းမ ဒုလ္လဘအစစ် လူဖြစ်ကျိုးနပ်၍ အမြတ်ကြီးမြတ်တော့သည်သာတည်း။

## ဘာဖြစ်လို့ပါဠိလိုဝိပဿနာခေါ်ပါသလဲ

ဖြေတယ်။ ။ခန္ဓာကိုယ်၌ မမြဲတာအသိမျိုးထက် ထူးကဲစွာ သိမြင်တတ်တဲ့ဉာဏ်ရှိလို့ ဝိပဿနာခေါ်တယ်မှတ်လိုက်၊ ယောကျ်ားမိန်းမ မဟုတ်တဲ့ ဉာဏ်ထူးဉာဏ်မြတ်ကို ရလို့ ဝိပဿနာ ခေါ်တယ်မှတ်။ သူများမေး အောက်ကျ မခံပြော တရားနာလျှင် သောတာပန်ဖြစ်လိုပါက ဝိပဿနာ တရားကိုနာပါ အခြားတရားနဲ့ သောတာပန်နဲ့ လုံးဝ မသက်ဆိုင် ပါးစမ်းပါ နပ်စမ်းပါ။

အရိယာသောတာပန်ဉာဏ်ကိုရလျှင် တနည်း အနတ္တဉာဏ်ကို ရလျှင် အိမ်ထောင် ပြုလိုကပြု မပြုချင်လဲ နေ၊ သင်္ကန်း ဝတ်ချင် ဝတ် မဝတ်ချင် နေ ဆံပင် ရိပ်လိုက ရိပ် တောထွက်လိုက ထွက် ပိဋကတ်သုံးပုံ သင်လိုက သင်ပါ။ အိုး အိမ် တိုက် တာ ရွှေ ငွေရတနာ အထည်မျိုးစုံတို့နဲ့ နေနိုင်တယ် မနေလိုက သဘောအတိုင်းမှတ်ပါ။ ကာမဂုဏ် ငါးပါး ခံစားနိုင်၏ မခံစားနိုင်ချင် ဖါသာနေ၊ သားသမီးတွေနဲ့ ပျော်ပါးမော်ကြွား၍ နေနိုင်၏ မနေလိုက အိမ်ထောင်မယူနဲ့။ သက္ကာယဒိဋ္ဌိမီးကြီး ငြိမ်းသည့် အတွက် တဏှာ လိုက်စားလျှက် အပါယ်မကျသော ဂုဏ်ထူးကို သောတာပန်ဖြစ်မှ ရနိုင်သည် ဒိဋ္ဌာအဋ္ဌ ငါ မဟုတ် (အနတ္တလက္ခဏာမှတ်)

## ဗုဒ္ဓရာဇာကလမ်းညွှန်ပြန်ပြီ

### နားမလည်ဘဲနဲ့ တရားမရဘူး
### စာကို လေးလေးဘတ် ပြန်ဘတ်

ပဋိသန္ဓေနေစရေကြည်ကဖြစ်တယ်၊ ရေကြည် ၇-ရက် ၂-လီ၊ ပြီးမှ ရေမြှုတ် ၇-ရက် ၂-လီ၊ သွေးခဲက ၇-ရက် ၂-လီ၊ သားတစ်က ၇-ရက် ၂-လီ၊ ခက်မငါးဖြာက ၇-ရက် ၂-လီ။ ကိုင်း ဓာတ်သဘာဝ ဆောင်သလား-သတ္တဝါ အကောင်လား၊ တိုင်ပင်ကြ၊ တဏှာခရိုင်ဝင်သမျှ ဟိုအရင်ဘဝက (ဘဝနိကန္တိလောဘဇော) ကြောင့်လို့ ဥပဒေကဆိုပြန်တယ် ဒီအချက်ခက်တယ်။

ဒိနေရာ နက်ကျယ် အဆန်းမဟုတ်ပါဘူး ပဌာန်းသရုပ်က နာနက္ခဏိက ကမ္မပစ္စည်း၊ သဟာဇာတကမ္မ ပစ္စည်း၊ ၂ ပစ္စည်းအဆက်ကြောင့် ဖြစ်ပြီးလျှင်၊ ပျက်ဆိုတဲ့ ဒိနေရာ အနိစ္စဗုဒ်းအမြောက်က ပစ်လိုက်ပြန်ပြီ။ ဘယ်လိုပင် အနိစ္စနဲ့ပစ်ပေမဲ့ ဒိဋ္ဌချစ်ထားတဲ့ တဏှာတဘက်စကားနဲ့ မွေ့တာ တွက်ထားဒါက ၂ လနဲ့ ဆယ်ရက်ထားရှိပြီတဲ့၊ ခက်တယ် ယောဂီ လူအယူရှိသူက ဝမ်းဗိုက်ထဲမှာ သားကလေး ဖြစ်လာတယ်။ လူအယူမရှိသူက ရုပ်သဘာဝထဲမှာ အနိစ္စ လက္ခဏာဝင်နေပြီ။

တရားနဲ့ မတရား၊ ဘုရားနဲ့အမျှား ရုပ်နလက္ခဏာနဲ့သား တဖြေးဖြေး ရင့်လာတယ် ၃ လ ၄ လ ရှိလာပြီ အယူနဲ့ ပျက်ပျက်လိုက်တယ်ဆိုဒါနဲ့ ဝေဘန်ကြ၊အခြေမဟာန်ဒါက မရှိဒါကလာတယ် မရှိဒါကိုဘဲ ရောက်ကြရမယ်။ဒါဖြင့်ရင် လူဘာဝရောက်လာဒါက အမှန်လား ရုပ်အနိစ္စ ယူရင်ကော သမ္မာဒိဋ္ဌိဉာဏ် ဟုတ်ပမလား၊ ရုပ်ကတဖွားဖွား ပျက်ရင် နာမ်ကတော့ ဘယ်လိုပျက်သလဲ အမှန်တွက်စရာ နာမ် လက္ခဏာနဲ့ရုပ် ဉာဏ်မွေ့စကြာနဲ့လုပ် (သမ္မာဒိဋ္ဌိ သမ္မာ သက်ပ္ပ) ပညာ့မဂ္ဂင် ရုံးတော်က ယောကျ်ားမဟုတ် မိန်းမ မဟုတ် နာမ်နဲ့ ရုပ် ၂ ပါးလို့ ဘာကောင် ဘာသတ္တဝါမှ မဟုတ် နာမ်နဲ့ရုပ် ၂ ပါးလို့ ဆုံးဖြတ်ချက် ချလိုက်ကပြီ သုံးထပ်တွက်ရမှာကနာမ်မှာအနိစ္စ-ဒုက္ခ-အနတ္တ-ရုပ်မှာလဲ အနိစ္စ-ဒုက္ခ-အနတ္တ-မရှုပ်နဲ့ရှင်းမယ်လူသေသလားရုပ်နာမ် ပျက်သလား (ဒုက္ခအချက်ကသာ၍ခက်တယ်) ဝိပဿနာ

လမ်းပြဆရာလုပ်သူတို့ကို ဗုဒ္ဓရာဇာက လျှောက်ထားပြီး လျှောက်လွှာတင်လိုက်ပြီ။

## နဘူးဘတ်-ဆိုင်းဘတ်-လေးဘတ်-တွေးဘတ်

လျှောက်ပါသည့် အရှင် တင်ပါသည့် ဘုရား။ ။ဒုက္ခ ဆိုဒါ သာဘာပြန် ဆင်းရဲတယ်ဆို၍။ နာမ်ဆင်းရဲသလား လူမှာသာ ဆင်းရဲဆိုမလား ဗဿ-ဝေဒနာ-သညာ ဆိုတဲ့ နာမ်တွေ ဆင်းရဲ ဒုက္ခ ရောက်မလား၊ လူပုဂ္ဂိုလ်သတ္တဝါ တွေမှာ အိုနာသေ ဆင်းရဲဆိုမလား၊ခက်တယ် (နာမ်ဒုက္ခ နဲ့) လူဒုက္ခခွဲပြစမ်း ရုပ်မှာဒုက္ခသက္ခဏာ တင်ရမယ်ဆို ရုပ်ဆင်းရဲမလား လူကဆင်းရဲသလား ပထဝီ ဓာတ်ဆင်းရဲ ဒါမြင်ဘူးသလား။ လူစိတ်မချမ်းသာ ဆိုတာလား အာပေါ တေဇော ဝါယောတို့ ဘေးဒုက္ခ သင့်နေကြတယ်လို့ လက္ခဏာ တင်ရှုရမလား။ ဇာတိဇရာ ဗျာဓိမရဏ ဒုက္ခ အစ ပိယေဟိ အပီယေဟိ ဆိုဒါက ဒုက္ခအလယ်သေတယ် သေဘိလို့ သိကြလို့ ပူပန်မှုတွေကိုဘဲ ဒုက္ခဟူ၍ သိရမှာ လား၊ ဗုဒ္ဓကိုအလွဲမပြောနဲ့ ဒီမေးခွန်းအရ ဒုက္ခကိုခွဲဟော ခွဲရေး အမြဲသွေးပျက်နေဒါကတော့ ရုပ်ပါဘဲ ယောဂီရဲ ဒါအနိစ္စနော် ဒုက္ခနဲ့ မရှုပ်နဲ့။

## အနိစ္စနဲ့-ဒုက္ခ ၂ ချက်ဟာ

ရုပ်နာမ်မှာ တင်ရှုဘို့ မြင်မှုကို လူထင်ချင် ခက်ပြီ-ဘာ့ကြောင့် မြင်စိတ်ကို ဘာဆိုမလဲ မျက်စိကိုရုပ်လား လူ့မျက်စိလားဖြေစမ်း၊

မျက်စိရယ် မြင်စိတ်ရယ် အဆင်းရုပ်ရယ် ပညတ်နဲ့ ပရမတ် မရှုပ်စေနဲ့ ရှုပ်လို့ရှိလျှင် ဓာတုဒီပနီထံသွားခြေ မှားနေသေးလျှင် ပညာဒီပနီက ခေါ်နေတယ် မြင်ဒါကို ငါ မြင်တယ်ယူရင် ဉာဏဒီပနီနဲ့တိုက်သဘာဝပုံ အညီမကိုက် လျှင် အမြင်မှားတတ်တယ် မျက်စိက အမြင်မှန် ရလိုက စက္ခုဒီပနီရုံးတက်နော်၊ မျက်စိနဲ့ ပတ်သက်သမျှမှာ ခရိုင် မင်းကြီးဌာနလို့သိ။ ဓာတ်သဘာဝမသိလို့ပုဂ္ဂိုလ်သတ္တဝါ အစစ်ဒါ့ကြောင့် ငါချစ်တယ်လို့ တဏှာစိတ် ကြံပါလျှင် ဓမ္မဓိဋ္ဌာန်ကို ရှေ့နေငှါး ယနေ့ သေမလား နက်ဖြန် သေမ လား အခုဘဲသေနေသလားလို့ ရုပ်အနိစ္စနဲ့လူသေ သရုပ် ကွဲဘို့မူအခြေက ပဒဋ္ဌေ ဒကိုသက်သေထူပါ မဂ်အခြေယူ စရာပထမ ဓမ္မတာအညင်းမများဘို့ ဘာသာ ရှင်းတမ်း တရားစာနှင့် လျှောက်လွှာတင် နောက်တဏှာစင်ခြင်လိုက သတိထား ကျမ်းငယ်ကိုအကူအညီတောင်းနော် လူအမည် ပြောင်းရမှာက နာမ်ရုပ်ကိုပိုင်ပိုင်သိလျှင် ကလျာဏ-ပုထု- မဟာသောတာပန် ဖြစ်ကပြီ အရိယာ ခေါ်တော့ လူဆိုတဲ့ ဒိဋ္ဌိအမည်မှ လွတ်အောင် လှမ်းကြတော့ ထွဋ်ခေါင် ကမ္မဋ္ဌာန်း အကြွယ်ပြဒါကြည့်အပါယ်မကျတော့ဘူးလို့သိ {မညင်းနဲ့လာအဟုတ်}မင်းနဲ့ငါစာအုပ်အမေးအဖြေအမှတ် ပြုယောဂီ လောကီဆိုဒါ အသားမပါ တရားရှာဘို့ နည်း နိသျှအခြေရဘို့အတည်က ဟော ဓမ္မသန ဒီပနီက ငါ့ နည်းယူလှဲ့တဲ့ ငါ့နည်းကိုမရခင် ပထမထွင်တာက မဟာ မင်္ဂလာဆိုလျှင် ဒါတရားအခြေခံမှတ်အများနဲ့ အမှန်ဝေဘန်

ဘို ၂ ရပ် ပညာ အဆီ သရုပ်နဲ့ သင်္ဂါယနာဒီပနီအုပ်က လုပ်သမ္ဘရတနာ ဟောဒိဗုဒ္ဓရာဇာက ကျမ်းတံခွန် ပထမ ယောဂီတို့ရေ လမ်းညွှန်လို့ ပြသိက်ပြီ ရုပ်ဒုက္ခနဲ့ လူဒုက္ခ သိလိုကြပါက ခေတ်စာအုပ်ဆိုင်မှာ ကျမ်းမျိုးပုံသာ ပူဇော် ကြပါ။

## (ပညာရှိသိဘို့ အနတ္တ-လူမြိန်းသိဘို့ အနတ္တ)

မြန်မြန်မဘတ်နဲ့ စာဘတ်မရှုပ်နဲ့ ကိုယ့်မှာရှိထား သိ ထားတဲ့ဉာဏ်ကို ဖယ်ထား သဗ္ဗတ်နဲ့ စာဘူးတောင်းဖြစ် လာရင် ကလိန်ချုံ့ထဲရောက်ဘတ်တယ် မာနကိုဖယ်လိုက်။

၁ အနတ္တ-အစိုးမရ
၂ အနတ္တ-အလိုမလိုက်
၃ အနတ္တ-အနှစ်မရှိ
၄ အနတ္တ-ဘာမှမဟုတ်
၅ အနတ္တ-ရုပ်နဲ့နာမ်
၆ အနတ္တ-ခန္ဓာငါးပါး
၇ အနတ္တ-အာယတန ၁၂
၈ အနတ္တ-ဓာတ် ၁၈
၉ အနတ္တ-လူ
၁၀ အနတ္တ-နိဗ္ဗာန်
၁၁ အနတ္တ-ပညတ်
၁၂ အနတ္တ-ပရမတ်
၁၃ အနတ္တ-လောက

၁၄ အနတ္တ-လောကုတ္တရာ

၁၅ အနတ္တ-ပုဂ္ဂိုလ်သတ္တဝါ

၁၆ အနတ္တ-သဘာဝဓမ္မ

၁၇ အနတ္တ-သင်္ခတခေတ်

၁၈ အနတ္တ-အသင်္ခတခေတ်

၁၉ အနတ္တ-စိတ်စေတသိက်ရုပ်

၂၀ အနတ္တ-ပရမတ္ထတရား၄ပါး

၂၁ အနတ္တ-ဒုက္ခနဲ့သမုဒယ

၂၂ အနတ္တ-မဂ္ဂသစ္စာ

၂၃ အနတ္တ-နိရောဓသစ္စာ

၂၄ အနတ္တ-ပဋိစ္စသမုပ္ပါဒ်

၂၅ အနတ္တ-ဝိဇ္ဇာဉာဏ်

၂၆ အနတ္တ-အန္ဓဗာလ

၂၇ အနတ္တ-အရိယာ

၂၈ အနတ္တ-ငါနှဲ့သူ

၂၉ အနတ္တ-အတ္တမရှိ

၃၀ အနတ္တ-ဒိခန္ဓာ

၃၁ အနတ္တ-ခန္ဓာမဟုတ်

၃၂ အနတ္တ-တောတောင်ရေမြေ

၃၃ အနတ္တ-အာကာသ ဟင်းလင်း

၃၄ အနတ္တ-အတုံးအခဲ

၃၅ အနတ္တ-သုည

၃၆ အနတ္တ-လက်ထဲက ပစ္စည်းရု

၃၇ အနတ္တ-လက်ဆုပ်ဖြန့်ကြည့်ဘာမရှိ
၃၈ အနလ-ကျမ်းစာရေးဆဲ
၃၉ အနတ္တ-ဘယ်သူမှမရေးဘူး
၄၀ အနတ္တ-လောကဓံတရား ၈-ပါး
၄၁ အနတ္တ-ရဟန္တာ
၄၂ အနတ္တ-ပိဋကတ်သုံးပုံ
၄၃ အနတ္တ-ပိဋကတ်အဆုံး
၄၄ အနတ္တ-ပညာသိက္ခာ
၄၅ အနတ္တ-အသေက္ခခတ်ပြီ
၄၆ အနတ္တ-ဗုဒ္ဓရာဇာ
၄၇ အနတ္တ-သာသနာတော်
၄၈ အနတ္တ-သင်္ဂါယနာပွဲတော်
၄၉ အနတ္တ-အရိယာ၄ယောက်
၅၀ အနတ္တ-ယောက်ျားမိန်းမ အတုံး
၅၁ အနတ္တ-ခေတ်တုံးသိပိုင်ရဲ့လား
၅၂ အနတ္တ-လက်ထိရုပ်ခဲသဘောကျလား
၅၃ အနတ္တ-ထိဆုပ်မရ သဘာဝ
၅၄ အနတ္တ-၃၁ဘုံဗွာန ကြိုးစမ်းပါ
၅၅ အနတ္တ-ဘုံလူဟူသမျှ ဖြူကမျှမရှိ
၅၆ အနတ္တ-လူနတ်ဗြဟ္မာ အပါယ်၄ပါး
၅၇ အနတ္တ-အားလုံး အစိုးရ မှိအောင်လိုက်
၅၈ အနတ္တ-ထုတ်ခြင်းပေါက်
၅၉ အနတ္တ-တိုးခွေ့လို့မရဘူး

၆၀ အနုဋ္ဌ-ရဟန္တာဉာဏ်ရသူ
၆၁ အနုဋ္ဌ-ဉာဏ်ကိုရသူ လုံး၀မရှိ
၆၂ အနုဋ္ဌ-စီးပွားရှာလို့ရ
၆၃ အနုဋ္ဌ-စီးပွားမဖြစ်
၆၄ အနုဋ္ဌ-လင်သေ မယားသေ
၆၅ အနုဋ္ဌ-ယူတုံးကပင်မရှိဘူး
၆၆ အနုဋ္ဌ-မွေးပြီးသေတယ် တွေး
၆၇ အနုဋ္ဌ-မွေးသူအရှင်း မရှိ မာနလျှော့ပါ
၆၈ အနုဋ္ဌ-ဖြစ်ပျက် ၂-သဘော
၆၉ အနုဋ္ဌ-ပျက်ဘို့ဝေး ဖြစ်တောင်မရှိ
၇၀ အနုဋ္ဌ-မပိုင်မဆိုင်
၇၁ အနုဋ္ဌ-ပိုင်တယ် ဆိုင်တယ်
၇၂ အနုဋ္ဌ-သူဖြစ်ချင်သလို
၇၃ အနုဋ္ဌ-ထင်တိုင်းမပေါက်
၇၄ အနုဋ္ဌ-နဂိုခတ်
၇၅ အနုဋ္ဌ-မူလအတိုင်းမဟုတ်
၇၆ အနုဋ္ဌ-ဦးမြတ်သိန်းထွန်းအမည်
၇၇ အနုဋ္ဌ-ပရမတ်ရုပ်ရု
၇၈ အနုဋ္ဌ-ငရဲသား
၇၉ အနုဋ္ဌ-အကုသိုလ်ပြုသူမရှိ
၈၀ အနုဋ္ဌ-ဗြဟ္မာမင်း
၈၁ အနုဋ္ဌ-ကုသိုလ်ပြုသူမရှိ
၈၂ အနုဋ္ဌ-အသညသတ်ဗြဟ္မာ

၈၃ အနတ္တ-သမ္မာဒိဋ္ဌိဉာဏ်
၈၄ အနတ္တ-အရူပဗြဟ္မာ
၈၅ အနတ္တ-ဥပါဒ်-ဋ္ဌီ-ဘင်
၈၆ အနတ္တ-သတ္တဝါခပ်သိမ်း
၈၇ အနတ္တ-ဘုရား
၈၈ အနတ္တ-ပါရမီ ၁၀-ပါး
၈၉ အနတ္တ-သဗ္ဗညုဉာဏ်
၉၀ အနတ္တ-ဗောဓိပင်
၉၁ အနတ္တ-ကိစ္စဉာဏ်
၉၂ အနတ္တ-အသက်မရှိ
၉၃ အနတ္တ-ကတဉာဏ်
၉၄ အနတ္တ-ခန္ဓပရိနိဗ္ဗာန်
၉၅ အနတ္တ·ကိလေသပရိနိဗ္ဗာန်
၉၆ အနတ္တ-ဓာတုပရိနိဗ္ဗာန်
၉၇ အနတ္တ-ဘဝ
၉၈ အနတ္တ-အဇာတိ
၉၉ အနတ္တ-ရဟန္တာသေ
၁၀၀ အနတ္တ-ဘုရားမသေ

အနိစ္စဒုက္ခအနတ္တသိသူတို့၌အပါယ်လေးပါးမရှိ၊ဒုစရိုက်မရှိ၊ပုဂ္ဂိုလ်သတ္တဝါဗြဟ္မာဒေဝ ဇီဝအသက်တစက်ကမျှမရှိ သုံညတနိဗ္ဗာန်ရ၏၊ အဲဒါဗုဒ္ဓရာဇာ့ရဲ့ ကျေးဇူးမှတ် ယောဂီ၊ စာရေးရင်း သုသာန်နိုးဒါဗယ်ပါ၊ အလုပ်လုပ်ရင်း ထမင်း စားရင်းသေတိုးတက်ထာ တွေ့ထားပါ၊ သိန်းထိပေါက်တဲ့

နေ့၊ အိမ်ထောင်ကျတဲ့ နေ့မှာဘဲ-မဟာ ဒုက္ခကြီး မရဏာ ဘေးကြီးအစစ်လို့ သိသူသဘောကျသူဟာ ရှားပါတယ်။

သေရမှဲ့အတူတူ အနတ္တဉာဏ်ပိုင်အောင်ယူ။

ခွဲဆို့လျှင် ကယ်သူမရှိပါဘူး၊

လူသေကောင်တရားနာတယ်ယူရင်အနတ္တနဲ့ဝေးပြီ၊

တဏှာ-မာန-ဒိဋ္ဌိရှိသူမှာ ဘုရားမပွင့်၊ သာသနာကိုလဲ မတွေ့၊ ဘုရားသံနဲ့ သာသနာအသံကို ကြားပေမဲ့၊ လင်သံ မယားသံ၊ရာထူးသံ၊ ဂိုဏ်းသံ၊ ဂုဏ်သံတွေလောက်,အား မကိုးနိုင်မှတ်လေ။ယခုခေတ်,ယခုဘဝ,ယခုဏာ ကလေးမှာ (သက်လုခမ်း) ယောဂီတို့၊ကောင်းသော ဂုဏ်ကို အတုခိုး ချိုးမြှောက်၊ မဖျက်ဆီးနဲ့။

## သာမကပါဠိ အမြွက်မျှ

အနိစ္စံ ခယဋ္ဌေန
ဒုက္ခံ ဘယဋ္ဌေန
အနတ္တံ အသာရကဋ္ဌေန
အနတ္တံ·အဝသ ဝတ္တနဋ္ဌေန
အနတ္တံ အသာမိကဋ္ဌေန
နအတ္တံ=အနတ္တံ

၁ ကုန်တတ်သောသဘောကြောင့် ပျက်တယ်၊
(ကုန်တာနဲ့ ပျက်ထာ တွေးစမ်းပါ)

၂ ဘေးဟူသောသဘောကြောင့် ဆင်းရဲတယ်။
(ဘေးနဲ့ဆင်းရဲဒါဘယ်လို ထူးပါသလဲ မေးပြီ)

၃ အနှစ်မရှိသောသဘောကြောင့်ငါမဟုတ်ဘူး။
(အနှစ်မရှိဒါနဲ့ ငါမဟုတ်ထာ ခွဲစဉ်းစား)
၄ အလိုမလိုက်သော သဘောကြောင့် ငါမဟုတ်။
(အလိုမလိုက်နဲ့ ငါမဟုတ် ကြပ်ကြပ် ဝေဘန်)
၅ အစိုးမရသောသဘောကြောင့် ငါမဟုတ်၊
(အစိုးမရဒါနဲ့ ငါမဟုတ် သဘောကျရင်အချုပ်)
၆ ငါ ငါပိုင်မဟုတ်ထာ ပါဠိစကား အနတ္တ၊
(ငါမဟုတ်လျှင်ဘာဟုတ်သလဲစဉ်းစားပြုမေးပါ)

---

၁ (တဏှာ) ဧတံမမ။ ဧတံ၊ ဤခန္ဓာကိုယ်သည်။မမ၊ ငါ့အချစ်ဆုံးကိုယ်တည်း။

၂ (မာန) ဧသောဟမသ္မိ။ဧသော၊ဤခန္ဓါကိုယ်သည် အဟံ၊ ငါပြုတိုင်း။အသ္မိ၊ ဖြစ်၏၊

၃ (ဒိဋ္ဌိ)ဧသောမေအတ္တာ။ဧသော၊ဤခန္ဓာကိုယ်သည် မေ၊ငါ၏၊အတ္တာ၊ အပိုင်းတည်း။

မွေးစက ခန္ဓာကိုယ်တုံး သက်သက် ကြည့်မကောင်းလို့ ကြိုက်မကောင်းလို့၊ ချစ်စရာမဟုတ်လို့၊ ကြည့်ကောင်းအောင်၊ ချစ်ဘွယ်ကောင်းအောင်၊ ကြိုက်ဘွယ်ကောင်းအောင်၊ အဝတ်အထည်ဖုံးအုပ်၍၊ ငါ-ငါပိုင်၊ သူ့သူ့ပိုင် ပြုလုပ်စီမံကြလို့၊ အသုဘကို သုဘထင်ပြီ ယောဂီရယ်၊ ခက်ထာဘဲ၊ ပြန်လဲ စဉ်းစား စမ်းပါ၊ ကိုယ့်ကို ကိုယ်ဘဲ မှန်ထဲမှာဘဲ ကြည့်စမ်းပါ၊ မွေးစခလေးတွေကိုတွေးကြည့်ပါ၊ ဒီခန္ဓာကို

ရွှိစရာအစစ် အပုတ်တုံး ကောန်အမှန်လို့ သိလျှင် ဘဝပြတ် တရားရတ်ရှိနိုးပါတယ်၊ ယောဂီ။ ဒီခန္ဓာပုတ်ဟာ ခေတ္တခဏ ဆင်မြန်းထားသော တံဆာအဝတ်အထည်တို့ဖြင့် ဖုံးလွှမ်း ထားလို့ ယောကျ်ားတို့က မိန်းမတို့ကို နှစ်သက်၍၊ မိန်းမ တို့က ယောကျ်ားတို့ကို ချစ်ခင်ကြကုန်၏၊ (ဒီခန္ဓာပုတ်ကို) တကယ်မျက်မြင် ဉာဏ်မြင် ၂-မြင်နဲ့ ဆင်ခြင်လျှင် သိသာ ပါတယ် ယောဂီရယ်၊ ပရမတ်ဉာဏ်၊ ဝါတ်ဉာဏ်၊ အနတ္တ ဉာဏ်၊ ဝိပဿနာဉာဏ်ကိုရပြီးသူတို့က၊ တနည်း-ဒီအပုတ် တုံးမှ လွတ်ထွက်သော ဝိပဿနာဉာဏ်ကို ရသူတို့က ကိုယ့်ဉာဏ်လွှာ၍ ကိုယ့်ခန္ဓာကို ပြောင်ပြောင်ရဲရဲ ကြည့်မြင် တတ်ပါသော်၊ နံနံကလေးမျှ ချစ်စရာ၊ နှစ်သက်စရာမဟုတ် ကြောင်းကို ဒီခန္ဓာအပုတ်က၊ တ ဟောင်း ဟောင်း ထွက် သော အသုဘ သွေးရည်၊ ပြည်ရည်၊ ချွေးနဲ့ ဆီကြည် စသည်တို့က ဘျင်ငယ်ကျင်ကြီးအထိ၊ သက်သေခံနေပါပြီ။

လူသေကိုဖယ် အသုဘကို တကယ် လူ့ရှင်ရဲ့ ခန္ဓာ မှာ ကြည့်မြင်တတ်ပါလျှင် အရိယာဉာဏ် ၃-ဆင့်သို့ ရောက် ပါတယ် ယောဂီတို့၊ ဆုပေး - ဆုတောင်းတွေကို သပိတ် မှောက်ပါတော့။

............

## ဝိသုဒ္ဓိမဂ် သက်သေခံ ပါဠိ ဘာသာ အရကျက်။

အာဂန္တုကေန အလင်္ကာရေန ပဋိစ္ဆန္နတ္တာ
တဒဿ ယာထာဝ သရသံအသုဘလက္ခဏံ

အသဥ္စာနန္တာ ပုရိသာ ဇာနန္တိသု ဇာနန္တိယောဝ
ပုရိသေသု ရတိံ ကရောန္တိ၊ ပရမတ္ထတော
ပနေတ္ထ ရတ္တိ တမ္ဗူက ယုတ္တာ ဌာနံ နာမ
အကာရမတ္တမ္ပိ နတ္ထိ။ ။

အာဂန္တုကေန၊ ခေတ္တမှ ရောက်လာသော၊ အလင်္ကာရေန၊ တံဆာထမီ အင်္ကျီ ပုဆိုး ဝတ်ထည်စုံ အမျိုးမျိုးဖြင့်၊ ပဋိမဏ္ဍိတ္တာ၊ အသုံးဆန်းအောင် ထုံးတန်းစဉ်လာ ဖုံးသွမ်း၍ ဆင်မြန်း တတ်သည့်၏ အဖြစ်ကြောင့်။ (စည်းပြင် မထွက် ကိုယ့်မျက်စိ ကိုယ့်ခန္ဓာကြည့်)။ ယထာဝသရသံ၊ အဟုတ် အမှန်သဘောအတိုင်းဖြစ်သော၊ အသာ၊ ထိုယောဂီရဲ့ခန္ဓာ၏ တံအသုဘလက္ခဏာ၊ ဝွံ စရာအစစ် ထိုလက္ခဏာအမှန်အဖြစ် ကို။ အဇာနန္တာ၊ မသာအရိပ် ရှိသော်လဲ- တကျအဆိပ် မိသဖြင့် ပေါ်လွင်အောင် မသိနိုင်ကြကုန်သော-

တွေး-ကြပ်ကြပ်တွေး၊ သဘောဘူသူနဲ့တိုင်ပင်တွေး။
စာဘတ်မမြန်နဲ့တရားရအောင်ဘတ်ရင်ခန္ဓာကိုယ်နဲ့ဟပ်။

ပုရိသာ၊ မိန်းမအစစ်ရှိတယ်ထင်၍ အန္ဓအမြင်နဲ့ ဘောက် ပြား၊ မျက်ကန်းဆိုဆိုက်တဲ့ ယောက်ျား အပေါင်းတို့သည် ဇာနန္တိသု၊ ကိုးပေါက်ဒွါရ လာသမျှအညစ် မစဉ်းစားနိုင် အောင်- တကယ် ချစ်လှသော မိန်းမတို့၌၊ ဇာနန္တိယောဝ ယောက်ျားကောန်ဘဲလို့ သက္ကာယဒိဋ္ဌိဆိုင်းဘုတ်ကိုလည်ပင်း မှာဆွဲပြီး၊ အသဲစွဲအောင် ထိန်းမရတဲ့ များလှသော မိန်းမ အပေါင်းတို့သည်။ ပုရိသေသု၊ ရေချိုးသော်လဲအပုတ်မစင်

ကြယ်၊သုတ်သင်၍ချယ်လှယ်ပေမဲ့ မပြတ်ယိုစီး၊ ကျင်ကြီး ကျင်ငယ် ရွံ့စေဘွယ် ရှောက်သွား — မသာဘုံး ဖြစ်သော ယောက်ျားတို့၌။ ရတိံ၊မပြစ်ရက်အောင် နှစ်နှစ်သက်သက် ၂-ဦးပြိုင် ချစ်မက်ကြခြင်းကို။ ကရောဿ၊ အိမ်ထောင်ပြုကြကုန်၏။

ဧတ္ထ၊ ဤအသုဘအခန်း၌။ ပန၊ အန္ဓပုထုဇဉ်တို့၏အသိမှ တပါး — အရိယာ ပုဂ္ဂိုလ်တို့၏ အသိဉာဏ်ကို ပြပေအံ့။ ပရမတ္ထတော၊ ပရမတ်ဉာဏ်အမြင်သန်၍ အနာဂါမ်အထိ သိမြင်ကြသော အရိယာတို့၏ ဉာဏ်အားဖြင့်။ ရဇ္ဇိတဗ္ဗက ယုတ္တဣတ္ထာနံနာမ။ ချစ်စရာ နှစ်သက်စရာ နှင့် ယှဉ်တွဲသော တခုသောနေရာမည်သည်။ အဏုမတ္တမ္ပိ။ မြူမှုံ ကလေးမျှလည်း။ နတ္ထိ၊မရှိပါဘူး။ နတ္ထိ၊ ကိုယ့်ခန္ဓာကိုယ်သာကြည့် ကိုယ်ကြိုက်ထား ကိုယ်သာထိ၊ ရွံ့စရာမသာအစစ်မို့၊ပြောင်တကျော့ဖြစ်စရာမရှိအောင် ရှာဖွေကြလေတော့သတည်း။

......း၀း .....

## ဝိပဿနာ ဆန်းစစ်ပုံ။

၁ နိဗ္ဗာန်ကို ငရဲကဖုံးတယ်။
၂ တရားအစစ်ကို စည်းစိမ်တွေကဖုံးတယ်။
၃ ပရမတ်ကို ပညတ်ကဖုံးတယ်။
၄ အသားကို မယားထင်လို့ကဖုံးတယ်။
၅ အပုတ်တုံးကို လင်ထင်လို့ကဖုံးတယ်
၆ ဗုဒ္ဓရာဇာကို အန္ဓမင်းတွေကဖုံးတယ်။

၇ သင်္ဂါယနာပွဲကို သူယုတ်မာတွေကဖုံးတယ်။
၈ ဓမ္မကထိကတွေကို ပိုက်ဆံမက်ထာကဖုံးတယ်။
၉ ဝိပဿနာ လမ်းပြ ဆရာကို တိုက်ကောင်း, ကားကောင်းတွေကဖုံးတယ်။
၁၀ အရိယာကို အန္ဓဗာလတွေကဖုံးတယ်။
၁၁ သွေးပုတ်သွေးခဲအစုကို သူဌေးထင်လိုးကဖုံးတယ်။
၁၂ ရေကြည်ရေမြှုတ်ကိုလူ့စည်းစိမ်သိန်းထိကဖုံးတယ်။
၁၃ ရွံ့စရာ မကြည့်ချင်စရာကို အဝတ် တံဆာတွေ ကဖုံးတယ်။
၁၄ ထုံးမှုန့်၊ သဲ၊ မြေကြီးကို အုတ်တိုက်ကဖုံးတယ်။
၁၅ ဆေးခွက်ဆေးရည်ဗုတ်တန်ပိတ်ကားကို ယောကျ်ားမိန်းမရုပ်ပုံတွေက ဖုံးတယ်။
၁၆ ကော်ပြား၊ မှန်ဘီလူး၊ လျှပ်စစ်မီး၊ ပိတ်ကား ကို ဘိုင်စကုတ် လူကပွဲတွေကဖုံးတယ်။
၁၇ မြေကြီးသက်သက်ကို မြို့ကြီးကဖုံးတယ်။
၁၈ လူသေကောင် အသားခြင်းကို လူ့ရှင်သူငယ်ချင်းကဖုံးတယ်။
၁၉ သစ္စာဥာဏ်အမှန်တရားကို လိမ်ဝါသူက ဖုံးတယ်။
၂၀ ရုပ်နဲ့နာမ် ပရမတ်တရားကို သဏ္ဍာန်ကဖုံးတယ်။
၂၁ ဓမ္မာငါးပါးသဘာဝကို ရဟန္တာသေလို့ ဘဝပြတ်က ဖုံးတယ်။
၂၂ သစ္စာ ၄-ပါး တရားအမှန်ကို ဗောဓိညောင်ပင် ကဖုံးတယ်။

၂၃ သမ္မာဒိဋ္ဌိဉာဏ်ကို မိစ္ဆာဒိဋ္ဌိအဝိဇ္ဇာက ဖုံးတယ်။
၂၄ ဂေါတမ ဘုရားကို ဒိဋ္ဌိ၆၀၀၀၀တို့က ဖုံးတယ်။
၂၅ မဇ္ဈိမသမ္မာဒိဋ္ဌိဉာဏ်ကို အတ္တနဲ့ ကာမက ဖုံးတယ်။
၂၆ အလုပ်ပင်ပမ်းတဲ့ ဒုက္ခဆင်းရဲကို အချစ် တဏှာက ဖုံးတယ်။

၂၇ ခဏခဏရုပ်နာမ်ပျက်ကို လူရှင် ထင်လုံးက ဖုံးတယ်။
၂၈ ဝဏ္ဏအဆင်းရုပ်ပျက်ကို သဏ္ဌာန်ဖြပ်ကဖုံးတယ်။
၂၉ ပထဝီဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ်ကို-
ကျား-မ-ကဖုံးတယ်။

၃၀ ဓါတ်သဘာဝ သက်သက်ကို ငါ ငါပိုင်က ဖုံးတယ်။
၃၁ အသုဘကို သုဘက ဖုံးတယ်။
၃၂ အနိစ္စကို နိစ္စက ဖုံးတယ်။
၃၃ ဒုက္ခကို သုခကဖုံးတယ်။
၃၄ အနတ္တကို အတ္တက ဖုံးတယ်။
၃၅ သုညတကို ကာရက ဝေဒကက ဖုံးတယ်။
၃၆ အသင်္ခတကို သင်္ခတက ဖုံးတယ်။
၃၇ နာမ်ရုပ် ပရမတ်ကို ကျား-မက ဖုံးတယ်။
၃၈ နိဗ္ဗာန်ကို နာမ်နဲ့ရုပ်က ဖုံးတယ်။
၃၉ မဂ္ဂနဲ့ နိရောဓကို ဒုက္ခနဲ့ သမုဒယက ဖုံးတယ်။
၄၀ သေရက်သေဘေးကို နေရက်နေရေးက ဖုံးတယ်။
၄၁ အလှူပေးသူကို နှမြောတဲ့လူက ဖုံးတယ်။
၄၂ သီလလုံခြုံသူကို အရောင်အရေ အတုတို့က ဖုံးတယ်။
၄၃ နသတ္တောကို ကြက်သတ်စားသူက ဖုံးတယ်။

၄၄ နဇိဝေါကို လူသတ်သူက ဖုံးတယ်။
၄၅ အဋ္ဌကလာပ် ၈ ပါးကို အရက်သမားက ဖုံးတယ်။
၄၆ အရိယာ သူတော်ကောင်း အစစ်ကို ပိုက်ဆံ မက်သူ တို့က ဖုံးတယ်။
၄၇ သမထသမာဓိကို မနောကံဒုစရိုက် ၃ ပါးက ဖုံးတယ်။
၄၈ ဝိပဿနာ ဘာဝနာကို သမထ ၄၀-က ဖုံးတယ်။
၄၉ အနတ္တ သန့်သန့်ကို အနိစ္စနဲ့ ဒုက္ခ အသုဘ တို့က-ဖုံးတယ်။
၅၀ ဓါတ်သဘော သက်သက်ကို ၃၁-ဘုံက ဖုံးတယ်။

---

## ဗုဒ္ဓရာဇာဒီပနီရဲ့ ဂုဏ်ကျေးဇူး။

၁ လူဖြစ်ကျိုး နပ်တယ်၊ ယောကျ်ားမြတ် မိန်းမမြတ် ဖြစ်ရတယ်။
၂ တရားအစစ်ကို သိတို့ဘက်က သူများ ညာဝါးလို့ မရတော့ဘူး။
၃ တရားပိုင်း၌ အရှုံးမရှိ၊ အနိုင်ရသော တရားဂုဏ်။
၄ သူများရှိခိုးရမယ်၊ ပါးတယ်၊ နပ်တယ်၊ မြတ်တယ်။
၅ ချောက်သူ ခြောက်သူ တို့ကို ရယ်ချင်၏၊ သနား၏။
၆ ဒါနလုပ်ထာ ဘာကျိုး၊ သီလစောင့်ဒါ ဘာ့ကြောင့် အပိုင်သိရပြီ။
၇ သမထ ဆိုဒါက ဘယ်အထိ ခံစားရတယ်၊ ဘာကျိုး ပေးတယ်သိပြီ။

၈ ဝိပဿနာ ဥာဏ်က ဘယ်လို အကျိုးထူး ရှိဒါဘဲလို့
ကိုယ်ပိုင်သိတယ်။

၉ မိန်းမတယောက်က ဘယ်လိုဘဲ အလှဆင်ပြ အသွဘ
ကွင်းကနဲ ပေါ်တယ်။

၁၀ ယောကျ်ားတယောက်က ဘာတွေနဲ့ဘဲ မောက်ကြွား
ပြ၊ အပုတ်တုံးလို့ သိပြီးပြီ။

၁၁ နိဗ္ဗာန် မရခင် စပ်ကြား ဘာစည်းစိမ်တွေ တောင်း
တောင်း ပေးပေး သူဌေးအစ ခလေးက၊ ခလေးအစ
သွေးက၊ သွေးအစ ဝါတ်သဘာဝ၊ ကဲ ညာကြအုံး။

၁၂ ဒါနကြောင့် ဘယ်ဘုံမှာ စံစားရမယ်၊ သီလကြောင့်
ဘယ်လို အသက်ရှည်မှာဘဲလို့ လှဲ့ပတ်ဖြားယောင်း
လို့မရ၊ (မေ-ဘုဉ်-နိဒ်)ဗာလက တွက်ပြီ။

၁၃ ဒိဘဝပြီး နောက်ဘဝမရှိဘူးယူ ဥစ္ဆေဒဒိဋ္ဌိ၊ ဒိဘဝက
နောက်ဘဝတွေကို ဆက်အုံးမယ်ယူရင်သဿတဒိဋ္ဌိ၊
ကိုင်း ခြားထဲကထွက်ပြီး ဘာတွေ ရှုပ်အုံးမှာလဲ။

၁၄ အန္တဗာလ-ဥမ္မတ္တက- ကလျာဏ - ဗုဥ္ဓသောတာပန်
သရုပ်ကွဲပါပြီ။

၁၅ သောတာပန်အနေအထိုင်၊သကဒါဂါမ်ရဲ့အသိဉာဏ်
လာမရှုပ်နဲ့တော့။

၁၆ အနာဂါမ်ဆိုဒါ ဃရာဝါသမရှိ၊ အပိုင်အနိုင်သိပြီးပြီ။

၁၇ ရဟန္တာဟာ ဘယ်ဉာဏ်ထိတယ်၊ ဘာကိုဝတ်တယ်
ဘယ်လို နေတယ်ဆိုဒါ အရသာရှုပ်ကွဲပြီ။

၁၈ လောကီ ဝိဇ္ဇာဓိရ်တွေ အသက်ရာထောင် ရှည်မရှည်
အသေထွက် အရှင်ထွက်၊ နားလည်ပါပြီ။
၁၉ ပိဋကတ်စာပေဘတ်သူ တရားရ - မရ ပရိယတ်ဟာ
တရားပါ–မပါ ရှင်းပါပြီ။
၂၀ နိဗ္ဗာန်ဟာ ဘယ်မှာ ရှိတယ်၊ ဘယ်လို နေဒါဘဲလို့
အန္ဓပုထုဇဉ်က မသိပါဘူး ယောဂီ။
(ဗုဒ္ဓရာဇာ ဒိပနီရဲ့ ဂဏ်ကျေးဇူးအနည်းငယ်)

---

**သမ္မာတကျော မိစ္ဆာတကျော ကျမ်းဂန်မှာမပါ၊**
**သမ္မာဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိ ကျမ်းဂန်မှာရှိ။**

| | |
|---|---|
| သမ္မာဒိဋ္ဌိ | မိစ္ဆာဒိဋ္ဌိ |
| အမှန်အယူ | အမှားအယူ |
| နာမ်နဲ့ရုပ် | ကျား–မ |
| အသက်မရှိ | အသက် ၁၀၀-ရှည်တယ် |
| ခန္ဓာငါးပါး | ပုဂ္ဂိုလ်သတ္တဝါ |
| အနိစ္စ | တကျော |
| ဒုက္ခ | မာန |
| အနတ္တ | ဒိဋ္ဌိ |
| ဓာတ် | လူအရှင် |
| သုညတ | ငါခံစားတယ် |
| သဘာဝ | မွေး–သေ |
| နိသတ္တ | ဘဝကြောင့်ဇာတိ |

| | |
|---|---|
| ဒိဝါန | တဏှာ |
| အရိယာ | အဋ္ဌပုထုဇဉ် |
| ပရမတ်သဘော | ပညတ်သဘော |
| ဘာသျှခရီ | ငါလုပ်တယ် |
| အသားအသွေး | မိန်းမယောက်ျား |
| မြေကြီးအစစ် | မန္တလေးမြို့-ရန်ကုန်မြို့ |
| ဓမ္မာရုံခံစားတယ် | ကာမဂုဏ်ခံစားတယ် |

ပရိယတ်အရမှာ သောတာပန်ဖြစ်လျှင် ဒိဋ္ဌိဝိစိကိစ္ဆာ ၂ ပါး ပယ်တယ်၊ ဘာသာပြန်နဲ့ သိလိုပါက အမှန်သိရတယ်၊ တရားရပြီလို့ဆုံးဖြတ်နိုင်တယ်၊ ဒီ ၂ ချက်ပါဘဲ၊ အပါယ်လွတ်ပြီ သောတာပန် အရိယာဉာဏ်ကို ရလျှင်၊ ဒိဋ္ဌိကင်္ခာလျှင် တဏှာနဲ့မာနကျန်တယ်၊ ဒီတဏှာနဲ့မာနမကျန်လိုပါက မာနကိုလျှော့လာ၊ စေတနာကောင်းနဲ့ ဆရာ့ထံလာပါ၊ မသေခင်လာစမ်းပါ၊ အပြစ်ပြောလိုက မလာနဲ့ အန္တရာယ်သင့်မယ်မှတ်။

## သမထ နိယျာနိက နည်းလမ်းမှန်

ဥဒ္ဒုမြာတက-အသုဘ-ကမ္မဋ္ဌာန်းကျမ်းဂန်၊
သိရိမာကို-ကြိုက်တဲ့ရဟန်းသောတာပန်

မူလက တရားဓာတ်ခံရှိသော ရဟန်းတပါး သောတာပန်တည်သော ဝတ္ထုသာဓကကို ဤသို့သိသိသာသာရေးပြအံ့၊ ရာဇဂြိုဟ်ပြည်မှာ မြတ်စွာဘုရားရှိတော်မူစဉ် (သော

တာပန် ဆေးဆရာ ဇီဝက) ၏ နှမငယ်အရင်း ဖြစ်တဲ့ သိရိမာ၏ ကောင်းတယ် မကောင်းဘူးဟူ၍ ရွေးချယ် ဝေဘန်နိုင်သောဂုဏ်ပုဒ်မှာ-

ပြည့်တန်ဆာမ - သိရိမာ၏ဂုဏ်

၁ သောတာပန် ဆေးဆရာကြီး နိုင်ငံကျော် ဇီဝက နှမအရင်းမှတ်။
၂ အဆင်းရုပ်ချော မြင်သူတို့မချိ အထိကာရလှတဲ့ဂုဏ်။
၃ နေ့စဉ်ရဟန်း ၈ပါးတို့ကို ဆွမ်းခဲဘွယ် ဝတ် ထား၍လှူသည်။
၄ ရက်ရက်စက်စက် မင်းသူဌေးတို့၏ နှလုံး၌ ဆူပွတ် သော အဆင်းဂုဏ်။
၅ ဓနဂုဏ်-ဓမ္မဂုဏ် ရုပဂုဏ် ဘုရားလက်ထက်ကာစ ယာခုအထိ ကျော်ကြားတဲ့ဂုဏ်။

မြင်သူတို့အားလုံး စိတ်နှလုံးတွင်းမှာ ယူကြုံးမရ တကြွ ကြွ- တထထ- တသသ- တရှုရှု- မစားနိုင် မသောက်နိုင် မအိပ်နိုင်မလုပ်နိုင် ခြေမကိုင်မိ လက်မကိုင်မိ (လက်ခြေ မထိ) တကယ်ဘဲကြက်သရေရှိသို့ ပြည့်သိပ်၍တဲ့ သိရိမာ သည်၊ ရာဇဂြိုဟ်ပြည်ပေါ်၌ နာမည်ကျော် (မြို့ကြက်သရေ ဆောင်) နဲ့ ဂရသောဘိနီ ဘွဲ့ရသူ၏ကာမကို ဆန္ဒရှိကြပါက ငွေ ၁၀၀၀ဝ ပေးမှရသော ပြည့်တန်ဆာခ ပြည့်တန်ဆာမ အမည်နဲ့ ဘဲ နာမည်ကျော်တာမှန်တယ်။ ဥတ္တရာမိဖုရားနဲ့ အခြင်းများသောခါ ကျေးဇူးရှင် မြတ်စွာဘုရားက ခြား

ဝင်၍ ဆုံးမတော်မူသော ဂါထာဒေသနာ၏ အဆုံးမှာ သိရိမာ အရိယာသောတာပန်ဖြစ်တယ်။

## နေ့စဉ်ရဟာန်း ၈-ပါးကို ဆွမ်းဝတ်ရှုသည်။

တနေ့သောအခါ သိရိမာ မကျန်းမမာဖြစ်ခါ အိမ်ရာမှာလဲပြီ၊ လာမြဲသောရဟာန်းများကို အစေခံက ဆွမ်းဝတ်မပျက်လှူဒါန်းတယ်။ ရဟာန်းများကမေးလို့ သိရိမာအရှင်မဝေဒနာရသဖြင့် အိပ်ရာက မထနိုင်ပါဘုရားလို့ လျှောက်တယ်။

> သိရိမာ မကျမ္မာဒါကို အခမ်းတွင်းသို့ ဆွမ်းခံရင်းဝင်၍ မေးကြသည်။ အနူသယခါတ်နဲ့- သမုဒယမပြတ်သော ရဟာန်း ပရိယုဋ္ဌာန အတွင်းကြိတ်ကိလေသာ-မနောမှာ ထခမ်း၊

လူမမာ မေးရာက အနူသယကိလေသာ-ပရိယုဋ္ဌာန-မနောမှာ ထကြွသော်လဲ သူများ မသိ- ကိုယ်တိုင်တော့ သိပြီ၊ ဆွမ်းခံပြီ၊ ကျောင်းပြန် ဆွမ်း မစားတော့ဘူး၊ ကျောင်းခမ်းအတွင်းသို့ ဝင်ပြီးအိပ် အိပ်ရာကမထ၊ ရေမချိုးဘူး၊ သူများမေးလဲ စကားပြောမရ (တုဏှိဘော) ဖြစ်ရတဲ့ဒုက္ခ၊ ခက်ပြီယောဂီ၊ တဝေဝေ တမှိုင်မှိုင် ကျောင်းတိုင်ကိုမှီ မရှိမပြဲ့ ခွေနူံးနွမ်းရိ ငွမ်း- နဲ့-ဆိ- မထိရှာရသော်လဲ သိရိမာ-သိရိမာလို့-ဝစိဝိတက္ကမ-မဖြစ်သေးဘူး၊ ဘာ့ကြောင့်မှန်း- ဘာရောဂါမှန်း ဘယ်ရဟာန်းကမှ မသိသေးဘူး၊

## စိတ္တဇရောဂါ-ကိုယ်တွင်းနာ
## ပြောမပြရဲတဲ့-ရဟန်းရဲ့ရောဂါ

(တွေးနေတယ်) ဒီလိုမမာသျှက် ပက်လက်နေရပေမဲ့-ရေမချိုးဘဲ ချေးမတွန်းဘဲ သနပ်ခါးမလိမ်းဘဲ စိန်- ရွှေစသော ကြိယာတန်ဆာတွေ- မဆင်မြန်းပေမဲ့ ကြည့်စမ်း မျက်လုံးကလေးက၊ ကြည်ကြည် လင်လင်၊ မျက်နက်ကွင်းကလဲ ကြည်ကြည်ထင်ထင် မျက်ခုံးမွေးကလေး နေပုံကလဲ ပန်းချီဆေးဖြင့် မှင်ရေးချယ်သလို တကယ်လှတဲ့ မိန်းမဟဲ့ တကယ်ချောတဲ့ သိရိမာဟဲ့၊ အသားကဝါဝါ - အနားက မခွါချင်အောင် တဖျောဝင်ပူးပြီး စိတ်ကူးစိတ်ရူး ရဟန်း ဖြစ်ပုံက ထူးနေပြီ၊ စိတ်ထဲက စိတ်ထဲက အံကြိတ်လို့သာ ခဲရ တောက်ခေါက် တက်ခေါက် ပါးစပ်က တတောက် တောက် အင်း- အင်း (ခက်ထာဘဲ ငါ့နှယ် ညီးလိုက်) အခြားရဟန်းတွေက ထင်တယ်၊ ဇကန်ဒီရဟန်းတော့ ရူး ပါပြီ ခက်ပါပြီလို့ တိုင်ပင်ကြတယ် ပြောကြတယ်။

## ပြည့်တန်ဆာမ သိရိမာ ဒီရောဂါနဲ့ဘဲသေပြီ

တနိုင်ငံလုံးကျော် - ကျောင်းတော်က မြတ်စွာဘုရား ကြားပြီ- ငါ့ချစ်သား ရဟန်းများ သိရိမာ သေသလား၊ ဘုန်းတော်ကြောင့် မှန်ပါတယ်ဘုရား၊ ယနေ့သုသာန်မှာ မြုပ်နှံရပါလိမ့်မယ်ဘုရား (မိန့်တော်မူပုံမှာ-ချစ်သားတို့-ဘုရင်ထံ-အကြောင်းပြန်ကြ)

၁ သိရိမာ၁ရဲ့အလောင်းကို သုသာန်မှာထား။
၂ မြေမမြှုပ်ဘဲ ပက်လက်စောင့်ရှောက်၍ ထားကြ။
၃ ယနေ့မှ အစ ၃-ရက်မြောက် ကာလ ၄-ရက်ကျ ရောင်ထား။
၄ ၄ ရက်နေ့ နံနက် ငါကိုယ်တိုင်ရဟန်းများနဲ့သုသာန် သို့လာမယ်။
၅ ရာဇဂြိုဟ်ပြည်ပေါ် -စည်ခေါ်၍ လှည့်စေ။
၆ သိရိမာရဲ့အလောင်းကို-မီးသဂြိုဟ်ဘို့ လာကြရမယ်။
၇ ကျေးဇူးရှင် မြတ်စွာဘုရား - အသုဘတရား ဟော တော်မူမည်။

ဒီလို မြတ်စွာဘုရား၏ အမိန့်အတိုင်း ဘုရင် မင်းမြတ်က စည်သံဖြင့် ကျေးကြော်စေရန် စေခိုင်းတယ်၊ ထိုနေ့ကျ သောအခါ-သိရိမာရဲ့ အပုတ်ကောင်အနီး၌ မြတ်စွာဘုရား နှင့် ရဟန်းတော်များစွာ တို့က မြတ်စွာဘုရားရဲ့ လက်ျာ ဘက်ကစီလျှက်-အလောင်းကို လှဲ့ဝိုင်း၍ မတ်တတ် ခြေပုံ ရပ်လျှာ်၊ လက်ဝဲဘက်က ရှင်ဘုရင်နှင့် တကွ မှူးမတ် သေနာပတိ စသော တရားနာ ပရိသတ်များကမတ်တတ် ရှိခိုးကြလျှက်၊ အလောင်းဘက်ကိုလှဲ့ပြီး မျက်စိတဲ့တဲ့ကြည့် နေကြသည်။ ရာဇဂြိုဟ်ပြည်ပေါ် ရှိတရားနာသူယောက်ျား မိန်းမ၊ ကလေး လူကြီးဟူသမျှ အလွန် စည့်ကား လှသော သိရိမာ၏ ရုပ်အလောင်း ဝဲ-ယာ လှဲ့ဝိုင်း၍ နေကြသော မင်းပရိသတ် ရဟန်းပရိသတ်မှတပါး(အခြားပရိသတ်

တွေက-အချို့မတ်တတ်၊ အချို့က ထိုင်လျက် အမျိုးမျိုး ကြည့်ရှုကြသည်)

သီရိမာကို ပိုးပန်း၍ ကိလေသာ ဆိုးသွမ်းတဲ့
ရဟန်းကလဲ သက်န်းခင်းပြီး မြေကြီးမှာ အိပ်ပြီ၊
သီရိမာ သေဒါကို ဘိတ်ဘိတ်သား နားမှာမကြား
သေးဘူး။

မြတ်စွာဘုရားရှင်၏ အမိန့်တော်နှင့် သူငယ်ချင်းအဖေါ် ရဟန်းဘောင်ဘပါးက အိပ်မပျော်ဘဲ မျက်စိမှိတ် သီရိမာ စိတ်နဲ့ အချိန်ခမ်းတဲ့ ဖိမ်ရဟန်းကို နှိုးပြီး—နှိုးတယ်၊ ကိုင်း-ထ-ထစမ်းသူငယ်ချင်းမင်းတော့ ယနေ့ ဟန်ပြီ၊ကျေးဇူးရှင် မြတ်စွာဘုရားကလာခဲ့ရမယ်၊သီရိမာကိုလိုချင်လျှင်လိုက်ခဲ့ လာခဲ့တဲ့၊ ဒီလိုခေါ် လိုက်ရင်ဘဲပျားရည်ထဲကထန်းလျက်ချ၊ နွားနို့မှာ ထောပတ်စက်ကျသလို၊ လာချင်ရက် လက်တို့ ဆိုဒါမျိုး စိတ်ပိုးရဟန်းကို တလကြမ်းသုသာန်သို့ သူငယ် ချင်း-ရဟန်းက ခေါ် လာတယ်။

ပရိသတ် ရှေ့မှာ - မတ်တတ်ရပ် စေခိုင်းပြီး၊
သီရိမာရဲ့ အလောင်းနား ကပ်လျက် လက်ပိုက်နေ
ခိုက် ကျမ်းထုတ်၍ ရဟန်းရပ်ကို ဆုံးမပြီယောဂီ၊
တကျောစိတ်ကို အဝတ်က မနိုင်ပါဘူး - မရပါဘူး။

ရှင်ဘုရင်ကို မြတ်စွာဘုရားက မေးစေခိုင်းတယ်၊ဘုရင် က-တဆင့်မင်းစေကိုခိုင်းပြီ၊ ယခုလာတဲ့ ပရိသတ်ထဲက ယောကျ်ားတွေ သီရိမာ အသေကောင်ကို ၁၀၀၀ဝ-ပေးနိုင်

ကြပါမလား၊ ၅၀၀ိ၊ ၂၅၀ိ၊ ၂၀၀ိ၊ ၁၀၀ိ၊ ၅၀ိ၊ ၂၅ိ၊ ၂ ၀ိ၊ ၁၀ိ၊ ၅ိ၊ ၂ိ၊ ၁ိ၊ ၈ဲ၊ ၄ဲ၊ ၂ဲ၊ ၁ဲ၊ ၂ ပြားအထိ ပေးရဲကြပါ့မလား၊ ယူဝံ့ကြသေးရဲ့လား၊ ပြောကြ ထွက်ကြလေ ယူကြလေ၊ အချောဆုံး အလှဆုံးကွဲ့ ယူရဲကြသေးလား ယောကျ်ားတို့ရဲ့ (အသံကျယ်ကျယ်ဘတ်ပါ) မိမိစိတ် မိမိမေးဘတ် တွေးဘတ်။

စာဘတ်တဲ့ယောဂီက မိမိကိုယ်ကိုစွဲလန်းနေတဲ့ ရဟန်းရဲ့စိတ်မျိုး ထားကြည့်လိုက်စမ်း၊ လှပသော သီရိမာရဲ့ အရှင်ကောင် အသေကောင် လုပ်ကြည့်စမ်း၊ တရားစာဘတ်ထာ တရားရဘို့ ဘတ်ပါ ခွဲဆို့လျှင် ကူသူမရှိဘူး။

ကိုယ့်အချစ် ကိုယ့်ဘေး
ကိုယ့်အပြစ် ကိုယ်တွေး
ကိုယ်ကိုစစ်ဆေး ကိုယ့်ဉာဏ်နဲ့မေး

သွေးပုတ်ကစ သွေးပုတ်ကအလယ် သွေးပုတ်မှာဆုံး၊ သွေးဘဖြစ်တဲ့ သီရိမာ သွေးတွေရှိလျှက် သီရိမာ ယခုယိုစီးကျနေတဲ့ သွေးတွေဟာ သီရိမာ၊

(အဠ္ဌဗာလ ဒိလိုသိပါဘူး)

စာရွက်လှန်လျှင် တံတွေးမဆွတ်ပါနဲ့၊ စာဘတ်နားပါအုံး၊ ဆေးလိပ်သောက်ပါအုံး ဆက်ဘတ်သလား ယောဂီ ဘတ်ရင် နားဘတ် တရားအမြတ် (သွေးပုတ်ကဲ့ အရေးမလုပ်နဲ့) မင်းစေက နောက်ဆုံးမေးပုံ။ ကိုင်း-သီရိမာရဲ့

အကောင်ပုတ်ဖူးဖူးယောင်ကို ပါဠိစကားနဲ့ ဉဒ္ဓုမာတက ကို၊ အလကား ယူကြတော့ ပိုက်ဆံတခွေးကမျှ မပေးဘဲ ယူချင်တဲ့ ယောက်ျားတွေ သူဌေးတွေ မင်းတွေ ထကြ ပြောကြလေ ယူကြလေ ပွေ့ကြလေ ဖက်ကြလေ အနား ကပ်ကြလေ။

ရှုးတဲ့ ရဟန်းကို မြတ်စွာဘုရားက - ငါ့သား ရဟန်းသေသေချာချာမျက်စိနဲ့ကြည့်စမ်း၊အင်မတန် လှတဲ့ သိရိမာကို အသုဘရှုကြ ကမ္မဋ္ဌာန်း၊ အသင် ဘယ်လိုဘဲကြိုက်ကြိုက်ယခုကြိုက်ရဲ သေးရဲ့လားတဲ့ ရဟန်း၊ပရိသတ်အလယ်မှာ ငါ့ကို လျှောက်စမ်း၊ သက်တော်ထင်ရှား ဘုရားကိုယ်တိုင် — အသုဘ ကမ္မဋ္ဌာန်း ဟောပြပုံ ပုဒ်ပြတ်မှတ်။

---

အင်းစိန်ခရိုင်၊ ထန်းတပင်မြို့နယ်၊ ရွာသစ်ရွာ၌ ယောဂီ အသက် ၂၄-နှစ် တပည့်ချင်း ဦးဘိုးအို- ဒေါ် စောရင်တို့၏ သားအကြီး မောင်ဘိ ချောင်း၌ ရေနစ်၍ သေသော အကောင်ကို လှေပေါ် ၌ တင် လာပြီး လယ်ကွင်းပြင်မှာထား၊ ညအခါ ဓါတ်မီး မျိုးစုံထွန်းလင်းစေလျှက် ယောဂီပရိသတ် များစွာ တို့အားလဲ ပုတ်ပွနေတဲ့ ရွှေထွန်းမခါလူသေကောင် ကို မျက်မြင်ပြ၍၊ ဆ ရာ လဲ အသုဘ ကမ္မဋ္ဌာန်းကို ဟောဘူးသေးတယ်။

ဥဒ္ဒုမ္ဗရာတက ဖူးဖူးယောင် အကောင်ပုတ်၊ တထောင်ထုပ်မပေး သွေးနဲ့ပြည်ပုတ်၊ သိရိမာအလှရဲ့ ရုပ်၊ မြွပ်ရမဲ့ စခန်း၊ သုသာန်၌ ကမ္မဋ္ဌာန်း (ကြိုက်တဲ့ရှုးတဲ့ပုံးတဲ့ရဟာန်း) ဒိအချက် သောတာပန်တည်ခမ်း၊ ပုဒ်ပြတ်မှတ်။

သမထ အသုဘကတက် အနိမိတ္တမဂ်ပန်းဆွဲပြီ၊ ကြိုက်ကျိုးနပ်ပြီ၊ မှိုင်ကျိုးနပ်တယ်၊ ဆွမ်းအငတ်ခံကျိုးရှိပြီသူမသိ-ငါသိုး၊ ပိုးကျိုးနပ်တယ်၊ ဘာ့ကြောင့်မဂ်ဉာဏ်ရလို့။

(မပြိုးခင်-အရှင်မမြင်စေနဲ့) အကဲ့ရဲ့မစောကြနဲ့ ချိမ့်မှမ်း ချင်လျှင်လဲ စဉ်းစားကြ၊ (အစာမကြေလျှင် အော့တတ် အံ့တတ်တယ်) ကြက်သား၊ ဝက်သား၊ ဘဲသား၊ ဆိပ်သား၊ ဒလ်ပေါက် ထမင်း၊ အုန်း ထမင်း၊ ထောပတ် ထမင်း၊ အာဟာရအကောင်းတွေသွင်းကြသော်လဲ—

အစာကြေမှ ချိးကြုးကြ၊ ဒိရဟာန်း-ရဟာန်းပြုကျိုး နပ်ပြီ ယောဂီ၊ ငုတ်မိသဲဘိုင် - တက်နိုင်ရင် အဖျား ရောက်၊ မဂ်ပေါက်- ဖိုလ်ပေါက်၊ သမထကတတ် ဝိပဿနာ အနိစ္စပေါက်၊ အနတ္တပန်းတိုင်သို့ ဆိုက် ရောက်နိုင်သည်မှတ်၊

(အရှင်မေဃိယာရဲ့ ထုံးသာဓကကဲ့သို့မှတ်။)

……း၀း……

## သီရိမာကြိုက်တဲ့ရဟန်းဘုရားဆုံးမခန်း
## အသုဘ လက္ခဏာ သီရိမာ ဥဒါန်း။

ဗဟုပိယံ သမုဿိတံ-ပဿပိမ္ဗံ အရုကာယံ
သဟာဿခနံ သီရိမံ-ဒါနိမုခါကာယပုတိံ။

ဘိက္ခဝေ၊ ရဟန်းနဲ့လူ၊ ခန္ဓာပူရှိသမျှ၊ ဒုက္ခဖုံပွား၊ ငါ့ချစ်သားတို့။ ဓမ္မသဝနေ၊ ပြည့်သိကြေငြာ၊ သီရိမာဟု၊ မသာ အသုဘ၊ တရားတော်နာ လာသမျှ၊ ကမ္မဋ္ဌာန်းစိတ်ဓါတ်စွဲ၊ ဤရဟန်းတော်ပရိသတ်ထဲ၌၊ ဝါ-ရဟန်းတော် တွေထဲက။

ဧဟိ၊ သီရိမာ သီရိမာလို့ မြည်းတန်းခါ တမှိုင်မှိုင်၊ မစားနိုင်-မသောက်နိုင်၊ ခွေယိုင်ခါစိတ်ကရမ်း၊ သီရိမာကို ကြိုက်တဲ့ရဟန်းလာခဲ့စမ်း။

တွံ၊ အကြမ်း တဏှာသဘောနှင့်၊ အရမ်းကာယော ရင်ထဲမှာ အပူထုပ်၊ လူရှုပ်ပျက်အောင် အဖြစ်က ဆန်း၊ သီလတွေညစ်နွမ်းတဲ့ အသင်ရဟန်းယုတ်သည်။

ဓက္ခုထ၊ ဒိဋ္ဌလက်တွေ့၊ ဘက်ပွေ့၍ရှုစမ်း၊ အဲဒါတဏှာ ကုန်ဘို့လမ်း။ ရာဂစရိတာသာ၊ အသုဘဆိုတဲ့ ကမ္မဋ္ဌာန်း၊ အသင်ရဟန်းအစ၊ လူပေါင်းစုံရှုကြည့်လိုက်ကြကုန်လော။

ပိမ္ဗံ၊ ကာယကောဋ္ဌာသ ဒွတ္တိံသအစု၊ ထုလုပ်သူ ကံ စိတ်-ဥတု-အာဟာရ-လက်သမား ဆရာကြီး လေးယောက် တဲ့၊ အဲဒါ-ငါ့ဘုရားမှာသိဒါ၊ ဝါ-ရွှေရောင်ငွေရောင်ဗ-သား

ရောင်လှ ဆံပင်ကပျော့ပြေ့ဝင်း၊ ကောင်းခြင်းက ငါးဖြာ၊ မြင်သူမှာငေး၊ ခါးသေးလို့ ရင်ချီ၊ဘုရင်တိုင်း ရွေးကြတဲ့ ပဒုမ္မနီ၊ ပန်းချီပန်းပု၊ အတည်ထုပြီး၊အဟုတ်တာကယ်အမှန် ပြုလုပ်ခါ ငွဲမံနိုင်ကြတဲ့၊ ရွေရုပ်သဘွယ် တင့်တယ်လှပါ ပေသော၊

သမုဒ္ဒသိတံ၊ အဟုတ်သိတ္တိဉာဏ်၊အမှန်ကိုရှင်း အတွင်း ကဆိုး အရိုးကသုံးရာ၊ ခင်မင်စရာဘယ်သူလုပ်၊ အကြောစုံ ချည်နှောင်တုတ်လျှက်။

အရုကာယံ-နဝန္တံ ဝဏမုခါနံ ဆဲဒါါအဌကထာကဖွင့်တဲ့ သဘော ရစာနဲ့မပြောကြနှင့်မြင်အောင်လဲကြည့်၊ သတိလဲ ထားကြ၊ ပိုး လောက် တွေ တရွရွ၊ အမျိုးမျိုး ရှောက်၊ သက်ဆင်းခါ တိုးဖေါက်ကြသဖြင့်၊ ကိုးပေါက်သော ဒွါရ အမာဝ တို့က။

ကိုင်း-ဒီနေရာ ပညာဝတီ သဓါရကုသိုလ်တောင်း
ဆိုတဲ့ဆု အကောင်းတွေ ရကြတဲ့ - သုဂတိ လား၊
မကောင်းဒါါတွေကို ရှုရမဲ့ ဒုဂ္ဂတိလား။

ကိုးပေါက်သော ဒွါရ အမာဝတို့က လာသမျှမသာရ ဘာတခုကမျှ မကောင်းကြပါသော—

သဟာသခန်၊ တော်မရှက် ငိုက်မရှက်၊ အကြိုက်ကိုလဲ အရှက်မရှောင် တရက်လျှင် တထောင်ငွေ စွန့်ရဲခါပေးနိုင် ကြပါပေသော—

သီရိမံ နဂရ သောဘိနီ၊ တမြို့လုံးချစ် တရွာလုံးချစ် တဏှာသုံးအစစ် ယခုအခါ မသာတုံးဖြစ်ရတဲ့သီရိမာကို၊ ဝါ-အတွေ့ ကာမဂုဏ် တဏှာ အငွေ့ အာရုံကို ရှာကြ၊ အသဗျာတထောင် မသာကောင် ဖြစ်ရတဲ့သီရိမာကို၊ ဝါ-ပုထုဇဉ်ဗာလ ကာမသာဝ အရူးကောင် အမှောင်ကို ဆင်းသလောက်၊ အလင်းထွက်ပေါက်ကို မရ ထာဝရစည်းစိမ် တင်းတိမ်တို့ရာ အရှင်းမသိ - သုခ ဝေဒနာကောင်းရှိတဲ့ သီရိမာကို—

ပဿ၊ ပိုးကြ ပန်းကြ အသင်ရဟန်းက အစပင်ပန်းလှတဲ့ တကာတွေ ကြည့်ကြ၊ တကာမတွေ တွေးကြ ပေတော့၊ ပါပဘိက္ခု၊ ရဟန်းတရား နွမ်းပါးလှသဖြင့် ရမ်းကားတဲ့ ရဟန်းပျို ဆွမ်းကိုလဲ မစားနိုင်၊ လမ်းကိုလဲ မသွားနိုင် တမှိုင်မှိုင် တရှုပ်ရှုပ် သီရိမာကိုကြိုက်တဲ့ဟဲ့ ရဟန်းယုတ်-

ဒါနိဗ္ဗုဒါနိ၊ ၁-ရက် ၂-ရက် ၃-ရက်တိုင်အောင်ဖူးဖူး ရောင်ပုတ်နံ့လှသဖြင့်၊ လူကောင်တွေမြုပ်နှံသမျှ သုသာန် ကျဘဲ့ ယခုအခါ၌-

ဘေရိံ၊ ရာဇဂြိုဟ်ပြည် စည်လည်လှဲ့ပတ် မောင်းခတ် ခါ ကျေးကြော်ဘယ်လိုပင် ခေါ်ကြသော်လဲ၊ မဝါ၊ ယခု အခါ-ထောင်, ရာ, ဆယ်, ကျပ်, တမတ်ကိုထား တပြား တချေးကမှ မပေးကြ အလကားပေးပေမဲ့ မယူနိုင်—

ပုတီကာယံ၊ အဆင်းအင်္ဂါ ဒွါဒရာနှင့် တံဆာအကုန် မွေးမျိုးပုံ နံ့သာထုံ လျှက် ဘယ်လိုပုံ အလှဆင်ကြပေမဲ့ တစပြုံင်ကျမှ ရုပ်အလှမော် ပုတ်သမျှအကုန်ပေါ်ရမဲ့ အသေကောင်ကို-

ပဿပဿတိ နာမရူပ ခယဝယ ဝိဒ္ဓံသနု သဘာဝတဲ့ ဓမ္မပဒကျမ်းဂန် လမ်းအမှန်သိ အနိစ္စလက္ခဏာပေါ်အောင် (အနိမိတ္တမဂ်) ဆိုဒါ ဉာဏ်တမျိုးလဲ့ပြီးကြည့် ဆံကျိုး တစိကမျှ တန်ဘိုးမရှိကြဘဲ့ ယောဂီတို့ခန္ဓာ သံသရာအတန်တန် အဖန်ဖန်အဆိပ်ပိ အာရုံခံဆိုဒါ ဗရဏာပီတိ (ဆင်ထိသည့် ငွမ်း- သိရိမာနဲ့ ရဟန်း) ပုံစံခေါ်ကြည့်ကြ ကိုယ့်ကိုလဲ သတိရ-

ပဿပဿထ၊ ဓါတ်သဘာဝဇကန်အစစ်နဲ့နဲကလေးမျှ အနှစ်မပေါ်၊ ချစ်စရာဆိုဒါ ဟုတ်လိမ့်မယ်လို့ မတွေးကြနဲ့ မွေးသမျှပုတ် မျက်လှဲ့ရုပ်လူဆင် ကိုယ်ပင်လျှင် အသုဘ လက်ငင်းသိကြဘို့ ချက်ခြင်းမိအောင် ဒီအထိရှာ-

သိရိမာ ဆိုဒါ ဟောဒီတရားပါဘဲ ယောဂီ အများတို့ အဘိဓမ္မာအနှစ်ကျ မိမိ ရရနှင့် သိသိသာသာ စစ်ကြပြီး၊ ဩဘာ်– အရိယာဖြစ်အောင် ဆင်ခြင်ကြ လေ့ကုန်တော့ သတည်း။

..... း၀း .....

## ဥဒါန်းအဆုံး၌-ယောဂီမယ်များက သီရိမာသံပေါက်ကို

### ညီ တူ သံ ပြိုင် တပိုဒ်အတင်-တပိုဒ်အချ-ရွတ်ဆိုကြ။

ပြည်သိကြော်ကြော၊ သီရိမာ၊ အရိယာဖြစ်တဲ့ဂုဏ်။
သူဌေးမင်းပေါင်း၊ စည်းစိမ်ကောင်း၊ ပျော်အောင်း အဆင်းဂုဏ်။

အတွေ့အာရုံ၊ ကာမဂုဏ်၊ ကြိုက်ပုံထူးတဲ့ဂုဏ်။
ပြည့်ဖြိုးဘန်ဆာ၊ သီရိမာ၊ လွန်စွာကျော်တဲ့ဂုဏ်။
အသဗျာတထောင်၊ ငွေလက်ဆောင်၊ ချစ်အောင် ပေးတဲ့ဂုဏ်။

တိုင်းပြည်လက်သုံး၊ ရုပ်မဆုံး၊ ပျော်လုံးမဆုံးဂုဏ်။
သေသောအခါ၊ သီရိမာ၊ ကြိုက်ထာမတွေ့ပုံ။
အသုဘတုံး၊ မြင်သူမုံး၊ သေဆုံးရွံကြကုန်။
ကြိုက်တဲ့ရဟန်း၊ ကမ္မဋ္ဌာန်း။ ရှုခမ်းဖြစ်ဘို့ကြုံ။
ဘုရားရှင်သော်၊ မိန့်ခွန်းပေါ်၊ နှိုးဆော်ညွှန်ပြပုံ။
လှတယ်ချောတယ်၊ ကြိုက်ဘို့ရှယ်၊ သေဘွယ်တွေးကြကုန်။

အရှင်လဲပုတ်၊ သေလဲပုတ်၊ စက်ဆုပ်ဒိဗ္ဗရုပ်စုံ။
ဗုဒ္ဓရာဇာ၊ ကျမ်းမဟာ၊ ခန္ဓာလမ်းပြပုံ။
စာဘတ်ယောဂီ၊ မျက်လှည့်သည်၊ သေမည်ဤသို့ယုံ။

......:ဝး......

# ဗုဒ္ဓရာဇာကလမ်းပြပြီ

(ဣဒံ-ပစ္စနီတ-ဓမ္မံ ဣဒံဓမ္မံ ဤအတ္တကာမကိုဖြတ် အနန္တ သဘာဝဓာတ်ကို သိရသောသဘောတရားသည်။ ပစ္စနီကံ၊ ပြောသမျှမပြီး ဟောဇ်လောကကြီးနဲ့ ဝဲယာအောက်တက် နေရာတိုင်း ဆန့်ကျင်ဘက် ပါတကား၊ ငါသည်အစက အနန္တ၊ မျက်ကန်းဘဝက နိဗ္ဗာန်ဆိုတဲ့ တဘက်ကမ်းပြပေမဲ့ အရှင်းမမြင်ပါဘူး ကြည့်စမ်းပါအုန်းငါ့နှယ် ၊ ရှုံစရာကိုမက် ကျွန်ဇာတာမပျက် အပါယ်လေးပါးတို့နဲ့ အစွန်ဘဏ္ဍာဆက် နေရဒါအခုမှဘဲ သိပါတယ် ဖြစ်မှဖြစ်ရလေ (ဟုတ်ရာ မှန်ရာက) ပုတ်ထာနံ့ဒါကိုဘဲ ရုပ်နာမ်ခန္ဓာဟူသ၍ မြူအငွေ့ ကမှမသိ ငါလင်းဒဌက်ပါကလား။

ကာမေသု ဝိနယ ဂေဓံ
န- ဟိ ဇာတုဂ္ဂဗ္ဘသေယျ ပုနရေတိ။

ကာမေသု၊ ငါးပါးအာရုံ ကာမဂုဏ်တို့၌။ ဂေဓံ၊ ဝက် သားဟင်းနဲ့ ခွေးသေပုတ် ၂ ဘက်ဇယားရှင်းပြီး ပေးလေ အဟုတ် ခွေးသေအပုတ်ကိုသာ ကြိုက်တယ်စားမယ် နား မယ်လို့ (ကိုယ့်ကိုရှင်း ကြွတ္တိ အချက်) လင်းဒဌက်ကဲ့သို့ အဟုတ်ပြန့်သင်း အပုတ်နံ့မက်ခြင်းကို။ ဝိနယ ဝိပဿနာ ဉာဏ် အနတ္တဉာဏ်ဖြင့် ပယ်ဖျောက်၍။ ဇာတု၊ စင်စစ် ဧကန် တကယ်စိတ်ချတော့အမှန် (ပုန၊ လူ့ဘဝဆိုကတဲက ကြောက် နောက်ထပ်တဖန်။ ဂဗ္ဘသေယျံ၊ ဝမ်းဗိုက်၌ အိပ် ရခြင်းကို။ ဝါ၊ ရှုံဘွယ်စက်ဆုပ် ဝမ်းဗိုက်ယုတ်၌ အပုတ်

အညစ် သုတ်ကဖြစ်တဲ့ ဒုက္ခစစ်စစ် ဆယ်လပေါင်းမရေနိုင်အောင် သားသန္ဓေအဖြစ်သို့။ နဧတိ၊ ဘယ်တော့ကမှ မရောက်နိုင်။ နဧတိ၊ ပထမအခြေကိုသိသဖြင့် မရဏပြည့်အထိ မွေးသေပျောက်ပြီး ဪ သွေး အခြေ မရောက်ဝမ်းမြောက်ကြလေတော့သတည်း။

(အဲဒါလိုအဟုတ်မိုက်တဲ့အန္ဓ) အပုတ်ကြိုက်လင်းဒငှက်ဘဝက ငါအနန္တလာခဲ့ပြီ ငါဘဲအန္ဓ ဘာလဲလမ်းပြသပ္ပုရိသကို တွေ့ရလို့ ပါရမီပြည့်ကာပြီ မဟာအဝီစိအပါယ်စခမ်းရပ် လူ့နတ်ဗြဟ္မာတို့နယ်ကိုလဲ မလယ်တန်းရပ်ကာပြီ ကြည့်စမ်းထွက်ရပ်လင်း ထွက်ရပ်လမ်းလို့ မဂ်အရဟတ်စခမ်းဆိုဒါ သေမှဘဲရမယ်လို့ ယူထားဒါမှားပြီဘာ့ကြောင့် (အသေတွက် အရှင်တွက်) အန္ဓတို့အခေါ်အသိမျိုးနဲ့ ခေါ်ဆိုလျှင် အရှင်ထွက်ပါကလား ဘဝပြောင်းပြီး ဒါသိတို့တယ်ကြပ်ပါကလား။ ပုဂ္ဂိုလ်တဲ့ သတ္တဝါတဲ့အသက်တဲ့ မိန်းမတဲ့ ယောကျ်ားတဲ့ လောကဓာတ် သမ္မုတ်အရ။ ဂေါတြဘူက ခဏယ် ဥပါဒ်ရယ်-ဌီရယ်-ဘင်ရယ်ဒီသုံးချက်က ဘာသာပြန်ဘာလဲ ငါဘဲအရူးစိတ် ဘီးလူးစိတ် လူစိတ် အန္ဓစိတ်မှ အရိယာစိတ်သို့ ကူးစက် အထူးမဂ်က အနန္တညာဏ်ကို သဘောပိုင်ပိုင်ကျတဲ့ စိတ္တခဏတချက်ကို ဆိုဒါဘာ ယောဂီရဲ့၊ အဲဒီတော့ သုံးဆဲ့ တဘုံ အတွင်းက လွတ်မြောက်တဲ့ စာရင်း မရဒါ ဂေါတြဘူကကာဘာလုပ်ထားတယ် ဂေါတြဘူက ပိတ်ပင်ထားတယ်

အန္တကိုဖယ်လိုက်တရားစစ်ကို တကယ်လိုက်ကြတဲ့ ကလျာဏမှတဖန် ဉာဏ်ဆယ်ပါးကို ထိရောက်နေကြတဲ့ဗုဒ္ဓသောတာပန်တို့ တောင်မှ မဂ္ဂင်္ဂရာယ် သင့်ပြန်သတဲ့။ ကြွပ်လိုက်ထား ဘာတွေကြွပ်သလဲကိုယ်ကတွက်ပြတဲ့ အခြေစ်ဩဘာသတဲ့ ဒီအရောင်အသွေးကိုဘဲ ငါအရိယာ ငါရဟန္တာ ထင်လုံးရှိနေလို့ ဂေါတြဘူက တံခါးဖွင့်မခံပေးတော့ဘူး ဟောဒီအချက် သရေကောင်းလိုဘိ ယောဂီ စာအကြောင်းနဲ့ ကိုက်ညီအောင် အပါယ်ဘုံ မလာရအောင်စွယ်စုံဆရာမှ တတ်နိုင်သဗျ ဒါကြောင့်-

အန္တနဲ့ အရိယာ လင်း ၂ခွဖါလာ၊ ကျမ်းပြဋ္ဌာန်းမညီဒါ၊ ပလီပလာပြောမှာက အန္တ - တဲ့တဲ့ ပြောင်ပြောင် ပြောတတ်ထားဘ အရိယာ ပရိယာယ်နဲ့ နိပ္ပရိယာယ်ဒေသနာ ၂-မျိုးဗျ (အန္တကအခုငါလူရှင်) အရိယာက အခုမပြတ်သေနေတယ်၊ ဒီလို ၂ ခု အဆိုပြိုင်ကပြီ ဘယ်ဘက်အကူအညီပေးလို့ အနိုင်ယူကြမှာလဲ စဉ်းစားစမ်း, ကြံစမ်း, ဉာဏ်ကောင်းတဲ့လူခေါ်စမ်း ခက်တယ်နော် ရမ်းမပြောနဲ့ ရမ်းပြော ကျမ်းသဘောနဲ့ မညီလျှင် တရားမှန်တို့ ခက်တယ် ကျမ်းသဘောနဲ့ညီပေမဲ့ ကိုယ်ကသိအုန်းမှ ဉာဏ်ရှိအုန်းမှ မမှိုမွှေအန္တရာယ်မှတ်လိုက်။

အမြတ်ကြိုက်သူ ဘဝကြိုက်သူက ဘာလဲ ဒီခန္ဓာ အကြေးအညစ် ခလေးအစစ် ဘင်ရင် ဗုဒ္ဓသူဌေး ဖြစ်တယ်လို့ ယူပြန်တော့ မိစ္ဆာ ကဲ့-အန္တက ဘာခံနိုင်မှာလဲ အုလိုက်

အသဲလိုက်) သူကြိုက်ထား သွားဘွတော့ ခက်ထားဘဲ ယောဂီ၊ အန္တနဲ့တော့ဝေးကာပြီ၊ အန္တဘာဝကတော့ ပြောင်းခဲ့ပြီ၊ ခေါင်းဘိုးလဲစရန်ပေးဘို့ မလိုတော့ဘူး၊ သဒိတ်သွတ်ဘို့ကိစ္စတွေလဲ ညှိမ်းပါပြီ သပိတ်သွတ်ဘို့ ကိစ္စ ခေါင်းဘိုး ကုန်ရမဲ့ ဆုတောင်း၊ ကူးဘို့ခတ္တိုထဲ့ဘို့ မသာလောင်း အချင်းကြိုးတွေတုပ် ဂါတ်အချုပ်သားကဲ့သို့ သွေးခြားမှာ အောင်း၊ မွေးလဲငိုသေလဲငို၊ ဒီခန္ဓာထိုထိုပြောင်းခဲ့ရတဲ့ပဋိစ္စသမုပ္ပါဒ်၊ အရှုပ်ဇာတ်ကိစ္စတွေ ယခုတော့ ရှင်းပြီ။

အန္တ လူ့ဗာလတို့နဲ့ ယူဇနာများစွာ ဝေးကွာ ခြားကဲ့ပြီ၊ ဘာ့ကြောင့်-ဒီအန္တဟာ သူ့ကိုယ်သူမသိ၊ သူ့လာလမ်း သူမကြည့်၊ ကြည့်လဲမြင်မှာ မဟုတ်ပါဘူး၊ ဘယ်ကလာတယ်၊ ဘယ်က ဖြစ်တယ်လို့ သူမတွေး၊ ပညာရှိကိုလဲ မမေး၊ သူ့ခလေးသွေးခဲကဖြစ်မှန်းလဲမသိဘူး၊ အညစ်စခမ်းကို အချစ်လမ်းဖုံးပြီ၊ ညစ်နွမ်းတဲ့အတုံးဘဲ၊ ဂုံစရာ-အံ့ချင်စရာ၊ အော့ချင်စရာ၊ မကြည့်ချင်စရာ၊ မထိချင်မကိုင်ချင်စရာ အသုဘလက္ခဏာကို အရှင်းမသိ၊ သိပြန်တော့ လူသေမှ အသုဘရှုမတဲ့ ကိုင်းကြပ်ပြီ၊ ဒီအန္တဘာဘဲ လုပ်လုပ်နိဗ္ဗာန် မရ ပုဒ်ပြတ်မှတ်၊ သူ့ကိုယ်သူနေ့စဉ် အညစ်အကြေးတွေကို အစစ်ရေဆေး၊ ချေးချီးနေရဒါတောင် အပုတ်တုံးမှန်းမသိ ဒါအကြပ်ဆုံးမှတ်၊ အရိယာတို့ မပြတ်သုံးသပ်တဲ့ အသိဉာဏ်က ဘာကိုဘဲ မက်မက် အချက်-အနှိပ်၊ ဘာကိုဘဲ လုပ်သမျှ ဆင်းရဲစစ် - ဒုက္ခစစ်၊ ဘယ်ဟာကောင်းတယ်လို့ မှတ်မှတ် ငါပိုင်မဟုတ် ဓါတ်အနတ္တ။

ဒီသဘောသိထားပြီ၊ မိထားပြီ၊ ဝမ်းသာနေပြီ၊ အပါယ် တံခါး ပိတ်ထားကို ကိုယ်တိုင် သိပြီ၊ ဘုရား အစစ် ကိုလဲ ကိုယ်တွေ့ လက်တွေ့ တွေ့ဘို့ ဘယ်လူ၊ ဘယ်နတ်၊ ဘယ် ဗြဟ္မာတို့ကမှ ညာဝါးလို့ ဘာတရားနဲ့မှ လှည့်ပတ်လို့မရ တော့ဘူး၊ နဗ္ဗုဒ္ဓိ- မိန်းမ အရှင်း မဟုတ် နပုရိသော- ယောကျ်ားဆိုဒါ နှုတ်ပစပ်ခေါ်မှ ရုပ်ဓါတ်လို့ပေါ်အောင် ရှုလိုက်ရင် နသတ္တော- သတ္တဝါ ဘာ ဟုတ် သလဲ လို့၊ လင်းလင်း ဘွင်းဘွင်း ရှင်းရှင်းကြီးသိလို့ ဘာဘဲ လုပ်လုပ် လုပ်ချင်ဒါလုပ်၊ နေရာတိုင်း နိဗ္ဗာန်၊ စိတ်အကြံ ရှိသမျှ နိဗ္ဗာန်ကိုချည်း တွေ့ရ ခံစားရမယ်စိတ်ချ၊ မဂ္ဂင်လမ်း သမ္မာ ဒိဋ္ဌိ ပညာရပြီမို့၊ ခင်စရာ အစစ၊ အစဉ်တကျွာ မပါပေမဲ့ ဝိသာခါအနာထပိဏ်တို့ကဲ့သို့၊ မဂ်လာဓမ္မနဲ့၊ အနိစ္စအမှန်ပွါး ကာမဂုဏ်ကို ဒိဋ္ဌိစိတ်ချလို့ ခံစားနိုင်ပြီလို့ လမ်းစကိုမချွဲ တော့ဘဲ အန္တနဲ့မတဲ့လျှောင် ငါယခုတော်ပြီလို့ ဒီနေရာသာဓု ၃-ကြိမ် ခေါ်လိုက်စမ်း။

(တော်ပြီ-မောတယ်)

---

**ဗုဒ္ဓရာဇာဒီပနီက ကျမ်းပြုဆရာကို သတိပေးပြီ**
**တွေးဘို့၊ကြံဘို့၊စဉ်းစားဘို့၊တိုင်ပင်ဘို့၊**

၁ ဘယ်မျှဘဲစီးပွားချမ်းသာတိုးဘက်ပစေထမင်း ၂ နပ်၊

၂ ဘယ်သူကဘဲ ဘာဂုဏ်၊ ဘာရာထူး ဘာသူဌေးကြီး ဖြစ်ဖြစ် အသေကောင်အစစ်။

၃ ၄-ကျွန်းလုံးကိုအစိုးရတဲ့ စကြာမင်းကြီးလဲ ၃၂-ကောဋ္ဌာသ ပါဘဲ။

၄ ရှင်ဘုရင်ရဲ့ လက်ရာရုံ အင္ဂမဟောသိ မိဖုယားဟာ အပုတ်တုံးမဟုတ် ဘာလဲ။

၅ လူ့ပြေမှာ ဖြစ်ခဲ ရခဲတဲ့ မနုဿတ္တ ဒုလ္လဘာ မှန်ပါပြီ၊ ပဋိသန္ဓေနေရှိဒါအပုတ်ထဲမှာ။

၆ လူမင်း၊ နတ်မင်းတို့ရဲ့ စည်းစိမ်ဆိုဒါ ယာရု ခံစားဒါမျိုးပေါ့ ယောဂီ၊

၇ ချောတယ်၊ လှတယ်၊ အရွယ်တင်တယ်၊ ဝတယ်၊ မသာတုံးကြီးပါဘဲ။

၈ တရားဟောကောင်းတယ်၊စကားပြောကောင်းတယ် အပုတ်ဖွားမှတ်၊ အဓိပတိဖွားမဟုတ်။

၉ ဘုရားထူးရတဲ့ အောက်တန်းစား၊ ဘုရားထူး ခံရတဲ့ ရှင်ဘုရင်၊ သွေးမိုက်ကလာဒါပါဘဲ။

၁၀ လှအောင်ဘာတွေကိုဘဲဆင်၊ ဝအောင်ဘာတွေကိုဘဲစား၊ (တွေးလိုက်) မလှပါဘူး၊ မဝပါဘူး။

---

## ဒင်ကျိ၊တဝမ်း-ဗျိုင်းတဝမ်း

အကောင်မဲမဲ ရေထဲမှာ ငါးပုတ်လို့စားတဲ့ဒင်းကျိးဌက်တမျိုး၊ အကောင်ဖြူဖြူ ရေစပ်မှာ ငါးစောင့် စားတဲ့ ဗျိုင်းဌက်ကတမျိုး၊ ၂-မျိုးကိုတွေးအိပ်ပါယောဂီ၊ ရုံးတက်ခါနီး တွေးသွား၊ စစ်တိုက်ခါနီး တွေးတိုက် ကျမ်းရေးခါနီး

တွေးရေး၊တရားဟောခါနီး တွေးဟော၊(အချို့ကအထက် တန်းစကားနဲ့ အများသိစေဖို့ သတိပေးစကား ရေးသား လိုက်ပါသတည်း......တဲ့)သူများအမှားကိုတော့ ကြည့်ပြီး၊ စောင့်ပြီး မှတ်ထားပြီ၊ သူများတို့ရဲ့အပေါ် က နေပြီးနှိမ်ပြူး တဲ့ စကားနဲ့ အသုံးကြီးကြီး စကားလုံးကြီးနဲ့ သုံးတယ်၊ သူကတော့ အရက်သောက်တယ်၊ မြင်း လောင်း တယ်၊ ဘိုင်စကုတ် ဆောင်တယ်၊ ဟော်တယ်တက်တယ်၊ အခုံ မျိုးစုံလိုက်တယ်၊ ဒီလိုလူတွေသတိပေးဒါဖယ်လိုက်။

ကျမ်း ရေး ရင်း ရေး တဲ့ ဆ ရာ ကိုယ် တိုင် က
ဒင်ကျီးဘဝမ်း - မျိုင်းတဝမ်းကို ပထမ သိပြီးမှ
တရားစစ်ကို လိုလားသူဘို့အား ၊သတိပေးတယ်။
အန္ဓတွေက သူများကိုတော့ သတိပေးတယ်။
သူတို့ကတော့ထင်ဒါလုပ်တယ်။

အန္ဓက-သတိပေးစကားရေးသားတယ်။
ဗာလက-ဒီစာဘတ်ပြီးမတရား လုပ်တယ်။
ဥမ္မတ္တက—သတိပေးတဲ့ အကောင်ရဲ့ အပြစ်ကိုသိတယ်။

---

## ဒင်ကျီး-ငှက်နဲ့-မျိုင်းငှက် အိပ်တန်းတက်သောအခါ တိုင်ပင်ပုံ။

ဒင်ကျီးက-မေးတယ်။ ။အသင် ယနေ့ရှာ၍ စားခဲ့သမျှ
ဘယ်နှစ်ဝမ်း ဝပါသလဲ။

မျိုင်းက-ဖြေပြီ။ ။ငါ့မိုက်တဝမ်း ဝ-ဒါပေါ့။

မျိုင်း။ ။သင်ကော ဘယ်နှစ်မိုက်စာ ရှာရ စားရသလဲ။

ဒင်။ ။ငါလဲတမိုက်တဝမ်းတို့ ရှာရ စားရဒါပေါ့။

မျိုင်း။ ။အသင်ဘယ်လို ရှာဖွေပြီး စားရပါသလဲ။

ဒင်။ ။မြစ်ထဲ၊ ရေထဲ၊ လှိုင်းထဲမှာ ကူးသန်းနေတဲ့ ငါးကို ပေါ်လာတဲ့ အခါကို စောင့်ကြည့်၍ ရှာဖွေ စားသောက်ရတယ်။

ဒင်။ ။အသင်ကော ဒီတဝမ်း တမိုက်အတွက် ဘယ်မျှ အပင်ပမ်းခံ၍ ရှာဖွေ စားသောက် ရပါသလဲ။

မျိုင်း။ ။ကမ်းစပ်၊ ရေစပ်၊ ချောင်းစမ်း၊ သောင်စပ်က စောင့်ဆိုင်းပြီးနေရတယ်၊ ရေထဲ၌ ကူးခပ်သွားလာသော ငါးသတ္တဝါ၊ ပုဇွန်စသည် တို့ကို ထိုးဆိတ် မျိုချ၍ ရှာဖွေစားသောက်ရပါတယ်။

မျိုင်း။ ။အသင် ရေငုတ်ငြိမ် ရှာရဒါ ဘယ်က နေပြီး ငါးတွေကိုကြည့်နေပါသလဲ။

ဒင်။ ။ရေထဲဘဲကူးပြီး၊ လှိုင်းစီးပြီး ရှာရ၊ ကြည့်ရ၊ စောင့်ရပါတယ်။

မျိုင်း။ ။အံမယ်လေးဟဲ့-တဝမ်း တခါးအတွက် အရမ်း စားတို့အချက်၊ အဖမ်းငါးခက်လှချည့် ဒင်ရယ်။

ဒင်။ ။အေး-မင်းပြောဒါမှန်ရဲ့ ဒီ-ခန္ဓာ အတွက် အစာ

ဆက်ရဒါနဲ့ဘဲ အချိန်ကုန်တယ်၊ မင်းကလဲ ကမ်းစပ်က မညောင်းဘဲ မထိုင်ဘဲနဲ့ အရမ်းရပ်ပြီးတော့ အဖမ်းမတတ်လို့ တနာရီနဲ့လဲ ငါးဝအောင် မစားရဘဲနဲ့၊ နံနက်မိုးလင်းကစ ညနေ နေစုတ်စုတ် ဝင်ခါမှ ဆိပ်ကမ်းယံက အိပ်တန်း ပြန်ရတယ် ဆိုဒါ ငါသနားလှချည်းရဲ့-ဖျိုင်းရဲ့။

ဖျိုင်း။ ။ဟဲ့- အကောင် မင်းနဲ့ငါ ပြောတဲ့ စကားကို လူတွေ မကြားစေနဲ့ကွဲ့။

ဒင်။ ။လူတွေရဲ့ နားကို မကြားပါပါဘူးကွယ် ကြားလဲ ဒို့စကား သူတို့ နားမလည်ပါဘူး။

ဖျိုင်း။ ။မင်းနဲ့ငါ တဝမ်း တမိုက် အတွက် ( အဟာရ ပရိယေသန) ခေါ် စား သောက် ဘို့ အဟာ ရ ကို ရှာရတာတော်သေးတယ်၊ ဘာပြုလို့ ကိုယ့်အတွက် ကိုယ့်တာဝန်၊ ကိုယ့်တဝမ်း- ကိုယ့်တမိုက် ဝလျှင် ပီးဒါဘဲကွဲ့၊ လူ့ပြေသို့ရောက်လာကြတဲ့=

လူတွေမှာ-တဝမ်း တမိုက်အတွက် ဘယ်လဲ ရှာရပါကလားလို့ တွေးနိုင်ကြဘူးကွဲ့ လင်ဘို့ မယားဘို့ ခလေးတွေဘို့ ဆွေမျိုးတွေဘို့ မိဘတွေဘို့ မြေး မြစ် တွေဘို့- အလှူခံတွေဘို့-သူခိုးတွေဘို့- လူဆိုးတွေဘို့- ဓါးမြတွေဘို့- သူပုန်တွေဘို့- ပြန်ပေး ဂိုဏ်းသားတွေဘို့- အိမ်နီးချင်းတွေဘို့-အခုဘဝ လူချမ်းသာဖြစ်ဘို့-နောက်ဘဝ အတွက်လဲ မျှော်မှန်း၍ ချမ်းသာစေဘို့- အကုန် အကျတွေ များလို့ စိုး

ပွားရှာလို့- အားမရ တင်းမတိန် မချင့်ချိန်နိုင် မတွေးနိုင် မတောင်နိုင် မတန့်နိုင် မရပ်နိုင် မှမေ့နိုင် မတိုင်ပင်နိုင် (ကြည့်စမ်း)နေဝင်လျှင် တွေးလုံး လုပ်လိုက်ရဒါတွေ ရွေးလိုက်ရဒါတွေ ထိုင်လိုက်ထလိုက်နဲ့ မနားရမအားရဒါတွေ ပင်ပန်းလိုက်ထာ=ငါဘယ်လိုဘဲ ရှာရှာဘယ်မျှဘဲ လုံးပန်းဘယ်လောက်ဘဲ ထိထိုး ဘယ်နည်းဘဲ ဘဏ်တိုက်မှာအစ်အစ် ငါ့အတွက်တော့တနေ့နေ့ထမင်း ၂ နပ်ပါကလားလို့ ဘယတွေးနိုင်မှာလဲကွဲ့ ဒင်ရဲ့ မင်းနဲ့ငါကတော့ သားစားဘို့ မယားစားဘို့-အများစားဘို့ဘာမှုမပူဘူးကွဲ့ ကိုယ့်တဝမ်းတမိုက်ဘဲလို့ နက်ဖြန်ဘို့ သဘက်ဘို့-နောက်လဘို့ နောင်နှစ်ဘို့-သားစဉ်မြေးဆက်ချမ်းသာဘို့နောက်ဘဝဘို့- ဒို့မှာမလိုဘူးကွဲ့ ဒါ့ကြောင့် မင်းနဲ့ငါ ပြောတဲ့စကားကိုသူတို့လူတွေကြားရင်လဲ တမျိုးခက်တယ်ကွဲ့ ဘာ့ကြောင့် နင်တို့လို တိရစ္ဆာန်မှမဟုတ်ဘဲလို့ ပြန်ပြောနေရင် စကားမရှေဘူးလားကွဲ့ ဒါကြောင့် ဒို့စကား လူတွေ နားမလယ်ဒါကောင်းတယ်လို့—

> ဒင်ဘျိုးတဝမ်း—ဖျင်းတဝင်းလို့
> ရှေးကလို-သမိုင်းစာတန်း-စာရင်းမှတ်ဘို့
> ထမင်း ၂-နပ် အဓိပ္ပါယ်ကို သိလျှင် သက်သာမယ်
> ယောဂီ။

......း၀း .....

## မတန်တဲ့လက်နဲ့ ရွှေခွက်မနှိုက်နဲ့
## ဒေဝဒတ်ရဟန်း အကြောင်းပြ၍

အနိက္ကသာ ဝေါကာသာဝံ ယောဝတ္ထံ ပရိဒဟိဿတိ
အပေတော ဒမသစ္စေန နသော ကာသာဝ မရဟတိ။

အနိက္ကသာဝေါ၊ သက္ကာယဒိဋ္ဌိ-စသော ကိလေသာ ဖန်ရည် မကင်းပါဘဲလျက်၊ ဝါ-အရိယာ သောတာပန် မဖြစ်ပါဘဲ။ ကာသာဝံ၊ ရဟန္တာ အမှတ်သဘွယ် တံခွန် ဖြစ်သော အရဟတ္တဓဇ မွန်မြတ်လှသော သင်္ကန်းကို၊ ပရိဒဟိဿတိ၊ ဝတ်ဆင်မြန်း၏။ ယောပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်။ ဒမသစ္စေန၊ စက္ခုန္ဒြေ စသော ဆုံးမခြင်း၊ မှန်သော စကားကို ပြောဆိုခြင်းမှ။ အပေတော၊ ကင်းလွတ်၏။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်၊ ကာသာဝံ၊ ရဟန္တာ အမှတ် သဘွယ် တံခွန် ဖြစ်သော အရဟတ္တဓဇ မွန်မြတ်လှသော သင်္ကန်းကို၊ နအရဟတိ၊ ဝတ်ဆင်မြန်း ခြင်းငှါ မထိုက်။

မြတ်စွာဘုရားနှင့် ရဟန္တာ အရှင်မြတ်တို့ ဝတ်ဆင် မြန်းသော သင်္ကန်းကို အရဟတ္တဓဇ—ခေါ်တယ်၊ ဓဇ— ဆိုဒါက တံခွန်၊ ရှေးအခါက စေတီဘုရားတို့၌ တံခွန်လုံး ဆွဲလေ့ရှိ၏၊ တံခွန်တိုင်ထားလေ့ရှိ၏၊ ယခုခေတ်၌တံခွန်တိုင် မရှိသဖြင့်၊ တံခွန်လုံးမရှိ။ နောက်လူများ တံခွန်လုံးကို မမြင် ဘူးကြကုန်၊ မြင်ဘူးသော တံခွန်မှာ အိမ်မှာပူဇော်ကြသော ဘုရားကို စက္ကူတံခွန်များဖြင့် ပူဇော်လေ့ ရှိသည်ဖြစ်သော

တံခွန်ကိုသာ မြင်တူးကြကုန်သည်၊ တံခွန်ဆိုဒါ—အဝေးက နေ၍ ကြည့်သော် အမှတ် အသား တခု ဖြစ်၏၊ ဒီတံခွန်ကို မြင်လျှင် ဘုရား ရှိတယ် ဟူသော အမှတ်ကို သိကြရာ၏၊ သင်္ကန်းတံခွန်ကို အဝေးကမြင်လျှင် ဒီပုဂ္ဂိုလ်ဟာ ဘုရားတဲ့ သို့မဟုတ် ရဟန်္တာတဲ့၊ ဒီကဲ့သို့ အမှတ်သင်္ကေတ ပြုကြ ရသဖြင့် (၀၈) ခေါ် သည်မှတ်။

မွန်မြတ်သော အဝတ်သင်္ကန်းနဲ့ သီလ-သမာဓိ-ပညာ-သိက္ခာသုံးပါး ရဟန်း-သံဃာ တို့၏အရည် အချင်းနှင့် မပြည့်စုံပါက ဝတ်ဆင်မြန်းတို့ မသင့် လျော်။

ဒီအဝတ်ကိုဝတ်လျှင်—ဒီလိုနေ ဒီလိုစား ဒီလိုသွား ဒီလို စကားပြော ဒီတရား ဟောရမယ်လို့ ဝိနည်း ပညတ်အရ အာဏာ ဒေသနာတော် ရှိသည် ယောဂီတို့-လောကဋ္ဌ စစ် သားတို့၏ ဘွဲ့ထူး ဂုဏ်ထူးနဲ့ လျော်သော အဝတ်အထည် ကြီးယာအမျိုးမျိုး ပုလိပ်စသော အစောင့်အကြပ်တို့၏သက် ဆိုင်ရာ ဆင်မြန်းကြရသော အဝတ်အထည် အမျိုးမျိုးထိုကဲ့ သို့ မင်းမှုထမ်း မင်းဝန်ထမ်း မင်းစေ စသော သူတို့ကဲ့သို့ ဂုဏ်ထူးအထျောက်-ကြီးယာတန်ဆာဆင်မြန်းကြရ၏။ဆင်း ရဲသား အရပ်သားတို့က အဝယ်အထည်ကိုမြင်၍ လေးစား ကြရ၏ ဂုဏ်ပြုကြရ၏ ရိုသေလေးမြတ်ကြရာ၏၊

ဖန်ရည်ဆိုးသော သင်္ကန်းကို ကိလေသာ ဖန်ရည် သက္ကာယဒိဋ္ဌိ ဖန်ရည် မကင်းပါဘဲ မကွာပါဘဲ

မဝတ်မဆင်ရ မိမိတို့က ဘုရားထူးနေရသည့် အတွက် ဗုဒ္ဓဘာသာလူမျိုး ဟူသမျှတို့၏ သိသင့်သိခွင့် သိဆိုက်ဘို့ရာ အကျိုးမဲ့ မဖြစ်စေဘို့ရာ တနည်း-သိလသမာဓိပညာ သိက္ခာ သုံးပါးတို့နှင့် ပြည့်စုံကြသော ရှင်ကောင်း ရှင်မွန် ရဟန်းကောင်း ရဟန်းမွန်တို့ကလဲ မိမိတို့နှင့်အသွင်တူ အဆင်တူ အသွေးတူ အရောင်တူ သဖြင့် ပိဋကတ်တော် ဥပဒေ အရ ဒိဗုဒ္ဓရာဇာ ဒိပနီက နှီးဆော်ပြီ သာသနာတော်မြတ်၏ ကြီးပွား ထွန်းကား ဘို့ရာ မင်းမှုထမ်း ရောင်ဆောင်သော–အရပ်သား တို့ကဲ့သို့ ဘုရားရောင် ရဟန်းရောင် ကိုယ်အရောင်နဲ့ နဂိုရောင် ဖျောက်ပြီး ကိုယ်အရောင် လျှပ်တ ကြွကြွ အရဟဒ္ဓဇ ဖန်သက်န်းနှင့်–ဟန်ဆင်မြန်းသော ( အရောင် ရဟန်း အစုစုတို့ကို) အချောင် စခမ်း မပြုဘို့ ဒေဝဒတ်-အယုတ်နည်း မခိုးရအောင်- အချုပ်ဝိုး တမျိုးဖြင့် ပြုပြင်သုပ်သင်ဘို့ အချိန်အခါ ဖြစ်ပြီ- ဗုဒ္ဓဘာသာတို့ သက်န်းနှင့် ထင်သလို လုပ်ကြဲလျှင် ဘုရားထူးနေရတဲ့ လူတွေက ဘုရားအမှတ် ထားနိုင်ကြပါ မလား ကိုယ်ချင်းစာ တရား ကိုယ့်ဂုဏ်နဲ့- ကိုယ့်အရောင် တင်လွှမ်း ကိုယ့်ကို မေးပြီးမှ- ဝတ်ဆင် မြန်းဘို့ သက်န်း။

ယောဝစ ဝန္တကသာဝသ-ဘိလေသု သုသမာ ဟိတော၊
ဥပေတောဒမသစ္စေန-သဝေ ကာသာဝ မရဟတိ။

ယောစပုဂ္ဂိုလ်သော၊အကြင်ပုဂ္ဂိုလ်သည်၊ ဝန္တကသာဝေ၊ ကိလေသာ ဖန်ရည်ကို- လေးပါးသော မဂ်ဖြင့်- တစက် မကျန်-ပျို့အန်ပြီးခဲ့သည်။အဿဟောတိ၊ဖြစ်၏၊ သီလေသု၊ စတုပါရိသုဒ္ဓိသီလတို့၌၊သုသမာဟိတော ကောင်းစွာတည် တန့်၏။ ဒမသစ္စေန၊ စက္ခုန္ဒြေစသော ဆုံးမခြင်း- မှန်ကန် သော စကားကို ပြောဆိုခြင်းနှင့်။ ဥပေတော၊ ပြည့်စုံ၏။ သောပုဂ္ဂိုလ်သော၊ ထိုပုဂ္ဂိုလ်သည်၊ဝေ၊ စင်စစ်။ ကာသာဝံ၊ ဖန်ရည် ဆိုးပြီးသော သင်္ကန်းကို၊ အရဟတိ၊ ဝတ်ဆင်ခြင်း ငှါ ထိုက်လေ၏။

ဒိဥပဒေအရ ဆိုလျှင် လေးပါးသော မဂ်ဖြင့် တစက်မျှ မကျန်အောင် ပယ်သတ် ရမယ်။ ထိုဖြင့် ရဟန္တာပေါ့- ရဟန္တာဖြစ်ပြီးမှ သင်္ကန်းကို ဝတ်ရမယ်ဖြစ်၏ ပိုင်းဖွဲ၍ တိုင်ပင်ကြ ယောဂီတို့။ သမုတိရဟန်း၊ ပရမတ္ထ ရဟန်း၊ ဟူ၍ငင်း သမုတိသံဃာ-ပရမတ္ထ သံဃာဟူ၍ငင်း ခွဲခြား၍ ကြည့်သင့်ထိုက်ရာ၏-ရဟန္တာဖြစ်ပြီးမှ ဒိသင်္ကန်းကို ဝတ်ရ မည်။ တနည်း ရဟန္တာဖြစ်စေရန် ရည်ရွယ်၍ ဝတ်ရမည်။ တနည်း သမထ ဝိပဿနာ တရားကို အားထုတ်ဘို့ရာ စိတ် ကောင်း သဒ္ဓါကောင်းထား၍ဝတ်ကြရမည်။တနည်းဂန္ထ ဓုရ ဝိပဿနာဓုရ ၂-ပါး ပြည့်စုံစေဘို့ သင်္ကန်းဝတ်ကြရ မည်။ တနည်း ဒိမွေးသေ လောကမှ- လွတ်ထွက် စေရန်

နိဗ္ဗာန်ကို မျက်မှောက်ပြု၍ ဝတ်ဆင်မြန်းကြမည်ဟု သာသနာတော် ကြီးပွားဘို့အတွက်- ပုထုဇဉ်နဲ့ အရိယာကို ခြားနား၍၊ သိမြင်ကြရာကုန်၏ ကိုးကွယ်ကြရာကုန်၏ လူဝတ်ကြောင် အရိယာများက ဘယ်မျှပင် အထက်တန်းတရားကို ရကြသော်လဲ)သင်္ကန်းဝတ် ပုထုဇဉ် ကိုရင်သာမဏေငယ် ယနေ့ရှင်ဖြစ်စ ၇-နှစ်သားကလေးကိုပင်- ရှိခိုးရမယ်-ဦးချရမယ်-လှူရမယ်-ရိုသေရမယ်။ ဘာ့ကြောင့် - ဘယ်ပုဂ္ဂိုလ်တော့ သောတာပန်ဘဲ ဘယ်အဝတ်တော့ အရိယာဘဲ ရဟန္တာဘဲဟု၍ မသိနိုင်ဘူး ယောဂီ သို့အတွက် အရိယာတို့၏ ဉာဏ်ထူးဉာဏ်မြတ်ကို ရသည်ဖြစ်စေ မရသည်ဖြစ်စေ (မွန်မြတ်လှသော အဝတ်သင်္ကန်းကို မြင်ရသဖြင့်- ရဟန္တာ အရှင်မြတ်ကဲ့သို့ ရိုသေ ကိုင်းညွတ် ကြရမယ်လို့ ကျမ်းဂန်အရ သတိပေးလိုက်တယ်။

ဆဒ္ဒါန်ဆင်မင်း ဇာတ်ထုပ်မှာ ပါတယ်၊ သောဏုတ္တရ မုဆိုး၏ လက်မှာ သင်္ကန်းအစစ် မဟုတ်သော်လဲ သင်္ကန်းအရောင်အဆောင်ကို မြင်ရသဖြင့် အလောင်းတော် ဆင်မြတ်က ဒေဝဒတ် မုဆိုးကို မသတ်ဖြစ်ဘဲ ရင်ဝသို့ မျှားဒဏ်ရာ ပြင်းပြစွာ ဝေဒနာခံစားလျက်၊ ဘုရားလောင်းရဲ့ ပါရမီ မဟာ ခန္တီဖြင့် သဗ္ဗညုဉာဏ်တစိပ်နဲ့ ဒိနေရာအံကြိတ်၍ သီးခံလိုက်တယ်၊သီးခံ၍၊ အောင့်၍၊ ရေးပြကဲ့သော ဝိပဿနာ အနတ္တဉာဏ်ကို အရယူ၍ ဒိဋ္ဌလောကကို အကုန်ဖျက်ဆီးကြဘော့ ယောဂီတို့။

လူဦးရေပေါင်း ကုဋေ ၁၀၀ ၌၊ ဝိပဿနာ ဉာဏ်ကို
တယောက်ရတို့ ခဲယဉ်းလှ၏။

အန္ဓဘူတောအယံလောကော တနုကေတ္ထ ဝိပဿတိ
သကုဏော ဇာလမုတ္တောဝ အပ္ပေါသဂ္ဂါယ ဂစ္ဆတိ။

အယံလောကော၊ ဤလူအပေါင်းသည်။ အန္ဓဘူတော၊ ဒုဂ္ဂတိနဲ့ သုဂတိအသိ ၂-ချက်၊ ၂-ဘက်အရမ်းသွားသော မျက်ကန်းသမားအစစ်သာဖြစ်ကြရ၏၊

ဧတ္ထ၊ ဤလူအပေါင်းတို့၌။ တနုကော၊အနည်းငယ်သော သူသည်၊ ဝိပဿတိ၊ အနိစ္စ စသည်ကိုမြင်၏၊ တနည်း– ဝိပဿတိ၊ ဝိပဿနာဉာဏ်ကိုရသောသူသည်၊တနုကော မြင့်မိုရ်တောင်နဲ့ နှမ်းစေ့ခန့်ပမာ လွန်စွာမှ နဲပါးလှချေ တကား။

ဇာလမုတ္တော၊ မုဆိုး လက် နက်၊ ပိုက် ကွန် ယက်မှ၊ လွတ်ထွက်နိုင်သောသကုဏော္ဓဝ၊ ငှက်ကဲ့သို့။ သဂ္ဂါယ၊ နတ်ရွာနိဗ္ဗာန်သို့၊ ဂစ္ဆတိ၊ သွားရောက်နိုင်သောသူသည်၊ အပ္ပေါ၊ နဲလှလေ၏၊ အပ္ပေါ၊ ရာကုဋေမှာ ရှာဘွေ့ဒုံစမ်း မျက်ကန်းတွေက မြင့်မိုရ်တောင်အသွင် မျက်မြင်တွေက နှမ်းတစေ့မျှဥပမာ၊ တယောက်တည်းသာ တွေ့မြင်ဘို့ရာ ခဲယဉ်းပါသဖြင့်ပြောဘ်–လွန်မင်းစွာနဲပါးလှချေ၏တကား။

ဝိပဿတိနဲ့ ဂစ္ဆတိကား၊ နာမ်ကိုငဲ့ထားသော
အာချာတ် ကြိယာမှတ်၊ အာချာတ် ပုဒ်သည်ပင်
နာမ်ဖြစ်သည်ယောဂီ-သဒ္ဒါနည်း၊

ဝိပဿနာဉာဏ်ကို မရပါက အန္ဓအကန်းမှတ်၊ ခွေး တိရစ္ဆာန်တို့ကဲ့သို့မှတ်၊ လူဖြစ်ကျိုး အရှင်းမနပ်၊ မေတုနံ၊ မေထုန်ပျော်ရခြင်း။ ဘုဉ္ဇနံ၊ ထမင်းအစာ- စားတတ်ခြင်း။ နိဒ္ဒံ၊ မေ့ပျော်အောင် အိပ်ဘတ်ခြင်း။ (ပျော်ရွှင်ခြင်း၊ စား သောက်ခြင်း၊ အိပ်ပျော်တတ်ခြင်း) သုံးပါးကိုသာ သိသော ယောကျ်ား မိန်းမဟူသမျှတို့သည်၊ သေလျှင်အပါယ် ငရဲသို့ ကျရောက်သူ များသည်ဟု ဟောတော် မူသည် မှတ်၊ ဝိပဿနာလမ်းပြ ဆရာကောင်းထံသို့ မသေခင် ခပ်မြန်မြန် သွားကြ၊ မာနချ၊ ရှိခိုးတောင်းပန်၊ တရားရဘို့ စေဘန်။

အဝတ်မျိုးစုံ၊ အလုပ်မျိုးစုံ နဲ့ဘဲ သေဘက်သို့
ချဲသို့ဘို့တဖြေးဖြေး နီးလာမှန်း မသိတဲ့ လူ သူတော်
ယောင်တို့ကိုလဲ သပ္ပုရိသ ဆရာထားများပြီမှတ်၊
ကျမ်းပြုဆရာ နာမည်တတ်တိုင်း စာသင်ဘူးတယ်
မယူကြနဲ့၊ ဝိပဿနာ တရားဟောတိုင်း ဝိပဿနာ
ဉာဏ် အမှန်ကို သိမြင်သည်ဟူ၍ အဆင်မလွဲနဲ့။
မေ-ဘုဉ်-နိဒ္ဒ အန္ဓတို့နဲ့
ဆရာယောင် ဆရာတုတို့ကို သတိပြု။

---

## ပညာရှိလက္ခဏာ
## မှတ်ကျောက်မှာ တိုက်ကြစမ်းပါ။

နတေန ဟောတိဓမ္မဋ္ဌော- ယေနတ္ထံ သဟသာနယေ၊
ယောစအတ္ထံ အနတ္ထဉ္စ-ဥဘောနိစ္ဆေယျပဏ္ဍိတော၊

ယောနကာရဇောန၊အကြင်သို့သော အကြောင်းကြောင့်။ အတ္ထံ၊အကျိုးကို။သဟာသာ၊စဉ်းစားဝေဘန်သိညာဏ် ချွတ်ယွင်းသောအားဖြင့်။ နယော၊ စိတ်ထင်ရာကို ဆုံးဖြတ်တတ်၏။ တေနကာရဇောန၊ထိုသို့ တဘက်သတ်လွဲစား မတရားကျင့်ရိုး လာဘ်တံစိုးစား၍ ဆုံးဖြတ် ခြင်းကြောင့်။ ဓမ္မဋ္ဌော၊ တရားတည်သောသူ မည်သည်-ဝါ- တရားသူကြီး အမည်ရသည်။ နဟောတိ၊မဖြစ်နိုင်။ ယောစပဏ္ဍိတော၊ အကြင်ပညာရှိသည်။အတ္ထဉ္စ၊အကျိုးရှိသည်ကိုရင်းအနတ္ထဉ္စအကျိုးမဲ့ကိုရင်း-ဥဘော၊ ၂ ပါးစုံတို့ကို။နိစ္ဆေယျ၊ ဆုံးဖြတ်ရာ၏။

အကြောင်းနဲ့ အကျိုးကို စောစောက ကြိုတင်၍မစဉ်းစားဘဲ အဆောတလျင် စိတ်ရောက်မာန်ပါ စိတ်ထင်ရာကို ဆုံးဖြတ်ခြင်း မတရားသူကြီးမှတ်၊ ဤသူ၏ အကြောင်းကို ဤကဲ့သို့ အကျိုးဘဲလို့ အကြောင်းရင်းကိုလဲ ပိုင်ပိုင် မသိ အကျိုးကိုလဲ လုံးဝ မရိပ်မိ ကြိုတွေ့ရမဲ့ဘေးမျိုးစုံ၏အပြစ်တွေကို မတွေး မဆင်ခြင် မမြော်မြင်ပါဘဲ တဘက်သတ် ဆုံးဖြတ်သောသူကို ဓမ္မဋ္ဌ မခေါ်ထိုက် တရားရှိသော တရားစောင့်သော တရားတည်သောသူ မမည်ဘူးမှတ်၊ ပညာရှိမှန်လျှင် အကျိုး ကျေးဇူးရှိမည် မရှိဘူးဆိုဒါကို ဤအမှုကို မပြုမီကကြို တင်၍စောစောကစဉ်းစား၏ ဆင်ခြင်၏အများကြီး တွေးတော၏ ၂-ဦး ၂-ဘက် အကြောင်း အကျိုးကို ကြည့်ရှု၍ တော်သင့် မတော်သင့်ကို ဆုံးဖြတ်မှသာ ဓမ္မဋ္ဌ ပုဂ္ဂိုလ်မှတ် တရားရှိသူ တရားကိုစောင့်သူ တရား၌ တည်သောသူ မည်သည်မှတ်ကြယောဂီတို့။—

ကြောင်းကျိုးမမြင် ဆုံးဖြတ်လျှင် အစဉ်လူမိုက်မှတ်၊
ကြောင်းကျိုးမြင်သိ ပညာရှိ တည့်၏ တရားမြတ်။

---

## စကားများများပြောတတ်တိုင်း ပညာရှိ မဟုတ်ဘူး

နတေနပဏ္ဍိတောဟောတိ ယာဝတာ ဗဟုဘာသတိ
ခေမီ အဝေရီ အဘယော ပဏ္ဍိတောတိ ပဝုစ္စတိ။

ယာဝတာ၊ အကြွင်းအပိုင်းအခြားမရှိသော အကြောင်းဖြင့်။ ဗဟု၊ များများကြီး။ ဘာသတိ၊ စကားပြောဆိုလေ့ရှိ၏။ တေန၊ ထိုသို့ မရပ်မနားပိုင်းခြားမရ စကားများကာမျှဖြင့်။ ပဏ္ဍိတော ပညာရှိမည်သည်။ နဟောတိ။ မဖြစ်။ ခေမီ၊ လတ်တလောဖြစ်ကြုံ တွေ့သိ ဘေးမရှိသော။ ဝေရီ၊ စိတ်ညှိုးထားမိ စောစောက ရန်မရှိသော။ အဘယော၊ တယောက်ချင်း ပကတိ ကြောက်လန့်ခြင်း အရှင်း မရှိပါသော၊ ဝါ-ဘေးကင်းအောင် ကာကွယ်စောင့်ရှောက်ပေးတတ်သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်မြတ်ကို။ ပဏ္ဍိတော၊ ပညာရှိဟူ၍။ ပဝုစ္စတိ၊ မိန့်တော်မူအပ်ခဲ့၏။

အဓိပ္ပါယ်မှာ၊ ပရိသတ်အလယ်၌ စကားဖွက် စကားကပ် စကားညှပ် စကားစပ်။ စကားတတ်တိုင်း၊ အသယ်အပိုင်းနဲ့ မရပ်မဆိုင်း အနားမပေး၊ တံတွေး အမြှုတ် တသုတ်သုတ်ယိုစီး၊ မပြီးနိုင်အောင်၊ အာဘောင်အာရင်း၊ ခပ်ပြင်းပြင်း၊ခပ်ထန်ထန်၊ အမြန်နဲ့ အလေး၊ ရှုပ်ထွေးပွေလီ၊ စကားရံ မတည်ကြည်ဘဲနဲ့၊ ဘယ်မျှပင် များ များ ကြီး

အကြောမစပ်ဘဲ၊ အဘောမသိတ်၊ ပြောဆို တတ် သော သူကို ပညာရှိဘဲလို့ ထင်ရင် မဟုတ်ဘူး၊ ပုဒ်ပြတ် မှတ်၊ လူမိုက်တွေကတော့ပြောရဲဆိုရဲပရိသတ်ဝိုင်းထဲ၌ စကား များစွာ ပြောတတ်သူကို ပညာရှိထင်၍ ကိုးကွယ်ဆည်း ကပ်တတ်၏။

လူမိုက်ရှိမှ လူလိမ္မာ ထမင်းဘားရတဲ့ခေတ်၊
လူဝါ-လူညာကိုမှ-ရိုသေရှိခိုးသူများတဲ့ခေတ်။
လူလိမ်လူကောက်ကိုမှဆေးကောင်းရှိတယ် ထင်တဲ့
ခေတ်။

အသယ်အပိုင်း အလှဲ့အပတ် များများပြောတတ်သူ
ကိုမှ ယုံကြည်တဲ့ခေတ်၊
ယခု-လူငယ်တွေက ဝိပဿနာ ဉာဏ်ကို ရလို့
မယုံဘဲ့ခေတ်၊
လိမ်သူ-ညာသူတွေ တကယ်လန့်တဲ့ ဝိမုတ္တိခေတ်၊
အချောင်စား- အရောင်ကြွားတွေကို မရှိသေတဲ့
ဗုဒ္ဓရဇာခေတ်၊
အကျင့်ယုတ် သီလပျက်တွေကိုဖိနှိမ်ရမဲ့ သင်္ဂါယနာ
ခေတ်၊

## လူမိုက်၏ဂုဏ်ထူးကို အရကျက်

ဒီဃာဇာဂရတောရတ္တိ ဒီဃံ သန္တဿ ယောဇနံ၊
ဒီဃော ဗာလာန သံသာရော-သဒ္ဓမ္မံ အဝိဇာနတံ။
ဇာဂရတော၊ တောင်တွေးမြောက်တွေး-တရေးရေးနှင့်
အတွေးစုံပေါ် မှိတ်သော်မရ-အိပ်မပျော်လို့ ခဏ - ခဏ

ဂျပိုးကထိုး မကြာ မကြာ နိုးကြားသော သူအား။ ရတ္တိ၊ အမှောင်ရိပ်သင့် အခါညဉ့်သည်။ ဒီဃာ၊ မိုးလင်းခဲသမျှ-အလွန်ပင် ရှည်ကြာလှ၏၊ သန္တဿ၊ ဝေးလံကြမ်းသွား ခရီးပင်ပန်းသော သူအား။ ယောဇနံ၊ လေးဂါဝုတ် တယူဇနာသည်။ ဒီဃံ၊ အလွန်ပင် ရှည်ကြာလှ၏။ သဒ္ဓမ္မံ၊ အရိယာသောတာပန်တို့၏ အနုတ္တတရားမြတ်ကို။ အဝိဇာနတံ၊ မသိမမြင်ကြကုန်သော။ ဗာလာနံ၊ လူမိုက်အပေါင်းတို့၏။ သံသာရော၊ မွေးလိုက် သေလိုက် ဆက်ခါ-ဒုက္ခဆက် သံသရာသည်-ဝါ-ရုပ်နာမ် ပျက်ဆက် စက်လှဲပမာ ဒီဃသည်။ ဒီဃော၊ အလွန်တရာပင် ရှည်ကြာ လှပါပေ၏ တကား။

အိပ်မပျော်ရ ညဉ့်ကာလ ရှည်လှထင်သည်မှတ်။
ခရီးပန်းလာ ယူဇနာ-များစွာဝေးမည်မှတ်။
သူတော်တရား-မသိငြား-ရှည်များသံသာမှတ်။
တရားသိမြင်-ပညာရှင်-ဖြတ်စဉ် ခန္ဓာဘဝ်။

---

## အန္ဓပုထုဇဉ်တို့၏ လက္ခဏာ

၁ ကာမဂုဏ်ခံစားတို့သာ လုလ္လုပြုခါ နေ့ရက် ကုန်ရ၏။
၂ အရိယာသောတာပန်တို့၏ ပြောဟောသော စကားကို သိမခံနိုင်။
၃ ဝိပဿနာအသံ-အနိစ္စအသံ-ဒုက္ခအသံ အနတ္တအသံ-တို့ကို နားမှာမကြားနိုင်။
၄ သေဘေးသေရက်ကို မမြင်နိုင် မတွေးနိုင်-စိုးပွားစိတ် အမြဲရှိ၏။

၅ လင်ကိစ္စ၊ မယားကိစ္စ၊ သားသမီးကိစ္စ၊ စီးပွားကိစ္စ ကိုသာ အာရုံအမြဲရှိ၏။

၆ ဒါန ပေးလှူသော် နိဗ္ဗာန်ကို တကယ် မလိုချင်ဘဲနဲ့ နောက်ဘဝ၌ ချမ်းသာဘို့ကိုသာ မြော်လင့်၍ အလှူ ပေးတတ်၏။

၇ သီလစောင့်သော် ခဏ္ဍ သီလစောင့်သော်လဲ မလုံခြုံ စိတ်ကောင်းမရှိ။

၈ သမထဝိပဿနာ တရားအားထုတ်သူတို့ကို အားပေး ချက် မရှိ။

၉ မက်မိုဂ်ရကြောင်း- တရားကောင်း ဟောသူ တို့ကို ဖျက်ဆီးလေ့ရှိ၏။

၁၀ သူများအရိယာ ဖြစ်တယ်၊ သောတာပန် ဖြစ်တယ်လို့ ပြောဆိုသောအသံကိုအရှင်းမယုံကြည်၊ အကြည်ညို ကင်းမဲ့၍ ခမ္မအာနုဘော်ရယ်ကို မေးမြန်းတတ်၏။

၁၁ လူ့ဘဝ လူ့ဘုံ၏ စည်းစိမ်ကို ခံစားလို့ အားမရ၊ တရားအစစ်ကိုမနာယူနိုင်။

၁၂ လူ့စည်းစိမ်-နတ်စည်းစိမ်ကို အားပေး ဟော ပြော သူတို့ကိုသာ-ချီးကျူးတတ်၏။

၁၃ ကျောင်းဇရပ်စသော အလှူတို့ကိုလှူသော် ငါ့ကျောင်း ငါ့ဇရပ် အစွဲရှိလျက် သေရ၏။

၁၄ လင်သည်-မယားကို စွဲမက်၏၊ မယားသည်-လင်ကို စွဲမက်လျက် အသက်ခန္ဓာဆုံးရှုံးကြရ၏။

၁၅ သာသနာတွင်း၌ ငါသည် လူဖြစ်လာတယ်၊ ဓမ္မဆေး

အစစ် အမှန်ကိုရမှ အပေါ်ယံကျ လွတ်မယ်လို့ ထုံးစံမထွေးမိ။
၁၆ တကျော်များ၏၊ မာနလွန်ကဲ၏၊ ဒိဋ္ဌိအစွဲကြီး၏၊ ငရဲနှင့်ဆက်ကြေးပေးထား၏။
၁၇ နာမ်ရုပ်ခန္ဓာစသော အဘိဓမ္မာ တရားတို့ကို မကြားနိုင် မနာနိုင်။
၁၈ အရိယာသောတာပန်တို့၏အလယ်၌ မနေရဲ မပြောရဲ မျက်နှာမထားရဲ။
၁၉ သူများက ဒါ-ဘုရားဆိုလျှင်ယုံ ဒါ-တရားဆိုလျှင်နာ ဒါ-သံဃာဆိုလျှင် ကိုးကွယ်လေ့ရှိ၏။
၂၀ ပညာရှိနှဲ့ လူမိုက်ကို မရွေးချယ်တတ်၊မေ-ဘုဉ်- နိုန်ဖြင့် နေ့ရက်ကုန်ဆုံး အချိန်ဖြုန်းရ၏။

( အန္ဓပုထုဇဉ်လက္ခဏာအကြွက်မျှ )

---

## အရိယာသူမြတ်တို့၏လက္ခဏာ။

၁ အန္ဓ ပုထုဇဉ် တို့ကို ကိုယ်ပေါင်း စိတ်ခွာ မလွဲသာ ဝန့်ခံနေရ၏။
၂ ဘယ်ဘဝက လာသလို့ ဘယ်ဘဝသွားရမယ်လို့ အသိဉာဏ်ဖြင့် ဆုံးဖြတ်တတ်၏။
၃ သတ္တဝါအစ၊ဘဂ်ထုံးအခါက၊ ဘယ်၌ာနမှာချုပ်ဆုံးရာလို့ အပိုင်သိ၏။
၄ အန္ဓပုထုဇဉ်တို့၏၊ ဝိရိယ စိုက်ထုတ်သမျှ အလကားဘဲလို့ သိ၏။

၅ အန္တလင်မပသားဘွေ-သားသွီးတွေကို၊ မြင်တိုင်းကြား
တိုင်း၊သနား၏၊ ငိုချင်၏၊=
၆ ဘုရား-တရား-သံဃာရတနာသုံးပါးတို့၏ လက္ခဏာ
ကို ပိုင်ပိုင်သိရပြီ။
၇ အပါယ်လေးဘုံ နတ်ဘုံ၊ပြဟ္မာဘုံတို့၏ အခြေ အနေ
ကို အသိကြီးသိပြီ။
၈ သေရမယ်၊ သေနေဘယ်၊ သေပြီးပြီ၊ သေတယ် မရှိ
ဆိုဒါ နားလည်ပြီ။
၉ နိဗ္ဗာန်ဆိုဒါ ဘယ်လို နေတယ်၊ ဘယ်ဆီမှာ ဘာဘဲ၊
ဘယ်သူမှ ရနိုင်ဒါဘဲလို့ သိပြီ၊
၁၀ မဂ်ဟာဘာ၊ ဖိုလ်ဆိုဒါဘယ်လို။ သောတာပန်က
ဘယ်ဉာဏ်-စသည်ဖြင့် ပိုင်ပိုင်သိပြီ။
၁၁ ဒီခန္ဓာကိုယ် အပုတ်ဘုံး- သွေးတုံးဟာ ဘာ့ကြောင့်
ဘယ်ကဖြစ်လာသာဘဲသို့ သိရပြီ။
၁၂ ဒိဋ္ဌိအချားပယ်ပြီ၊ တဏှာ နှစ်သက်မှု မရှိတော့ဘူး၊
မာန-မော်ဘို့-ဒေါက်ဘို့မရှိ၊ ဘာ့ကြောင့် — လူသေ
ကောင်မှန်း နားရိစဉ်သိနေပြီ။
၁၃ ဝတ်ချင်တိုင်း၊ စားချင်တိုင်း၊ ပြောချင်ဘိုင်း၊ ရဲရဲကြီး
နေနိုင်တော့၏။
၁၄ အန္တဗာလတို့၏ ဟန်ဆောင်သီလ၊ ဟန်ဂုဏ် သမာဓိ
ဟန်သိ ပညာတို့ကို ရယ်ချင်၏၊ ရင်ကြွပ်၏၊
၁၅ ဂေါတမ မြတ်စွာဘုရားကို၊ကျော်ဖူး တင်ယုံမျှ မက
ဘုရား၏ လက္ခဏာကို တဘာယ်ထင်ထင် မြင်ရပြီ။

၁၆ တရားဟောတယ် ကြားလျှင် နာယူလို့ အားမရ၊ အကျိုးမဲ့တရားကို အညှောင်းမခံတော့ဘူး။
၁၇ နတ် ဖမ်းတယ်၊ စုံး ဖမ်းတယ်၊ ဗေဒင် မှန် တယ်၊ ပြာသဒါး ရွေးတယ်၊ ရက်ရာဇာ ရွေးတယ်၊ မြေခံ ရွေးတယ်ဆိုဒါ-ဒုက္ခဘဲလို့ ပြုံးမိ၏။
၁၈ အန္တဗာလဘ်ကြ ချောက်လှန့်လျှင်၊ချီးကြူးလျှင် အရေး စိုက်စရာမလိုဟု မတုန်မလှုပ်နေကြပြီ။
၁၉ မိမိကိုယ်မိမိ အလှပြင်တယ်၊ ဆေးစားတယ်၊ စီးပွား ရှာမယ်၊ ငွေနေတော့မယ်၊ပုဒ်ပြတ်မှတ်။

(အရိယာလက္ခဏာအဖွင့်မှ)

---

## သာသနာ့အနာဂါတ်အတွက် ယနေ့ကစ၍ သတိပြုဘို့အချက်

ပရိယာယ ဘာသိတံ အတ္ထိ-အတ္ထိ သန္ဓာယ ဘာသိတံ၊ သဘာဝ ဘာသိတံ အတ္ထိ-ဓမ္မရာဇဿ သာသနေ။

ဓမ္မရာဇဿ၊ တရားမင်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား၏၊သာသနေ၊ ဆုံးမခဲ့သောသာသနာတော်၌။ ပရိယာယ ဘာသိတံ၊ ပရိယာယ်အားဖြင့် ဟောရ ခြင်းသည်၊ ဝါ-အာဏာခေါ်-ဝိနည်းဒေသနာဖြင့် ဟောရခြင်းသည်။အတ္ထိ၊ တနည်းတမျိုးရှိ၏။

သန္ဓာယဘာသိတံ၊ သန္ဓာယ်ဒေသနာတော်ဖြင့် ဟောရ ခြင်းသည်၊ ဝါ-ဝတ္ထုသာဓကကို အကြောင်းပြု၍၊ သုတ္တန် ဒေသနာဖြင့် ဟောရခြင်းသည်။ အတ္ထိ၊ တနည်းတမျိုးရှိ၏။

သံဘာဝဘာသိတံ၊ သဘာဝသက်သက် ဘာကမျှမရော မစွက်ဘဲနဲ့ ဟောရ ခြင်းသည်၊ ဝါ-တဲ့ထိုး တိုက် ရိုက် သွယ်ဝိုက်မပါ၊ အဘိဓမ္မာ နည်းဖြင့် ဟောရ ခြင်းသည့် အတွက်၊ တနည်းတမျိုးရှိ၏။ (ကြွပ်ကြွပ်သတ်ပြု)

မရှင်းသူမှာ ယာခုအသက်တိုင် ရှုပ်ရမယ်မှတ်။
ရှင်းသူကိုလာရှုပ်မနေနဲ့ ကိုယ့်အရှုပ်ကိုဖြေ
တေသမဥ္ဇူ မဝိဉာယ-မေဏ္ဍကေ ဇိနဘာသိတေ၊
အနာဂတမှိ အဒ္ဓါနေ-ဝိဂ္ဂဟော ဘဝိဿတိ။

မေဏ္ဍကေ၊ ဆိတ်သတ္တဝါ၏ ဦးချိုကဲ့သို့ ကွေ့ကောက် တွန့်လိမ်သောသဘောရှိသော၊ဝါ-တွန့်လိန်ကွေးကောက် သောဆိတ်ချိုနှင့် တူလှသော၊ဇိနဘာသိတေ၊ မြတ်စွာဘုရား ဟောတော် မူသောစကားတော်၌။ တေသံ ထို- သုံးနည်း သုံးမျိုးသော ဒေသနာ တို့၏။ အဏ္ဏံ၊ သဘော အနက် အဓိပ္ပါယ် လိုရင်း အချက်ကို။ အဝိဉာယ၊ ပုဂ္ဂိုလ် စရိုက် အလိုက်ကိုကြည့်၊ မြတ်စွာဘုရား၏ အလိုတော်ကို မသိ ကြခြင်းကြောင့်။ အနာဂတမှိအဒ္ဓါနေ၊ငါဘုရားမရှိသည်မှ နောင်အခါကာလ၌။တဏ္ဍ၊ ထိုသုံးချက်သောဒေသနာတို့၌၊ ဝိဂ္ဂဟော၊ ငါကတမှု သူကတဖုံ၊ဂုဏ်မျိုးစုံ ငြင်းခုံကြခြင်း သည်။ ဟောသတိ၊ ဖြစ်လတံ့။

| | | |
|---|---|---|
| ဝိနည်း | သုတ္တန် | အဘိဓမ္မာ |
| သီလ | သမာဓိ | ပညာ |

အင်္ဂါ ၃-ပါး- အင်္ဂါ ၈-ပါး တို့ နှင့် မပြည့် စုံ သော

ပုထုဇဉ် မှန်သမျှတို့ ဝိပလ္လာသဖြစ်ကြရလတံ့၊ (မငြင်းချင်လျှင်) ဒိဋ္ဌိနှင့်-ဝိစိကိစ္ဆာ မရှိအောင် အားထုတ်။

## အတ္တ ၃-မျိုး၊ ငါ ၃-မျိုး။

၁ တဏှာငါ၊ နေရာတိုင်း ငါကြိုက်တယ်။
၂ မာနငါ၊ ငါကြိုက်ထားဆိုသမျှ လာမထိရ။
၃ ဒိဋ္ဌိငါ၊ငါ-ငါပိုင် ငါ့အယူ။ ငါစွဲထားတယ်။

ငါ့ခန္ဓာ၊ ငါပိုင်လင်၊ ငါပိုင်မယားမှတ်သမျှ အတ္တဟူ၍ သိကြရမည်။

နံပါတ် ၃၊ ဒိဋ္ဌိ ငါမရှိသော အနတ္တဉာဏ်။
နံပါတ် ၂၊ မာန ငါမရှိသော အနတ္တဉာဏ်။
နံပါတ် ၁၊ တဏှာ ငါမရှိသော အနတ္တဉာဏ်။

ထိုကဲ့သို့ ခြားနားပြီးနောက် ဒိဋ္ဌိ ငါကို သောတာပတ္တိမဂ်ဉာဏ်ဖြင့် သမုစ္ဆေဒ၊ အကြွင်းမရှိ ပုဒ်ဖြတ် ပယ်သတ်ခဲ့လေပြီ၊ ထို့မှတဆင့် - ကြွင်းကျန် သော တဏှာနဲ့ မာန) ၂-ပါးကို ခေါင်းပါးရုံ၊ သေး သိမ် ရုံ၊ အား ငယ် ရုံ သာ ပယ်သတ် နိုင်သော သကဒါဂါမိ မဂ်ဉာဏ်၊ အနာဂါမိ မဂ်ဉာဏ် ၂-ဆင့် ဟူ၍ ခွဲခြမ်းဝေဘန်၍ သိကြလေကုန်၊ တဏှာနဲ့မာန ငါ ၂ ချက်ကို အရဟတ္တမဂ်ဉာဏ်ဖြင့် တွန်းလှန်-ဖြိုဖျက် နိုင်သည် မှတ်ကြကုန်၊ ဤကား—ပရိယတ္တိသာသနာအရ ရှင်းပြလိုက်သည်။

ပြဆို ရေးသားခဲ့သော ငါ၃-မျိုး၊ ပါဠိခေါ် အတ္တ ၃မျိုးကို တအောင့် တခဏ တနာရီမျှလောက်နဲ့ တချိန်တည်း-

တချိန်တည်း ပယ်သတ် နိုင်သော ဉာဏ်ကို အရဟတ္တ မဂ်ဉာဏ်ဖြင့်သက်ဆိုင်သော အနတ္တလက်နက်ကြီးဖြစ်သည့် မှတ်လေ၊ (သာဓကမှာ) အင်္ဂုလိမာလ၊ သန္တတိအမတ်၊ ဒါရုစိယမထေရ်၊ အရှင်ပုဏ္ဏပန်-စသော အရိယာ ကြီးဘို့၏ ဉာဏ်ကို သိကြလေကုန်၊ (ခဏိကအချက်နဲ့ လိုက်ပြီးတွက် မနေနဲ့ မောမယ်မှတ်။)

## အတ္တ-ငါပိုင် ဘာသာပြန် ရှင်းမယ်။

ငါပိုင်မယား လုပ်သလား ငါပိုင်လင် လုပ်သလား လုပ်တယ်၊ လုပ်ရင်စဉ်းစားပြီးတွေးလိုက်စမ်း။ တွက်ကြည့်လိုက်စမ်း၊ (ပြောမယ်-ရေးမယ်) ဒိမိန်းမကို မဂ်လာဆောင်၍ ယူ ဘုံးက ခန္ဓာတဘုံးလုံး အကုန် ငါပိုင် လုပ်ထားတယ် မဟုတ်လား၊ ဟုတ်တယ်၊ ငါပိုင်အစစ်၊ ငါ့မယားအစစ်၊ ဘာပြောမလဲ၊ ဘာရေးမလဲ၊ (ကိုင်း-ငါပိုင် မယားဟူ၍ လက်မှတ်ထိုးလိုက်စမ်း၊ ထိုးတယ်ဘာဖြစ်သလဲ၊ ရေစစ္စရိ ပြုလုပ်ပြီးပလား၊ ပြီးပြီ၊ မှတ်ပုံတင်ပြီးပလား၊ နံပါတ်ကုန် မှတ်ပုံတင်တယ်၊ လက်မှတ် ထိုးပြီးပြီဆိုစမ်း၊) မင်းကငါပိုင် လုပ်ထားတဲ့ မဂ်လာဆောင်တုံးက ခမ်းဝင်ပြုလုပ်၊ အပိုင် စာချုပ်လုပ်ထားတဲ့ မင့်မိန်းမရဲ့ ခန္ဓာကိုယ်ထဲက (နှပ်) ကို ထွက်လာရင်ညှစ်လို့ပြစ်ရင်၊ သိမ်းယူထားလိုက် မင်းအပိုင် လုပ်တဲ့မယားရဲ့ ခန္ဓာထဲကယိုစီးထွက်ကျသမျှ မျက်ရေတွေ ချွေးတွေကို ခွက်တခုခုနဲ့သို့မဟုတ်-ပုလင်းတွေနဲ့၊ စဉ့်အိုး တွေနဲ့၊ တိုင်ကီတွေနဲ့ ထည့်ထား၊ ပြန်သိမ်းထား၊ နဲ့နဲ့မှ

မပျောက်စေနဲ့၊(အပိုင်စာချုပ်) ပြုလုပ်သုံးက ဒိပင္ဂညီးတွေဟာ ခမ်းဝင်ပါတယ်ခဲ့ဟုတ်လား၊ (နှားထောင် မဆုံးသေးဘူးဟဲ့ အတ္တရဲ့၊အန္တရဲ့၊ဗာလရဲ့၊ ဥမ္မတ္တကရဲ့၊ ငရဲသားရဲ့၊ သာသနာတွင်း၌ လူဖြစ်ကျိုး မနပ်တဲ့ ဆန်ကုန်မြေလေးရဲ့၊) မင့်ခန္ဓာ၊ မင့်မယားခန္ဓာ မင့်လင်ခန္ဓာ၊ မင့်ရဲ့သားသမီး မြေးမြစ်တွေရဲ့ခန္ဓာ(ငါပိုင်-ကျွဲ၊နွား မြင်း၊ဆွေး၊ကြက်၊ဌက်တို့ကိုဖယ်ပါ) အန္တရဲ့ခန္ဓာ၊ အန္တပိုင်ရှင်ရဲ့ မိန်းမ-ယောကျ်ားတို့ကဖြတ်လို့ပြစ်တဲ့ ဆံပင်၊ မွေးညှင်း၊ ခြေသည်း-လက်သည်းအစ၊ တံတွေးနဲ့ သလိပ် ဟူသမျှ ဘိုပါ လွှင့်မပြစ်နဲ့လေ၊ ဘာ့ကြောင့်- (ငါပိုင်ထဲမှာ) အကုန် အင္ဂော ၇၀ မှတ်၊ (ကျင်ကြီးကျင်ငယ်တွေကို) ထည့်ပြီး စဉ်းစား စရာ မလို၊ ရိပ်မိကြစေ ယောဂီတွေ၊ကဲ၊ငါပိုင်လုပ်ကြအုံး၊(ဒိဉာဏ်ကို) တကိုယ်တည်း ထွက်သက် ဝင်သက် ရှုရှိက်နေလို့ မသိပါဘူး။

---

ဆရာနဲ့ တပည့် ၂-ယောက်မှ သမ္မာဒိဋ္ဌိဉာဏ်ကိုရ။

ပရတောဃောသောစ ယောနိသော မနသိကာရောစ၊
ဒွေပစ္စယာ သမ္မာဒိဋ္ဌိယာ ဟောတိ။ ။

ပရတောဃောသောစ၊ သူတပါးကိုဟောပြတတ်သော သပ္ပုရိသဆရာမြတ်သည်၎င်း။ယောနိသောမနသိကာရောစ ဟောပြသော တရားသဘောကို- စိတ်နှလုံး၌ မှတ်သားသွားများသော ယောဂီတပည့်သည်၎င်း။ ဒွေပစ္စယာ၊ဆရာနဲ့

တပည့် ၂- ပါးသော အကြောင်းကြောင့်၊ သမ္မာဒိဋ္ဌိယာ၊ ဖြောင့်မှန်သော အယူပညာစခမ်းကို ရနိုင်သည်၊ ဟောတိ၊ ကောန်မျှ အရိယာဖြစ်ရသေ၏။

ရှင်းတန်းမှာ- တရားဟောဆဲ တရားနာရင်း၊ တနည်း- တရားနာပြီးတော့မှ စဉ်းစားဆင်ခြင်ရင်း သမ္မာဒိဋ္ဌိညာဏ်ကို ရနိုင်သည်မှတ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်သည်မှတ် အရိယာဖြစ်နိုင်သည် မှတ်လေ၊ (စဉ်းစားတယ် ဆင်ခြင်တယ် ဆိုဒါဘာကိုလဲ ဆရာဟောပြသော ရုပ်တရား နာမ်တရားတို့၏ အနိစ္စလက္ခဏာစသည်ကို မှတ်လေ) အချို့က ထင်ပုံမှာ- အာနာပါန သမထခေါ် ထွက်လေ- ဝင်လေကို ရှုဖန်များလျှင် ရုပ်နာမ်အလိုလို သိမြင် ဘို့ သူ့ဘာသာသူ ပေါ်လာရမယ် ယူကြ၏၊ (မပေါ်နိုင်ဘူး) သူ့ဘာသာသူ ပေါ်ဘို့ဝေးစွ တမင်ဘကာဘဟောနိုင်သမျှဟော နာနိုင်သမျှ နာယူလေ့လာဒါတောင်မှ ရုပ်တရားကိုမမြင် ယောကျ်ား- မိန်းမကိုသာ မြင်နေကြ၏။

သမထတရားထဲက ဝိပဿနာပညာ
အလိုလိုပေါ်၍ မလာနိုင်မှတ်။

ဘုရားလက်ထက်တော်က တရားထပွဲတပွဲ၌ ရသောင် မပါ၊ သိန်းသန်းမပါ၊ ၈၄၀၀၀-အကျွတ်တရားကို ရတယ် ဆိုဒါ အနဲဆုံးအောက်တန်း ကလျာဏပုထုဇ္ဇဉ် ပါတယ်လို့ ပုဒ်ပြတ်မှတ်၊ (ကလျာဏဆိုဒါ ရုပ်တရား နာမ်တရားကို ပိုင်းခြား၍သိမြင်ဒါ ဆင်ခြင်တတ်ထာကိုမှတ်လေ)ဟောသူ

နာသူ ၂-ဦးရှိမှ အရိယာ ဖြစ်နိုင်တယ်မှတ်၊- (သမထကို တယောက်ထဲ ထိုင်ပြီး) ဘယ်လိုပင်- အားထုတ်သော်လဲ (ပရမတ္ထသဘာဝ) ရုပ်တရားနာမ်တရားတို့၏ အနိစ္စအချက် ဒုက္ခအချက်- အနတ္တအချက် ဘယ်နည်းနဲ့မှ သူ့အလိုလို မပေါ်နိုင်။

သမထတရားနဲ့ ဝိပဿနာတရား ခြားနားချက် သိကြစေ၊သမထတရားဘာလဲမေးကြဖြေကြဝိပဿနာတရားက ဘာလဲလို့ မေးကြဖြေကြတော့ ခွဲဆို့ဘို့ နိုးကြပြီ ယောဂီတို့။

## လူ့ဘဝက ရှာဖွေစုဆောင်းခဲ့သော ဂုဏ်ထပ်သော ငရဲသွားဘို့ ခရီးစရိတ်။

(သံဝေဂ) နွား၊ ခွေး၊ ကြက်၊ ခွေ၊ ဘဲ၊ ဆင်၊ မြင်း၊ ကျား၊ ကြောင် စသော ကုန်းပေါ်၌ ကျက်စားမွေးဖွားကြသော-သတ္တဝါမျိုးစုံ၊ ငါး၊ ပုဇွန်၊ မိချောင်း၊ လိပ်စသော ရေထဲ၌ ကျက်စား မွေးဖွားကြသော- သတ္တဝါမျိုးစုံ၊ ကောင်းကင်ပျံသတ္တဝါမျိုးစုံ (တိရစ္ဆာန်) ဘဝ၌ ငါးပါး သီလကိုပျက်စီးဘို့ ကြိုးလွှန်ဘို့ မပြုနိုင် ငရဲကျဘို့ ဒုစရိုက် ၁၀-ပါးကို မပြုနိုင် မလုပ်နိုင်မှတ်။ ဗုဒ္ဓဘာသာပုထုဇဉ်တို့ အပေါ်မှာ- အာဏာဒေသနာတော်ဖြင့် ပိတ်ပင်ပညတ်၍ ထားသောငါးပါးသီလဖြစ်တယ်၊ဒုစရိုက်၁၀-ပါးဖြစ်တယ် အဖွဲ့ဗာလလူသတ္တဝါနဲ့တိရစ္ဆာန်တကောင်ကောင်သတ္တဝါ နဲ့-ဘယ်သူက သီလငါးပါးကိုကြိုးလွှန်သလဲ၊ ဘယ်သူက

ဒုစရိုက် ၁၀-ပါးကိုပြုကြသလဲ စဉ်းစားစေဘန်၊ ကျမ်းဂန်မှာပါတဲ့အတိုင်း ဖော်ရလျှင်-

၁ ဒေဝဒတ်- လောဟကုမ္ဘီငရဲသား။
၂ အဇာတသတ်- ဥဿဒငရဲသား။
၃ ဒု-သ-န-သော- သူဌေးသား သံဒယ်အိုးငရဲသား။
၄ ရေဝတီမိန်းမ- အဝီစိငရဲသူမ။
၅ စိဉ္စမာဏ- အဝီစိငရဲသူမ။
၆ သုပ္ပဗုဒ္ဓရှင်ဘုရင်- အဝီစိငရဲသားကြီး။
၇ မလ္လိကာမိဖုရားကြီး- ငရဲသူမကြီး။

ဒီပုဂ္ဂိုလ်တွေအစ ငရဲသို့ကျရသော သွားရောက်ကြရသော စရိုက်ငွေနဲ့တူတဲ့ အကုသိုလ်ကို ဒီလူ့ဘုံလူ့ဘဝကမှ ရှာတွေ့ စုဆောင်းနိုင်သည်ဖြစ်ကြ ယောဂီတို့။ ဘယ်-ဆင်က၊ဘယ်မြင်းက၊ ဘယ်ကျွဲက၊ဘယ်နွားကဘာကိုပြုကျင့်လို့ ငရဲကျတယ်လို့ ကျမ်းဂန်၌မတွေ့ဘူး။ပိုင်းဖွဲ့တိုင်ပင်အစည်းအဝေးပွဲ၌ဘတ်ပြ ကျယ်ကျယ်ဘတ်စမ်းပါ။ ငါးပါးသီလစောင့်ထိန်းဒါ- ဒီလူမျိုး၊ ပျက်ထာ- ဒီလူမျိုး၊ အာမဘာဏ္ဍခံယူဒါ- ဒီလူမျိုး၊ သီလပေးဒါ ဒီလူမျိုး၊ သီလမယုံဒါလဲ ဒီလူမျိုး၊ အပါယ်ကြောက်ထာ- ဒီလူမျိုး၊ အပါယ်ကျဒါ ဒီလူမျိုး၊သူ့ချားကိုအတင်းပြောဒါဒီလူမျိုး၊ သူများအပြစ်ကို ရှုဒါ, ပြောဒါ, ရေးဒါ ဒီလူမျိုး၊ ငရဲစရိတ် စုဆောင်းဒါ ဒီလူမျိုး-ပုဒ်ဖြတ်မှတ်။ သောတာပန်မဖြစ်က အပါယ်မကျလို့ စိတ်မချရ။

......:o: .....

## ယောဂီမယ်များ တရားပွဲ၌ သံပြိုင်ဆိုရန် ဗုဒ္ဓရာဇာ သံပေါက်။

သာသနာငါးထောင်၊ ထိန်ဝေပြောင်၊ နေရောင်မကလင်းပါစေ။
ဗုဒ္ဓရာဇာ၊ စောင့်ရှောက်ခါ၊ အာဏာပြရှုံးမစေ။
ဓမ္မအာဏာ၊ စက် ၂-ဖြာ၊ ဖက်ခါယှဉ်တွဲမြဲပါစေ။
သီလသမာ၊ မြတ်ပညာ၊ သိက္ခာသုံးဝ သိပိုင်စေ။
ဓမ္မစကြာ မိဂဒါ ဟောကာညွှန်ပြပွင့်ကြစေ။
ကိုယ်စိတ်ပင်ပန်း၊ ကာမလွှမ်း နှစ်လမ်းပယ်ချလမ်းပြစေ။
မယုတ်မလွန်၊ ခန္ဓာဝန်၊ လမ်းညွှန်ဒိဋ္ဌိကွာကြစေ။
ပဉ္စဝဂ္ဂီ မြတ်တောမှိ၊ သိဂီရွှေခွက် သိကြစေ။
မဂ္ဂင်ရှစ်တန်၊ တရားမှန်၊ နိဗ္ဗာန်ရောက်ကြောင်း ဟောပြစေ၊
ငါးရပ်ခန္ဓာ လက္ခဏာ၊ ဉာဏ်မှာသိဘို့ တွေးကြစေ။
အနတ္တသံ၊ ဆူဆူညံ၊ မဂ်ဉာဏ်ရကြရသေ့တွေ။
ပရမတ်ဉာဏ်၊ မြတ်သံဆာံ၊ ဗုဒ္ဓံဆည်းကပ် ဦးနှိပ်ချေ။
တရားမမြင်၊ ဘုရားရှင်၊ ဉာဏ်စဉ်မတွေ့မှားကြစေ။
တရားသိမြင်၊ ဘုရားရှင်၊ ခိုဝင်ဆည်းကပ်မှီးကြစေ။
လူဝတ်ရဟန်း၊ ရှင်ရဟန်း၊ ၂-လမ်းသိကြအားထုတ်စေ။
အရိယာမှန်၊ မဂ်ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ရမှကြေစေ။
ထိပေါက်ခုခါ၊ သာသနာ၊ ကြုံလာတရားရကြစေ။
တရားသိပြီ၊ မြတ်ယောဂီ၊ ထိုဤဘဝပြတ်ကြစေ။
မြို့တိုင်းပြည်ရွာ၊ သာသနာ၊ ပမာနေလ,လင်းပါစေ။
ယောဂီများစွာ၊ ပို့မေတ္တာ၊ မြန်စွာခဏပြန့်နှံ့စေ။

---

## ဗုဒ္ဓရာဇာတေးထပ်။

ရုပ်နာမ်ဆို ဝါဒမျိုးအုပ်စိုးဘို့ချိန်တော် မြတ်ဗုဒ္ဓရာဇာ ခေါ် သည် ကမ္ဘာပေါ် ထင်ရှား - သုံးဆဲ့တစ်ဘုံခရိုင်-အကုန်နိုင်ပွင့်မဲ့ဘုရား၊ မှောင်မိုက်လို့နေမင်းလာပြေတွင်းမှာကြည့်ပြား၊ အပူစုံမျက်စိမှားသူတို့ မျက်စဉ်းများဆောင်ပါ၊ ဘာသာမှာ သာသနာဆင့် ရာဇာဖြင့် ထွက်လိမ့်မကြာ

ဗိဝါဒမျိုးပုံရှာလျှင် ပြင်းခုံစရာ အန္တရာယ်ပွားမည့်မို့၊ ရန်စွယ်များ သုံးကပ်အပူ ဆွဲဖြတ်မဲ့သူ နှလုံးခေတ် စွဲကပ်အယူကို ခွဲဖြတ်မှု ရှာကြံတော့လေး—အနဂ္ဃသာသနာကို ငါမပါပြုတတ်မှ အေး။

သာသနာ ဘာသာတက်မည်မို့ ရေစာဆက်ထွန်းမည်၊ အဘောဘာစက် ခွန်းဟာ တည်သည်—ထွန်းပြရည်၊ ချင့်တွေး၊ ဝိမုတ္တိအခါကြုံမည့် ရတနာပုံ ဆိုက်တို့ပြည်ငေး။ ယောဂီတို့ ခွင့်လမ်းသာမည့် ရွှင်လန်းစွာစိတ်အေး ဓနစုံ ရွှေငွေကြေး ရယ်နှင့် ပြေနေရေးပုံစွာ တရားတော် မျှော်ခါ တ ကြ တော့၊ သော်တာလ လင်းသည့်ခေတ်ခါ၊ မြတ်ဗုဒ္ဓဒိဋ္ဌိ သည် လာချိန်ခါဘဲမို့ ဘာသူလဲသိသိလျှင်ကြည့်ဘတ်မှမြ ပဋိပတ် တက်ငြမ်းထွ သည့် မဂ်လမ်းမြင် အားထုတ်ကြ လေး-ဇာတိဂုဏ်တတ်အပ်လာတယ် မြတ်ရာဇာ ဆုံးဖြတ်မှ အေး။

ဇာတိဂုဏ် ကြည့်ဖတ်များပေမဲ့သိတတ်မှသိမယ် ဝိစပ် ပရိယတ်လယ်မည့် ပဋိပတ်ဝယ်ပုံစမ်း၊ ဒိဋ္ဌိပြုတ်ပညာတ်ကွ သျှင် လင်းမြတ်ရာ ထွက်မြောက်တို့လမ်း။ သဘာဝ ခက်ခဲပုံမှာ နက်နဲပုံစာကန်း- ပရိယာယ် သန္တယ်ငြမ်းကိုဖြင့် ဖုံးလွှမ်း၍တင်ခါ၊ တလိန်ကို ၂—လိန်ဆင့် ကဝိန်ဖြင့် တွေးတော့ပညာ ပွင့်ချိန်သင့် လက္ခဏာကို အထက် စာမျိုး ပုံ မမှီးလေနဲ့ ဖေါ်ပြီးသား ဆေးဆရာ - ခုပွေ့အောင်ရှာ။ ဒသဘောကြီး ကိုယ့်ခန္ဓာ ကိုယ့်ဉာဏ်သာ ရှာခမ်းပလေး- -ဆရာကောင်းမရှိပါလျှင် ဤကမ္ဘာကြာအုံးဘော့လေး။

၁၃၁၆-ခု၊ ကဆုံလဆန်း ၁-ရက် ဗုဒ္ဓဘာဇာဒိပနီမွေးနေ့။